ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (30-4-2014) (၇၈၂၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် မေ ၁ ရက်၊ ၂ ရက်တို့တွင် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ အသံလွှင့်မိန့်ခွန်းကို မေ ၁ ရက်ထုတ် သတင်းစာများတွင် အပြည့်အစုံဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သီလဝါစက်မှုဇုန်စီမံကိန်းနှင့် သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှိဟီကို နိုဒနှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ဘဏ္ဍာလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ သီလဝါစက်မှုဇုန်စီမံကိန်းနှင့် သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းအား အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

ဘက်စုံကြိုးစား လူငယ်များ — စာမျက်နှာ - ၂

မြေယာကိစ္စ အငြင်းပွားမှုများရှိပါက ဥပဒေနှင့်အညီ ဖြေရှင်းရမည် — စာမျက်နှာ - ၅

နွေမှာပွင့်သော ပညာပန်း လန်းစွင့်ထုံကြိုင်စွာ — စာမျက်နှာ - ၆

မြိတ် - ကျွန်းစုခရီး ရုပ်ပြေးအမြန်ရေယာဉ်များ တိုးချဲ့ပြေးဆွဲပေးမည်

သတင်းနှင့် ဓာတ်ပုံ - မိုးဟိန်း(မြိတ်)

မြိတ် ဧပြီ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် မြိတ်မြို့နယ်မှကျွန်းစုမြို့နယ်သို့ ကြံတိုင်းအောင်(၃) ရုပ်ပြေးအမြန်ရေယာဉ်ဖြင့် မြိတ်-ကျွန်းစုအသွားအပြန် သီးခြားခရီးစဉ်များကို နေ့စဉ်တစ်ရက်လေးကြိမ် ပြေးဆွဲပေးပြီးနောက်ပိုင်း ယခင်ပြေးဆွဲနေသော ခရီးသည်တင်စက်လှေ၊ ရေယာဉ်ကြီးများသည် ခရီးသည်နည်းပါးလာပြီး ဆက်လက်ပြေးဆွဲရန် အခက်အခဲဖြစ်လာရခြင်းကြောင့် စက်လှေ၊ ရေယာဉ်ကြီးများအစား ရုပ်ပြေးအမြန်ရေယာဉ်များ တိုးချဲ့ပြေးဆွဲရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း စက်လှေပိုင်ရှင်များထံမှ သိရသည်။

ဆယ်စုနှစ်များစွာကာလအတွင်း ရေယာဉ်ကြီး ကိုးစင်းဖြင့် မြိတ်မြို့မှ ကျွန်းစုမြို့သို့ နေ့စဉ် အလှည့်ကျစနစ်ဖြင့် ဌာနဆိုင်ရာရုံးဝန်ထမ်းများ၊ ခရီးသည်များနှင့် ကုန်ပစ္စည်းများတင်ဆောင်ကာ ပြေးဆွဲလျက်ရှိရာ ရုပ်ပြေးအမြန်ရေယာဉ်များသည် ကျွန်းစုမြို့နယ်ခရီးစဉ်များ ဝင်ရောက်ပြေးဆွဲလာပြီး အချိန်တိုအတွင်း ခရီးသွားလာမှု မြန်ဆန်လာခြင်းကြောင့် ရုပ်ပြေးအမြန်ရေယာဉ်များတွင် လိုက်ပါစီးနင်းသူများပြားလာသဖြင့် ရေယာဉ်စီးနင်းသူ သိသိသာသာ လျော့နည်းလာကြောင်း စက်လှေပိုင်ရှင်တစ်ဦးက ပြောသည်။ "အရင်က ခရီးသည် ဦးရေ ၈၀ မှ ၁၀၀ ကြား လိုက်ပါစီးနင်းပေမယ့် ယခုအခါ ၁၀ ယောက်တောင် မပြည့်တော့တာကြောင့် ခရီးစဉ်ကို ဖျက်ထားရပြီး စက်လှေ၊ ရေယာဉ်ကြီးများအစား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ စာတည်းရှုထောင့် ၃၀-၄-၂၀၁၄ [ဗုဒ္ဓဟူးနေ့]

ဘက်စုံကြိုးစား လူငယ်များ

ဘက်စုံထူးချွန်သည့်လူငယ်များ ငွေဆောင်၊ ပုဂံ၊ အင်းလေး အပန်းဖြေခရီးစဉ်အစီအစဉ်များ စတင်ဖွင့်လှစ် ဆောင်ရွက်နေကြသည်ကို မြင်တွေ့ရပါသည်။ အဆိုပါအစီအစဉ်များပြီးဆုံးပြီးနောက် နေပြည်တော်တွင် အားလုံးဆုံစည်းကာ အတွေ့အကြုံအသိအမြင်ချင်းဖလှယ်ကြပြီး နိုင်ငံ့သားကောင်း၊ သမီးမွန်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဦးမည်ဖြစ်သဖြင့် ထိုလူငယ်များအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ထိုလူငယ်များကို ထိုသို့ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးနေခြင်းသည် ထိုလူငယ်များ ဉာဏ်ရည်မြင့်မားရုံသာမက မိမိကိုယ်ကိုယုံကြည်အားကိုးသည့် စိတ်ဓာတ်များဖြင့် အများအကျိုးကိုသယ်ပိုးဆောင်ရွက်လိုသူများ၊ လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်တတ်သူများ၊ ဦးဆောင်မှုပေးနိုင်သူများ၊ အမိန့်နာခံတတ်သူများ၊ ပြုမူပြောဆိုကြံစည်မှုတို့တွင် စံနမူနာပြဖြစ်သူများ၊ စုပေါင်းသွားလာနေထိုင်တတ်သည့် အလေ့အထကောင်းရှိသူများ၊ အနည်းစု၏ဆန္ဒကို အလေးဂရုပြုသူများ၊ အများစု၏ဆန္ဒကို လိုက်နာဆောင်ရွက်တတ်သူများ၊ မိမိတို့၏ အမျိုးသား ယဉ်ကျေးမှုဓလေ့ထုံးစံများကို နှစ်သက်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်တတ်သူများနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာခြင်းတို့အတွက် အဘက်ဘက်က ယုံကြည်အားကိုးရသည့် နိုင်ငံ့အကျိုးပြုလူငယ်လူရွယ်များစသည့်အချက်များနှင့် ပြည့်စုံစေလိုသော ထူးချွန်လူငယ်စီမံကိန်း၏ ရည်ရွယ်ချက်များမှာ အထူးကောင်းမွန်လှပါသည်။

နိုင်ငံတော်အနေဖြင့် ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်များကို ထိုသို့ဂုဏ်ပြုချီးမြှင့်ခြင်းသည် ယခုမှ စတင်လုပ်ဆောင်ခြင်းမဟုတ်ဘဲ လွန်ခဲ့သည့်နှစ်များစွာကလည်း လုပ်ဆောင်ခဲ့ဖူးပါသည်။ ထိုသို့လုပ်ဆောင်ခဲ့ခြင်းကြောင့်လည်း ယနေ့နိုင်ငံ့အကျိုးသယ်ပိုးနေသော သားကောင်းများသည် တစ်ချိန်က ဘက်စုံထူးချွန်လူငယ်များပါဝင်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့သော် ဆယ်စုနှစ် နှစ်ခုစာမက မလုပ်ဖြစ်ခဲ့သော်လည်း ကြားကာလများတွင် ထူးချွန်လူငယ်များအား ဂုဏ်ပြုမြှောက်စားသည့်အစီအမံများကို သူ့နည်းသူ့ဟန်ဖြင့် လုပ်ခဲ့ပေသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ဘက်စုံထူးချွန်သူများ မတိမ်ကောသေးဟု ဆိုနိုင်ပါသည်။

ယနေ့အချိန်အခါတွင် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် အလေးထားဆောင်ရွက်ပေးရမည့်အချိန်အခါ ရောက်နေသည်ဟု ဆိုပါလျှင် ယနေ့လူငယ်လူရွယ်အများစုတို့၏ ပြုမူနေထိုင်မှုပုံစံများကို လေ့လာကြည့်လျှင် ငြင်းနိုင်မည်မဟုတ်ပါ။ ထို့အပြင် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးစေရန်အတွက်လည်း အရေးတကြီး လိုအပ်နေပါသည်။

ထို့ကြောင့် နိုင်ငံတော်ကဦးဆောင်ကာ ပညာရည်ထူးချွန်ပြီး ကျန်းမာကြံ့ခိုင်သော ကိုယ်ကျင့်တရားကောင်းမွန်သည့် အနယ်နယ်အရပ်ရပ်မှ ကျောင်းသားလူငယ်များကို စုစည်းပျိုးထောင်ကာ ဂုဏ်ပြုချီးမြှင့်ပေးခြင်းသည် အဆိုပါလူငယ်များအတွက်သာမက ကျန်ရှိသော လူငယ်လူရွယ်အမြောက်အမြားတို့အနေဖြင့်လည်း အတုယူအားကျဖွယ်ရာ ဖြစ်ပေလိမ့်မည်။ ယခုနှစ်တွင် ရွေးချယ်ခြင်းမခံရသော လူငယ်များအနေဖြင့်လည်း နောင်နှစ်များတွင် ရွေးချယ်ခြင်းခံရအောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြပေလိမ့်မည်။

ထိုသို့မွန်မြတ်ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ဘက်စုံထူးချွန်လူငယ်များအား ချီးမြှင့်အားပေးခြင်းသည် နိုင်ငံ့အနာဂတ်အတွက် မလွဲမသွေ အားတက်ဖွယ်ဖြစ်ပေသည်။ အဆိုပါချီးမြှင့်ခြင်းခံရသည့် လူငယ်တိုင်းအနေဖြင့်လည်း မိမိတို့၏ကြိုးစားအားထုတ်မှုသည် စံပြုလောက်သဖြင့် နိုင်ငံတော်ကချီးမြှင့်ခြင်းဖြစ်သည်။ မိမိတို့ကို နိုင်ငံတော်က အသိအမှတ်ပြုချီးမြှင့်ဂုဏ်ပြုမှုကို ထာဝရစွဲမှတ်ယူပြီး မိမိတို့၏ဘဝသက်ဆုံးတိုင် အမိတိုင်းပြည်ကို အလုပ်အကျွေးပြုခြင်းဖြင့် နိုင်ငံတော်၏ကျေးဇူးကို ပြန်လည်ပေးဆပ်ကြရမည်ဟု ခံယူထားရပေလိမ့်မည်။

ထို့အပြင် ရည်ရွယ်ချက်ပါအတိုင်း မိမိပတ်ဝန်းကျင်မှ လူတန်းစားမရွေးလူငယ်လူရွယ် အချင်းချင်းတို့အပေါ်တွင် ချစ်ခင်ရင်းနှီးစွာဆက်လက်နေထိုင်ပြုမူဆက်ဆံကြပြီး အခြားလူငယ်များကိုလည်း မိမိတို့ကဲ့သို့ ဘက်စုံထူးချွန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်အောင် စည်းရုံးခေါ်ဆောင်ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ သို့မှသာ တိုင်းပြည်တစ်ပြည်လုံးရှိ လူငယ်လူရွယ်များအားလုံးနီးပါး လူကောင်းလူမွန်များဖြစ်ကာ အနာဂတ်အမိနိုင်ငံတော်ကြီး သာယာဝပြောအေးချမ်းဖွံ့ဖြိုးဝေစည်နေမည်ဖြစ်ပါသည်။ ။

စားနပ်ရိက္ခာဖူလုံစေရေး ရေရှည်တည်တံ့သော ငါးမွေးမြူရေးလုပ်ငန်းမြှင့်တင်ဆောင်ရွက်

နေပြည်တော် မေ ၂၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် နယ်သာလန်နိုင်ငံ The Hague မြို့ရှိ World Forum Theater ၌ မေ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် Global Oceans Action Summit for Food Security and Blue Growth အပြည်ပြည်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကမ္ဘာ့လူသားများ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် ဖြည့်ဆည်းပေးလျက်ရှိသည့် ပင်လယ်သမုဒ္ဒရာများရှင်သန်တည်တံ့ရေးကို ကမ္ဘာ့နိုင်ငံများဝိုင်းဝန်းပူးပေါင်းကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါအစည်းအဝေးပွဲတွင် ဒုတိယဝန်ကြီးက ပင်လယ်သမုဒ္ဒရာများရှင်သန်ဖြစ်တည်ရေးအတွက် ယခုအစည်းအဝေး၌ ဆွေးနွေးမှုများသည် လက်တွေ့ကျသောဖြေရှင်းမှုနည်းလမ်းများဖြစ်သည်ဟု အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဌာန (SEAFDEC)သည် အာဆီယံဒေသတွင်း ငါးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသောအဖွဲ့အစည်း တစ်ခုဖြစ်ပြီး ဘင်္ဂလားနိုင်ငံများနှင့် BOBLME စီမံကိန်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် အဆိုပါဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ စားနပ်ရိက္ခာဖူလုံစေရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များထိန်းသိမ်းရေးကို ဆောင်ရွက်မှုနှင့်အတူ ရေရှည်တည်တံ့သောငါးမွေးမြူရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပင်လယ်ပြင်မှ ငါးဖမ်းဆီးထုတ်လုပ်မှုလျော့ချမည်ဆိုပါက မွေးမြူထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် ငါး/ပုစွန်မွေးမြူရေးကန်ဧက ၄၄၀၀၀၀ ကျော်ရှိရာ ငါးမွေးမြူရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများရှိကြောင်း ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် နယ်သာလန်နိုင်ငံတွင်ရောက်ရှိစဉ်ကာလအတွင်း မေ ၂၂ ရက်မွန်းလွဲပိုင်းတွင် နယ်သာလန်စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးသုတေသနဌာနရုံးခန်း၌ EU နှင့် မြန်မာနိုင်ငံအကြား ငါးမွေးမြူမှု၊ ဖမ်းဆီးမှုပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည့် နယ်သာလန် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးသုတေသနဌာနမှ ပညာရှင်များ၊ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်ရှိ CBI မှ စီမံကိန်းမန်နေဂျာတို့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် နယ်သာလန်နိုင်ငံမှ ငါးလုပ်ငန်းဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့လာရောက်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများအား လေ့လာနိုင်ရေးကိစ္စရပ်များဆွေးနွေးခဲ့သည်။ ထို့နောက် မေ ၂၃ ရက်တွင် Amersfoort မြို့ရှိ Friesland Campina နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရုံးတွင် ကုမ္ပဏီအမှုဆောင်ဒါရိုက်တာအဖွဲ့ဝင် Mr. Freek Rijna နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် နို့ထွက်ပစ္စည်းဖွံ့ဖြိုးရေးအစီအစဉ် ဖော်ဆောင်နိုင်ရေးကိုလည်းကောင်း၊ Leeuwarden မြို့ရှိ Dairy Campus နို့စားနွားသုတေသနမွေးမြူရေးလုပ်ငန်းတွင် Wageningen တက္ကသိုလ်မှ Dr. Ivo Claassen, Program Manager International Cooperation၊ Ms. Eke Folkerts, Office Medewerker တို့နှင့်တွေ့ဆုံ၍ မွေးမြူရေးတိရစ္ဆာန်များ ကူးစက်ရောဂါ ကင်းစင်ရေးနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းတို့တွင် မြန်မာနိုင်ငံအား ပံ့ပိုးကူညီနိုင်မည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ပြီး Leeuwarden မြို့ရှိ Friesland Campina နို့ချက်စက်ရုံကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	မေ	၂၉		
ရန်ကုန်	ရွှေဈေး	၆၆၁၁၀၀	-	၆၆၂၁၀၀
မန္တလေး	ရွှေဈေး	၆၆၁၁၀၀	-	၆၆၂၁၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၂. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၃. ၈၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၈၀၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၃၇
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၆၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၃၈. ၅၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၁၁၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၉. ၀၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၅. ၅၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Anthony John Lynch အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် နယူးဇီလန်နိုင်ငံမှ နည်းပညာနှင့် အတွေ့အကြုံများ ဆက်လက်ကူညီပံ့ပိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် နိုင်ငံတကာစီမံခန့်ခွဲမှုအတိုင်ပင်ခံကောင်စီ၏ အာရှ-ပစိဖိတ် ဇုဟိုအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၉

၂၀၁၄ ခုနှစ် နိုင်ငံတကာ စီမံခန့်ခွဲမှု အတိုင်ပင်ခံကောင်စီ၏ အာရှ-ပစိဖိတ် ဇုဟိုအစည်းအဝေးကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်အမှုဆောင်များနှင့် ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ကျယ်ကျယ်ပြန့်ပြန့် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကြီးများမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု နယ်ပယ်အသစ်များ ရှာဖွေဆောင်ရွက်သွားနိုင်မည့် အခွင့်အရေးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ရွှေရောင်နယ်မြေတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၊ ဖွံ့ဖြိုးရေးဆောင်ရွက်လိုသူများအား လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတွင် မြန်မာ့စီမံခန့်ခွဲမှုအတိုင်ပင်ခံသိပ္ပံ (Institute of Management Consultants Myanmar) မှ ကွန်ပျူတာ ၂၂ လုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထားသည့် Mobile School ယာဉ်အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်လာသည့် သက်ဆိုင်ရာတာဝန်ရှိသူများက Mobile School ယာဉ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ယာဉ်အတွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ Mobile School ယာဉ်ဖြင့် ကျေးရွာများအရောက်သွားရောက်၍ လူငယ်များအတွက် ကွန်ပျူတာအခြေခံသင်တန်းများ၊ ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ အိမ်ရှင်မများအတွက် အသေးစားငွေရေးကြေးရေး စီမံခန့်ခွဲမှုသင်တန်းများကို တစ်နေ့လျှင် သင်တန်းချိန် သုံးချိန်ခွဲ၍ ပို့ချပေးသွားမည်ဖြစ်ပြီး Mobile School ယာဉ်တစ်စီးသည် တစ်နှစ်လျှင် ကျေးလက်ပြည်သူ ၂၀၀၀၀ ခန့်အား ပညာရေးဝန်ဆောင်မှု ပေးနိုင်မည်ဖြစ်သည်။

Mobile School ယာဉ် အစီး ၁၀၀ အထိ တိုးချဲ့ဆောင်ရွက်သွားရန် လျာထားပြီး လူဦးရေ နှစ်သန်းခန့်အား နှစ်စဉ်အကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Singapore Lion XII အသင်း၏ ခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်

သတင်း - ရှိုင်းထက်ဇော်

AFC Challenge Cup ပြိုင်ပွဲဝင်မည့် မြန်မာလက်ရွေးစင်အသင်း၊ MNL ကလပ် နေပြည်တော်အသင်းနှင့် Singapore Lion XII အသင်းတို့၏ ခြေစမ်းပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲက MFF ရုံးတွင် ပြုလုပ်သည်။

ခြေစမ်းပွဲအဖြစ် မေ ၃၀ ရက် (ယနေ့)တွင် နေပြည်တော်အသင်းနှင့် Singapore Lion XII အသင်း၊ မေ ၂ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် Singapore Lion XII အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ သုဝဏ္ဏကွင်း၌ ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ Singapore Lion XII အသင်း၏ နည်းပြချုပ်ဖြစ်သူ ဖန်ဒီအာမက်က မိမိတို့အသင်းမှာ စင်ကာပူကစားသမားများဖြင့်သာ ဖွဲ့စည်းထားပြီး မလေးရှားစူပါလိဂ်တွင် သွားရောက်ကစားနေကြောင်း၊ စင်ကာပူလက်ရွေးစင်အသင်းအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး လက်ရွေးစင်ကစားသမား ၁၀ ဦးပါဝင်ကြောင်း၊ စင်ကာပူလက်ရွေးစင်နည်းပြဟောင်း အေဗရာမိုဗစ်ကိုင်တွယ်နေသည့် မြန်မာအသင်းနှင့်ခြေစမ်းခွင့်ရသည်မှာ လွန်စွာကံကောင်းပါကြောင်း၊ နေပြည်တော်အသင်းမှာလည်း AFC Cup ပြိုင်ပွဲတွင် ရှုံး/ထွက် အဆင့်သို့ တက်ရောက်နေပြီဖြစ်သည့်အတွက် ယခု ခြေစမ်းပွဲနှစ်ပွဲမှာ မိမိတို့အတွက် လွန်စွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ အတောင့်တင်းဆုံးလူစာရင်းဖြင့် ရလဒ် ကောင်းရရှိအောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Singapore Lion XII အသင်းမှာ ၂၀၁၃ ရာသီ မလေးရှားစူပါလိဂ်တွင် ချန်ပီယံဆုရရှိခဲ့သည့်အသင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်က AFC Challenge Cup ပြိုင်ပွဲအကြို အတွေ့အကြုံကောင်းများရရှိစေမည့် ခြေစမ်းပွဲဖြစ်ပါကြောင်း၊ ယခုအသင်းမှာ စင်ကာပူလက်ရွေးစင်အသင်းကဲ့သို့ တောင့်တင်းသည့်အသင်းဖြစ်ကြောင်း၊ အသင်းမှ ရွေးချယ်ထားသော ကစားသမားများမှာ လေ့ကျင့်ချိန်နည်းသေး၍ လိုအပ်ချက်ရှိနေသေးကြောင်း၊ ခြေစမ်းပွဲအမီ အလုံးစုံကောင်းမွန်ရန် မလွယ်သေးကြောင်း၊ ပြိုင်ပွဲတွင်ကောင်းမွန်ပြည့်စုံအောင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက မိမိတို့အသင်းအနေဖြင့် ခြေစမ်းပွဲကစားခွင့်ရရှိရန် စီစဉ်ပေးခဲ့ သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အသင်းမှာ AFC Cup ပြိုင်ပွဲရှုံး/ထွက်ပွဲစဉ်အတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး အတွေ့အကြုံကောင်းများရရှိစေမည်ဖြစ်ပါကြောင်း၊ ရလဒ်ကောင်းရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

*** ရှေ့ဖုံးမှ**

ရှပ်ပြေးအမြန်ရေယာဉ်များဖြင့် တိုးချဲ့ပြေးဆွဲသွားမည်”ဟု စက်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

မြိတ်မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး ရေလမ်းခရီးမှ ကုန်သွယ်မှုဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများ နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာပြီး တိုင်းဒေသကြီးအတွင်း ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက် ထားဝယ်-မြိတ်-ကော့သောင်း အသွား/အပြန်ခရီးစဉ်များကိုဟိုင်ဖိုင်၊ ဖော်ကျူးနှင့် ဧရာနဒီစသည့် ရှပ်ပြေးအမြန်ရေယာဉ်ကြီးများသည် အလှည့်ကျစနစ်မှ မိမိအစီအစဉ်ဖြင့် ပြောင်းလဲပြေးဆွဲလျက်ရှိပြီး မြိတ်-တနင်္သာရီခရီးစဉ်ကို ကြံတိုင်းအောင်နှင့် တို့တောရွာစသည့် အမြန်ရေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည့်အပြင် ဒေသခံပြည်သူများ ရေလမ်းခရီးမှ သွားလာရေး အဆင်ပြေစေရန်အတွက် ကြံတိုင်းအောင် (၃) အမြန်ရေယာဉ်ဖြင့် မြိတ်-ကျွန်းစုအသွား/အပြန် ခရီးစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီမှ စတင်၍ နေ့စဉ်အသွား/အပြန် လေးကြိမ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဂန္ဓမာ(၁)၊ (၂) ရှပ်ပြေးအမြန်ရေယာဉ်များသည်လည်း မြိတ်-ကျွန်းစုခရီးစဉ်ကို ဝင်ရောက်ပြေးဆွဲရန် စီစဉ်ထားပြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျွန်းရွာများသို့ နေ့စဉ်ပြေးဆွဲပေးနေခြင်းကြောင့် ဒေသခံပြည်သူများ ရေလမ်းခရီးမှ သွားလာရေးအဆင်ပြေလျက်ရှိသည်။ အမြန်ရေယာဉ်များသည် ခရီးသည် ထိုင်ခုံ ၁၀၅ ခုံ၊အလယ်ခုံထည့်ပါက ခုံ ၁၅၀ ခန့် လိုက်ပါနိုင်ပြီး အမြန်ရေယာဉ်ဈေးနှုန်း ကျပ် ၁၀၀၀ ဖြင့် မြိတ်-ကျွန်းစု အသွား/အပြန် ခရီးစဉ်ကို ၄၅ မိနစ်သာ ကြာမြင့်သောကြောင့် ရေလမ်းခရီးမှ သွားလာသော ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိသည်။ ကြံတိုင်းအောင်(၉) ရှပ်ပြေးအမြန်ရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ၊ ကံမော်ကျေးရွာ၊ မော်ခေါင်တုန်း၊ အလယ်မန်၊ ချောင်းကဖီး၊ ကြိမ်နီတောင်၊ ကြိမ်မဲတောင်နှင့် ကမ်းတောကျေးရွာများသို့ နေ့စဉ်နံနက် ၆ နာရီတွင် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းရေးရာ

၂၀၁၄ ခုနှစ်
ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း
၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့မှ မေလ (၄)ရက်နေ့အထိ

☆ ပြောင်းလဲလာသည့်မှု

နိုင်ငံတော်အစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနအတွက် ရန်ပုံငွေကို လေးဆအထိ တိုးမြှင့်ပေးခဲ့သော်လည်း ပြည်သူလူထုကိုပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းသည် ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်း ရှိမြဲရှိနေဆဲဖြစ်သည်ကို ထောက်ပြနေကြပါကြောင်း။

ကျန်ရှိနေသေးသည့် အစိုးရသက်တမ်းနှစ်နှစ်တာကာလတွင် ရေတိုဆောင်ရွက်ပေးနိုင်သည့် အပိုင်းအား မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ပေးသွားရန် လိုအပ်သကဲ့သို့ ရေရှည်ပြောင်းလဲမှုအတွက် လိုအပ်သောအုတ်မြစ်များကို ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ယခုခေတ်ကာလနှင့်ကိုက်ညီမှုရှိသည့် လက်တွေ့ကျသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်း၊ ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲခြားသွားရန် လိုအပ်ပါကြောင်း။

ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့သည့် ကျန်းမာရေးဘက်ဆိုင်ရာကော်မတီဝင်များနှင့် ပညာရှင်များပါဝင်သည့် လက်တွေ့ကျသော ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး၏ မိန့်မှာကြားချက်များဖြစ်သည့် ကျန်းမာရေးကဏ္ဍတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံးကို ဆန်းစစ်လေ့လာအကဲဖြတ်သွားရန်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း၊ ကျေးလက်ကျန်းမာရေး ပညာရှင်များပါဝင်သည့် အကြံပေးအဖွဲ့ ဖွဲ့စည်းဆွေးနွေးဆောင်ရွက်ရန်၊ ဆွေးနွေးပွဲရလဒ်အရ လိုအပ်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အဆင့်ဆင့်တင်ပြရန်၊ လက်တွေ့ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုမျိုးပြုလုပ်ရန်၊ တစ်နှစ်ကလေး သေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း၊ မိခင်သေဆုံးမှုနှုန်း ကျဆင်းစေရန် သားဖွားနှင့်အရန်သားဖွား၊ ကျေးလက်ကျန်းမာရေးလုပ်သားတိုးမြှင့်ခန့်ထားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ HIV/AIDS၊ ငှက်ဖျား၊ တီဘီရောဂါများ ရည်မှန်းချက်အဆင့်အထိကျဆင်းလာစေရန်၊ ဆရာဝန်၊ သူနာပြုများကို အိမ်နီးချင်းနိုင်ငံတချို့က ကျေနပ်အားရဖွယ်ရာ လက်ခံကြသကဲ့သို့ ပြည်တွင်းပြည်သူများ ကျေနပ်လက်ခံသည့်အဆင့်ရောက်အောင် ဆောင်ရွက်ကြစေရန်၊ ဝန်ထမ်းရာထူးခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အဆင့်တိုးမြှင့်ခြင်း စသည်တို့ကို ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုများကို ပွင့်လင်းမြင်သာမှု၊ အဆင်ပြေစေမှုနှင့် မျှတစေမှုရှိရန်၊ ကျေးလက်ဒေသတွင် ဆွေမရှိမျိုးမရှိ ဆေးရုံတက်ရောက်လာသော လူနာများအတွက် လူနာနှင့်အစောင့်အဆင်ပြေသည့် စီမံခန့်ခွဲမှုများထည့်သွင်းဆောင်ရွက်ရန်၊ ဝန်ထမ်းနှင့် လူနာအင်အားမမျှတမှုကြောင့် ဝန်ထမ်းများစိတ်ဖိစီးမှု ရောက်နေရသည့်ကိစ္စရပ်တွင် ဖွဲ့စည်းပုံအင်အားတိုးချဲ့ရန်နှင့် ကြိုးစားသူကိုဆုပေးချီးမြှင့်သည့် စနစ်များကျင့်သုံးရန်၊ တိုးတက်များပြားလာသည့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်မည့်အသင်းအဖွဲ့များကို အားပေးမှုပြုလုပ်သွားရန်၊ ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုအားပေးရန်၊ တိုးတက်များပြားလာသည့် အစားအသောက်အတုအပများထိန်းချုပ်နိုင်ရေး၊ လိုအပ်သော ဥပဒေများရေးဆွဲကြရန် စသည့်ကျန်းမာရေးကဏ္ဍမူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို မမေ့မလျော့ဆောင်ရွက်သွားရန် ထပ်မံနှိုးဆော်လိုပါကြောင်း။

ကျန်းမာရေးကဏ္ဍအလုံးစုံပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးတွင် ပါဝင်သည့် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊ ရောဂါများကာကွယ်တိုက်ဖျက်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လေးခုစလုံးကို ရေရှည်စီမံချက်များနှင့် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ရေတိုစီမံချက်တစ်ခုဖြစ်သည့် ပြည်သူလူထုကို နေ့စဉ်နှင့်အမျှ သန်းချီပြီး ထိတွေ့မှုအများဆုံး ဖြစ်သည့် Curative အပိုင်း၊ ဆေးရုံ၊ ဆေးခန်း၏ ကျန်းမာရေးစောင့်ရှောက်မှုကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

တစ်နိုင်ငံလုံးရှိ ဆေးရုံ၊ဆေးခန်းမှပေးသည့် ကျန်းမာရေးစောင့်ရှောက်မှု၏ အဆင်ပြေမှု၊ အဆင်မပြေမှုအပေါ် အဓိကမူတည်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရအပေါ် ရောင်ပြန်ဟပ်စေမှာဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု အင်္ဂါရပ်များဖြစ်သည့် ဆေးရုံ၊ ဆေးခန်းအဆောက်အအုံ၊ ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်ဝန်ထမ်း၊ ဆေးဝါးနှင့် အထောက်အကူစက်ပစ္စည်းကိရိယာ အမျိုးမျိုးတို့ဖြစ်ပါကြောင်း၊ လက်တွေ့တွင် အဆိုပါအင်္ဂါရပ်များပြည့်စုံပါမှ ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် ကုသရေးအပိုင်းသည် ပြီးပြည့်စုံမှာဖြစ်ပါကြောင်း။

ပြီးခဲ့သည့်လပိုင်းအတွင်းက မြို့ကြီးလေးမြို့၊ ဆေးရုံကြီး ၁၅ ရုံကိုသွားပြီး လေ့လာစစ်ဆေးကြည့်ရှုခဲ့ရာတွင် အားရကျေနပ်ဖွယ်ရာကောင်းသည့် ဝန်ဆောင်မှုမျိုးပေးနေသည့် ဆေးရုံမတွေ့ခဲ့ရပါကြောင်း၊ ဆေးဝါးထောက်ပံ့မှုပြည့်စုံသော်လည်း ကျန်သည့်ဆေးရုံအဆောက်အအုံပိုင်းလိုအပ်မှု၊ ဆရာဝန်ဆရာမ၊ ကျွမ်းကျင်ဝန်ထမ်းလိုအပ်မှု၊ အထောက်အကူပြုစက်ပစ္စည်းဆိုင်ရာလိုအပ်မှု၊ ဝန်ထမ်းများအတွက် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာလိုအပ်မှုများကို တစ်ပုံတစ်ပင် မဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ခဲ့ရပါကြောင်း။

ကုသမှုခံယူနေကြသည့် လူနာများဘက်က ပြန်ဆန်းစစ်ကြည့်ရာတွင် ယေဘုယျအားဖြင့် အလွှာသုံးမျိုး သုံးစားခွဲခြားလို့ရပါကြောင်း၊ ပထမအုပ်စုအနေဖြင့် ငွေကြေးတတ်နိုင်သည့်အလွှာရှိ လူနာများအနေဖြင့် ပြည်တွင်းကုသမှုကို အားမရသည့်အတွက်နိုင်ငံခြားသို့သွားရောက်ကုသသည့် အုပ်စုဖြစ်ပြီး တစ်နှစ်ကို နိုင်ငံ၏ နိုင်ငံခြားငွေစုစုပေါင်းဒေါ်လာ သန်း ၂၀၀ ခန့်ယိုစီးထွက်မှုရှိနေပါကြောင်း။

အဆိုပါအုပ်စုအတွက် နိုင်ငံတကာအဆင့်မီသည့် ဆေးရုံတစ်ရုံ၊ နှစ်ရုံပေါ်ပေါက်လာရန် မိမိတို့စွမ်းဆောင်နိုင်သည့် နည်းလမ်းကိုလည်း ဆွေးနွေးပေးစေချင်ပါကြောင်း၊ Private Sector,Public Sector,P.P.P ဖြစ်စေ မြန်မြန်ဆန်ဆန် ပေါ်ပေါက်လာနိုင်ရန် အဓိကဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေ ယိုထွက်ခြင်းထက် နိုင်ငံတော်နှင့် ကျန်းမာရေးလောကဂုဏ်သိက္ခာကိုလည်း ထိခိုက်နိုင်ပါကြောင်း။

ဒုတိယဖြစ်သည့် အလယ်အလတ်တန်းစားဖြစ်သော မရှိမရှားအုပ်စုအနေဖြင့် ဆေးရုံဆေးခန်းကိုသွားပြီးကုသမှုယူနေသည့် ဆေးရုံများကို ပြည့်လျှံနေစေသည့် အုပ်စုဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ငွေကြေးအကုန်အကျများလွန်းနေသကဲ့သို့ ကျေနပ်မှုရှိသည့် ဝန်ဆောင်မှုမရကြသည်ကို ကြားနေကြရပါကြောင်း။

တစ်ချိန်တည်းတွင် ယခင်ကာလ ဆေးရုံ၊ဆေးခန်းများ၌ဆေးဝါးမလုံလောက်ခဲ့ပေမယ့် ယခုဆေးဝါးအမျိုးမျိုးဝယ်ယူရန် သက်ဆိုင်ရာဆေးရုံကြီးများသို့ တိုက်ရိုက်ရန်ပုံငွေချပေး၍ ဆေးဝါးလုံလောက်မှု ရှိလာသည်နှင့်အမျှ ပိုလျှံလာသည့် ဆေးဝါးများကို သိုလှောင်နိုင်ရန် အဆောက်အအုံလိုအပ်မှုကိုနောက်ဆက်တွဲအကျိုးဆက်ပေါ်လာပါကြောင်း။

လူနာများလာရခြင်း အကြောင်းအရင်းများအနက် အခမဲ့ ဆေးဝါးကုသမှုပေးခြင်းသည် အကြောင်းအရာတစ်ခုဖြစ်ပါကြောင်း၊သို့ရာတွင် လက်ရှိစနစ်သည် နိုင်ငံအနေဖြင့် ရေရှည်ကိုက်ညီမှုရှိမရှိ၊ ဖြစ်နိုင်မဖြစ်နိုင်ကို သုံးသပ်ကြရန် လိုအပ်မှာဖြစ်ပါကြောင်း။

တတိယဖြစ်သည့် အခြေခံလူတန်းစားနှင့် ကျေးလက်နေပြည်သူလူထုဖြစ်ပြီး ဆေးရုံ၊ ဆေးခန်းများကို မလာနိုင်၊ မသွားနိုင်သူများဖြစ်ပါကြောင်း၊ ရွာတိုင်းအတွက်ကျေးရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် အရန်သားဖွားဆရာမနှင့် လူထုကျန်းမာရေးလုပ်သားဖြင့်စပေးစေလိုပါကြောင်း။

အဆိုပါအုပ်စုများအားလုံးအတွက် လွှမ်းခြုံနိုင်သည့် ရေရှည်ကျန်းမာရေးအာမခံစနစ်တစ်ခုထူထောင်နိုင်ရန်မည်ကဲ့သို့ လုပ်ဆောင်ပါက သင့်တော်မည်ကိုအားလုံးက အကြံပေးဆွေးနွေးစေလိုပါကြောင်း၊ အိမ်နီးနားချင်း နိုင်ငံမှ ကျင့်သုံးနေသည့် အာမခံစနစ်၊ နိုင်ငံတကာကျင့်သုံးနေသည့် အာမခံစနစ်သင့်တော်ရာရွေးချယ်နိုင်ရန် လိုအပ်လာမှာဖြစ်ကြောင်း။

အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးစီးဌာန ခုနစ်ခုရှိသည့်အနက် ကျန်းမာရေးဦးစီးဌာနတစ်ခုတည်းမှ ဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းရာခိုင်နှုန်း ၈၀ ခန့်ကို တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ဝန်ကြီးဌာန လုပ်ငန်းအတော်များများကို ဦးစီးဌာနတစ်ခုတည်းက ကိုင်တွယ်ရသည့်အတွက် မနိုင်မနင်းဖြစ်နိုင်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များရောက်သည့်အခါတိုင်း လိုအပ်မှုများတင်ပြသည့်အထဲတွင် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် သားဖွားဆရာမများအပြင် ကျွမ်းကျင်လုပ်သား လိုအပ်ချက်ပါပါကြောင်း၊ အထူးကုဆရာဝန်လိုအပ်ချက်များအနက် Radiologist, Anesthetist,Pathologist, Pediatric Surgeon အပါအဝင် သွားဆရာဝန်များလည်းပါပါကြောင်း။

MRCOG အောင်ရန်ခက်လာသည့်အတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် မည်သို့ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ကို ဝိုင်းဝန်းစဉ်းစားအကြံပြုကြစေလိုပါကြောင်း၊ Undergrad ဖြစ်သည့် MBBS,BDS ၏ လိုအပ်ချက်များကို လွှတ်တော်တွင် တစ်ချိန်လုံးတောင်းဆိုနေသည်ကို တွေ့ရပါကြောင်း၊ မိမိတို့တွင် ဘွဲ့ရများထောင်ချီရှိနေသော်လည်း ပေးလိုပေမယ့် မပေးနိုင်ခြင်းသည် စနစ်တစ်ခုခုမှားနေခြင်းဖြစ်ပါကြောင်း။

ဘွဲ့လွန်ဆိုသည့်အတိုင်း လူတိုင်းအနည်းဆုံး Master ပြီးရင် Doctorate သွားချင်ကြပါကြောင်း၊ အချိန် ငါးနှစ်၊ ခုနစ်နှစ်ပေးမှ ဘွဲ့လွန်တစ်ဦးသာရသည့်အစီအစဉ်သည် လတ်တလောလိုအပ်ချက်များနှင့် မကိုက်ညီသည်ကို တွေ့ရပါကြောင်း၊ Master အစား Diploma, Certificate Course များပေးပါက လက်ရှိ Shortage ပြဿနာကို အချိန်တိုအတွင်း ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း။

သူနာပြုနှင့်သားဖွားဆရာမများကိုလည်း Bachelor ဘွဲ့နှင့်အတူ Diploma နှင့် Certificate Course မျိုးသွားနိုင်မည်ဆိုပါက ယခုလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ လူသားအရင်းအမြစ်မွေးထုတ်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားသင်ယူမှုကို သမားရိုးကျသင်ကြားသင်ယူမှုမှ တစ်ဆင့်တက်ပြီး Electronic နည်းပညာသုံး၍ သင်နိုင်သည့်နည်းလမ်းမျိုးကျင့်သုံးရန်လိုအပ်ပါကြောင်း၊ တက္ကသိုလ်၏ အသက်ဖြစ်သည့် Research Funding နှင့် စက်ပစ္စည်းများ လိုအပ်မှု၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအတွက် အိမ်ရာ၊ အဆောင်လိုအပ်မှုများကို ထည့်သွင်းစဉ်းစားကြရမှာဖြစ်ကြောင်း။

ပြီးခဲ့သည့် နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် CT စက်ကြီးများကို ပေးပို့နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်စရာဖြစ်သော်လည်း အချို့နေရာများတွင် Radiologist ရှိသော်လည်း Training မရသေးသည့်အတွက် ယခုအထိ မရိုက်နိုင်၊ မဖတ်နိုင်သည့် အခက်အခဲရှိနေသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် ကျန်းမာရေးဆိုင်ရာအဆောက်အအုံ ဆောက်လုပ်မှုအပိုင်းတွင် တချို့သော အဆောက်အအုံများမှာ ကြီးကြပ်မှုအားနည်းသည့်အတွက် အရည်အသွေးမမီသည်များကို တွေ့ခဲ့ရပါကြောင်း။

အဆိုပါ အခက်အခဲများ၊ လိုအပ်ချက်များကို ကျော်လွှားနိုင်ပြီး ကျန်းမာရေးကဏ္ဍကို တကယ်အကျိုးပြုမည့် ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်နေပြီဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို သင့်တော်သလို Redesign လုပ်ပြီး ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ကိုက်ညီမည့် ဖွဲ့စည်းမှုပုံစံအသစ်ဖြင့် ပြန်လည် ဖွဲ့စည်းစီမံခန့်ခွဲလုပ်ဆောင်သွားပါမှ ကျန်းမာရေးကဏ္ဍ ရှေ့ကိုတက်လှမ်းနိုင်မည် ဖြစ်ပါကြောင်း။

ကျန်ရှိနေသည့် Promotive,Preventive,Rehabilitation အပိုင်းမှာလည်း ရေတိုရေရှည် ဘယ်လိုပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သင့်သည်ကို တက်ရောက်လာကြသူအားလုံးက ဝိုင်းဝန်းအကြံပေးကြရန် လိုအပ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ၏ (၁/၂၀၁၃) အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မတီတွဲဖက်အတွင်းရေးမှူးညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာကိစ္စများအပေါ် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်ကလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ဆက်နွှယ်သည့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အငြိမ်းစားဆေးပညာရှင်များက ကဏ္ဍအလိုက်ပြုပြင်ပြောင်းလဲသင့်သည်များနှင့် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးသင့်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးပညာလောက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုအပိုင်း တိုးတက်ရေးတို့အတွက် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မတီတွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းနိုင်ဦးက ဖတ်ကြားအတည်ပြုသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းပေး၍ လက်ရှိကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုအပိုင်းတွင် ကောင်းမွန်သည့်အပိုင်းများရှိသကဲ့သို့ လိုအပ်ချက်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးကို ကျင်းပ၍ လိုအပ်ချက်များကိုပြုပြင်ပြောင်းလဲဖြည့်ဆည်းပေးနိုင်ရန် အားလုံးက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အလားတူ ဆေးဝန်ထမ်းများ၏ လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယနေ့ ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်တွင် အမိန့်ကြေညာစာအမှတ် (၁၇/၂၀၁၄)ဖြင့် အမျိုးသားကျန်းမာရေးကော်မတီကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ပထမဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

ယခင် အမျိုးသားကျန်းမာရေးကော်မတီကို ၁၉၉၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၉ ခုနှစ်အထိ နှစ်ပေါင်း ၁၉ နှစ်အတွင်း အစည်းအဝေးပေါင်း (၄၄)ကြိမ်ကျင်းပခဲ့၍ ကျန်းမာရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်ပြီး ဆွေးနွေးဆုံးဖြတ်ချက်များ အမြောက်အမြားရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

မြေယာကိစ္စအငြင်းပွားမှုများရှိပါက ဥပဒေနှင့်အညီ ဖြေရှင်းရမည်

နေပြည်တော် ဧပြီ ၂၉

အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လွှတ်တော်၊ အစိုးရအဖွဲ့တို့ဖြင့်သာ မအောင်မြင်နိုင်ဘဲ နိုင်ငံသားအားလုံး ပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်းဖြင့် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အစိုးရသစ်လက်ထက်တွင် နိုင်ငံအနှံ့အပြား၌ မြေယာကိစ္စများ ပေါ်ပေါက်လာခဲ့ကြောင်း၊ မိမိ လေ့လာမိသလောက် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ မြေယာကိစ္စများ အသံအကျယ်လောင်ဆုံး ဖြစ်ခဲ့ကြောင်း၊ ပဋိပက္ခအသွင်လည်း ဆောင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ မိမိတာဝန်ယူစဉ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးလုပ်ကိုင်မည့်သူ မရှိ၍ လုပ်ဆောင်ရန် ဖိတ်ခေါ်ရာတွင် သာမန်ငွေကြေးအင်အားဖြင့် မလုပ်နိုင်ကြကြောင်း၊ ဒေသခံများအနေဖြင့်လည်း မလုပ်နိုင်ခဲ့ကြကြောင်း၊ လုပ်နိုင်သူများကို လုပ်ခွင့်ရရန် လမ်းဖွင့်ကာ ဖိတ်ခေါ်ခဲ့ကြောင်း၊ ထိုစဉ်က မိမိတို့နိုင်ငံ ရိက္ခာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးတို့အတွက် များစွာကြိုးပမ်းခဲ့ရကြောင်း။

ရေအောက်ရောက်နေသည့် မြေများကို ဖော်ထုတ်စိုက်ပျိုးနိုင်လျှင် ရိက္ခာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရေကြီးကွင်း၊ ရေနက်ကွင်းများရှိသော ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေအောက်ရတနာမြေ ဖော်ထုတ်ရေးစီမံကိန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဧက ၅၀၀၀ စိုက်ပျိုးနိုင်သည့် ကုမ္ပဏီဆိုပါက စိုက်ပျိုး၍ ထွက်ရှိလာသည့် တစ်ဝက်ကို ပြည်ပတင်ပို့ခွင့်ပြုမည်ဟု မက်လုံးပေးခဲ့ရကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်မှသာ တိုင်းဒေသကြီးသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များကို မက်လုံးပေးပြီး ဆွဲဆောင်ခဲ့ရကြောင်း၊ အချို့ကုမ္ပဏီများအနေဖြင့် လှေလှော်ရင်းတက်ကျိုးသည့် အနေအထားဖြစ်၍ အချို့မြေများကို ပြန်အပ်ခဲ့ကြကြောင်း၊ စိုက်ပျိုး၍ မရသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများကို ငါးကန်များအဖြစ် ဖော်ထုတ်လုပ်ကိုင်ခဲ့ကြောင်း၊ မိမိတာဝန်ယူစဉ်က ငါးကန်ဧက ၇၀၀၀ သာ ရှိသော်လည်း နောက်ပိုင်းတွင် ငါးကန်ဧက ၇၀၀၀၀ ဖြစ်လာကြောင်း၊ လုပ်ငန်းတစ်ခုလုပ်ပါက အောင်မြင်သည်ရှိသလို မအောင်မြင်သည်များလည်း ရှိကြောင်း၊ မအောင်မြင်သည်များကို လက်လျှော့၍မနေဘဲ လမ်းကြောင်းပြောင်းပြီး လုပ်ကိုင်ခဲ့ကြောင်း။

လူသားများ မြေပေါ်၌နေထိုင်ကြသည်ဖြစ်၍ မြေယာပြဿနာများ ရှိနေကြမည်ဖြစ်ကြောင်း၊ မြေယာကိစ္စ အငြင်းပွားမှုများရှိပါက ဥပဒေနှင့်အညီ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ အခြားနည်းလမ်းဖြင့် ဖြေရှင်း၍ မရနိုင်ကြောင်း၊ သိမ်းဆည်းထားသည့်မြေများအနက် လုပ်ကိုင်ခွင့်ရှိသည့်မြေများကို မလုပ်ကိုင်တော့လျှင် ပြန်ပေးရန်လိုကြောင်း၊ အချိန်ကြန့်ကြာပါက တာဝန်ရှိသူများအပေါ် တစ်မျိုးထင်နိုင်ကြောင်း၊ မိုးသီးနှံအတွက် ၂၀၁၄ ခုနှစ် မေလမကုန်မီနှင့် ဆောင်းသီးနှံအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာလ၌ ပြန်လည်လွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကလည်း ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးစီးသည့် ဗဟိုမြေယာစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းပြီး မူဝါဒနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်သမ္မတက သဝဏ်လွှာပြန်လည်ပေးပို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များလည်း ပူးပေါင်းဆောင်ရွက်ရန် ပြောကြားထားကြောင်း၊ ဤအချက်များကို ဧရာဝတီတိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် ပြည်သူများ သိရှိနိုင်အောင် ရှင်းလင်းပြောကြားရန် အချိန်ပေးပြီး သွားသင့်သည်ဟု ယူဆကာ လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ လာရောက်ရသည့် အဓိက အကြောင်းရင်းမှာ မြေယာကိစ္စ ဖြစ်ပါကြောင်း။

ယခုတွေ့ဆုံပွဲတွင် မိမိတို့၏ လိုလားချက်များကို ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်းတင်ပြရန် ဖိတ်ခေါ်ပါကြောင်း၊ တင်ပြချက်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်ဖြစ်ပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှုကို မလိုက်နာပါကလည်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် စံပြတိုင်းဒေသကြီးတစ်ခုအဖြစ် တည်ရှိနေပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်၊ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မ၊ လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ဦးတိုင်းအောင်၊ ဦးထွန်းမြင့်၊ ဦးစိုးသန်း၊ ဦးသန်းထွန်း၊ ဦးမြင့်ဆွေ၊ ဦးဝင်းနိုင်၊ ဦးတင်လတ်၊ ဦးထိန်ဝင်း၊ ဒေါက်တာသက်ရှည်၊ ဦးညွန့်ရွှေနှင့် ဒေါက်တာလှဟန်တို့က ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

အလားတူ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကလည်း အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ ငွေဆောင်ကမ်းခြေသို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် ငွေဆောင်ကမ်းခြေရှိ Sunny Paradise Resort ဟိုတယ် ဧည့်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က ငွေဆောင်ဒေသကို မရောက်ဖြစ်သည်မှာ ၁၄ နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ မိမိတာဝန်ထမ်းဆောင်စဉ်က ဟိုတယ်ဇုန်ဖြစ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါက ညှိနှိုင်းပေါင်းစပ်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငွေဆောင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်း၊ မြို့နယ်ခွဲ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်) ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မမမိုးတို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ငွေဆောင်ဒေသဖွံ့ဖြိုးရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ဓမ္မဒူတ မေတ္တာပေါင်းကူးတံတားဖွင့်

ကျုံပျော် ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ညောင်ဆိုင်ကျေးရွာနှင့် ဇရစ်ရိုးကျေးရွာတို့ကို ပေါင်းကူးဆက်စပ်ပေးထားသော တံတားအရှည်ပေ ၂၀၀၊ အကျယ် ငါးပေရှိ ဒါးကမြစ်ကိုဖြတ်၍ ဘိုးပိုင်သံကူကွန်ကရစ်တံတားကို သိန်း ၁၈၅၀ ကျပ် အကုန်အကျခံကာ ၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ဧပြီ ၂၇ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ဓမ္မဒူတမေတ္တာပေါင်းကူးတံတားအား ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးမန်းသန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ဦးမျိုးမြင့်ဦး-ဒေါ်မိုးသဂီ၊ သမီးအိသဥ္ဇာဦး၊ သား စွမ်းထက်ဦး မိသားစုတို့က လှူဒါန်းခြင်းဖြစ်သည်။

တင်လှိုင်(ဟိုတယ်/ခရီး)

VisionFund
Career Opportunity
World Vision
World Vision Myanmar Microfinance

World Vision Myanmar Microfinance currently has career opportunities for the following positions. Interested candidates are required to submit his/her resume (Clearly identify the post and location you apply) by post to Microfinance HR Department or in person to application drop-box at below address.

Please access the detail information at notice board of World Vision Myanmar Office.

Job Title	Key responsibilities
Internal Audit Manager (1 Post - Yangon)	Advise management on risk strategies, internal controls, its impact on operation; develop audit plans; manage financial systems and internal audit team for effectiveness and efficiency of internal controls; provide audit results
Human Resources Specialist (1 Post - Yangon)	Support/maintain HR Information System and resolve HRIS problems and find alternate methods to meet requirements; support staff recruitment and selection process
Branch Manager (3 Posts – Mon State and Ayeyarwaddy Division)	Implements policies, procedures and internal controls at the branch; decide on all operational issues within the framework of existing regulations and policies; manage overall portfolio growth and portfolio quality

No. (15), Shin Saw Pu Rd, Windsor Estate, 7th Flr, Ahlone Township, Sanchaung PO
Email: wvm_microfinance@wvi.org Last submission date: May 10, 2014

Vacancy Notice

UNFPA – because everyone counts
The United Nations Population Fund: Delivering a world where every pregnancy is wanted, every childbirth is safe and every young person's potential is fulfilled.

Interested in being part of a multi-cultural team delivering a world where every pregnancy is wanted, every birth is safe, every young person's potential is fulfilled in Myanmar? Come and join us, because at UNFPA, everyone counts. We are seeking a creative, dynamic and highly motivated individual to join our growing effort to drive forward to the next level of UNFPA country programme on population, gender equality and reproductive health and rights for the people in Myanmar. If you're looking for an opportunity to make a difference, thrive in a challenging yet rewarding teamwork environment, we wish to hear from you.

Sr.	Position and Grade	Type of Contract	Duty Station	Deadline
1.	National Programme Officer, (Advocacy, Media and Communication) NOB	Fixed-Term	Yangon	19 May 2014
2.	Field Coordinator (SC9)	Service Contract	Nay Pyi Taw	12 May 2014

Applications should be addressed to UNFPA Representative. **Attention**: International Operations Manager, Room A-07, UNFPA, No.6, Natmauk Road, Yangon.
Email: myanmar.office@unfpa.org
For further details, please see the vacancy announcement posted at UN billboard, No.6, Natmauk Road, Yangon and also at UNFPA website (http://myanmar.unfpa.org)
Applications will be considered only when meeting all requirements set in detailed vacancy announcement.

နွေမှာပွင့်သော ပညာပန်း လန်းစွင့်ထုံကြိုင်စွာ

တက္ကသိုလ်မြတ်သူ

လူငယ်လူရွယ်တို့သည် နုပျိုလန်းဆန်းသည်၊ တက်ကြွဖျတ်လတ်သည်။ ခွန်အားပြည့်၍ ကြံ့ခိုင်သည်။ စူးစမ်းလေ့လာတတ်သည်။ စွန့်စားလိုကြသည်။ အသိပညာ၊ အတတ်ပညာတို့ကို စူးစိုက်လေ့လာတတ်သဖြင့် အသိဉာဏ်ပညာ အားကောင်းသည်။ ဤသို့သော အရည်အချင်းကောင်းများနှင့်ပြည့်စုံသဖြင့် လူငယ်လူရွယ်တို့ကို အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်လောင်းများအဖြစ် နိုင်ငံက အားထားစမြဲဖြစ်ပေသည်။

အမေရိကန်ပြည်ထောင်စုသမ္မတကြီး ရုစဗဲ့လ်သည် တစ်နေ့သောအခါ ကျေးရွာမူလတန်းကျောင်းတစ်ခုသို့ ခရီးကြုံဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။ စာသင်ခန်းတစ်ခုအတွင်း သမ္မတရုစဗဲ့လ်ဝင်ရောက်သွားသောအခါ ကျောင်းသား ကျောင်းသူလေးများက မတ်တတ်ရပ်ကြ၏။ သမ္မတက ၎င်း၏ဦးခေါင်းမှ ဦးထုပ်ကိုဆွဲချွတ်ကာ ကျောင်းသား ကျောင်းသူများကို ဦးညွှတ်အလေးပြုလိုက်သည်။ ဤတွင် မူလတန်းကျောင်းသားလေးတစ်ဦးက

“သမ္မတကြီးခင်ဗျား။ သမ္မတကြီးဟာ အမေရိကန်ပြည်ထောင်စုရဲ့အထွတ်အထိပ်ပုဂ္ဂိုလ်လို့ ကျွန်တော်တို့ကို ဆရာက ပြောပြထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သမ္မတကြီးကို စတင်အရိုအသေပေးအလေးပြုရမှာပါ။ အခုသမ္မတကြီးက ကျွန်တော်တို့ကို စတင်အလေးပြုလိုက်တာ မှားသွားပြီလို့ထင်ပါတယ်”ဟုပြောလိုက်ရာ သမ္မတ ရုစဗဲ့လ်က “ကလေးတို့ အခု ငါသမ္မတဖြစ်နေပြီ။ ဒါပေမယ့် ငယ်ငယ်တုန်းကတော့ ကလေးတို့လို ကျေးရွာ မူလတန်းကျောင်းက ကျောင်းသားလေးတစ်ယောက်ပါပဲ။ မူလတန်းကျောင်းကတည်းက စာကြိုးစား၊ အနေအထိုင် ကောင်းအောင်နေ၊ လေ့လာဆည်းပူးလို့ အခုလို သမ္မတ ဖြစ်လာတာပါ။ ကလေးတို့လည်း တစ်နေ့မှာ နိုင်ငံ့ ခေါင်းဆောင်တွေ၊ ပညာရှင်တွေ၊ ဝန်ကြီးတွေ၊ သမ္မတ တွေဖြစ်လာနိုင်ကြတယ်။ အခု ဒီအတန်းထဲက ကလေးတွေ သမ္မတဖြစ်လာရင် ငါ့ထက်အရည်အချင်း ပိုတော်တဲ့သမ္မတဖြစ်နိုင်တယ်။ ဒါကြောင့် နိုင်ငံရဲ့ အကောင်းဆုံး၊ အတော်ဆုံးသမ္မတတွေ၊ ခေါင်းဆောင်တွေ၊ ပညာရှင်ကြီးတွေဖြစ်လာမယ့် အနာဂတ်အညွန့်၊ အဖူးလေးတွေကို အခုကတည်းက ကြိုတင်ပြီး အလေးပြုလိုက်ရတာပါ”ဟု ရှင်းပြလိုက်လေသည်။

ကမ္ဘာ့နိုင်ငံတိုင်းမှာပင် မိမိတို့နိုင်ငံ၏ အနာဂတ်ကို ပခုံးထမ်းလွှဲယူ ဦးဆောင်မည့် ယနေ့ကျောင်းသားလူငယ်များကို မျှော်လင့်တကြီးဖြင့် ပြုစုပျိုးထောင်ကြပေသည်။ လူငယ်တို့၏ ကောင်းမြတ်သော နုပျိုလန်းဆန်းတက်ကြွဖျတ်လတ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ စွန့်စားတတ်ခြင်း၊ ခွန်အားတောင့်တင်းကြံ့ခိုင်ခြင်း၊ ရိုးသား၍ အပြစ်ကင်းခြင်းစသည့် အရည်အချင်းများသည် လမ်းကောင်း လမ်းမှန်ပေါ်လျှောက်လှမ်းအားထုတ်ကြခြင်းဖြင့် ပိုမိုတောက်ပြောင်ပြည့်ဝလာနိုင်ပေသည်။

ကိုယ်ကျင့်တရားပိုင်းတွင် ပတ်ဝန်းကျင်၏လှုံ့ဆော်သွေးဆောင်မှု၊ မိမိစိတ်အလိုကို မဆင်မခြင်လိုက်ပါမှုကြောင့် ယိုယွင်းအကျင့်ပျက်တတ်ပေသည်။ မိမိတို့ကျောင်းပညာအလုပ်ခွင်ပညာများကို ကြိုးကုတ်ဆည်းပူးနေရ၍ မိမိတို့မလေ့လာ၊ မသိကျွမ်းနိုင်သေးသော နိုင်ငံရေးနယ်ပယ်၌ မလည်မဝယ်အသုံးချခံကြရမည်ဆိုလျှင်၊ ပြည်ပမှ သရုပ်ပျက်ယဉ်ကျေးမှုများကို အတုယူ ယဉ်ပါးသွားမည်ဆိုလျှင် အပြစ်ကင်း၍ ထက်မြက်လှသော လူငယ်တို့ဘဝလမ်းကြောင်း မဖြောင့်ဖြူး၊ မသာယာနိုင်တော့ပေ။

နိုင်ငံခြားရုပ်ရှင်များမှ သရုပ်ပျက်မှုများ၊ လမ်းသရဲများကို အထင်ကြီးအားကျတုပ၍ ရေလိုက်လွဲခဲ့သော လမ်းသရဲလူငယ်အုပ်စုများ ၁၉၅၀ ပြည့်နှစ်တစ်ဝိုက်က ထကြွမင်းမူခဲ့သည်။ စာနယ်ဇင်းများက ဝေဖန်ရှုတ်ချရေးသားခဲ့ရသည်။ မိဘနှင့်ဆရာများ လူမှုရေးအဖွဲ့များက ပြန်လည်စည်းရုံးသိမ်းသွင်းခဲ့ကြရသည်။ အုပ်စုချင်းချိန်းကာ ရိုက်ကြနှက်ကြ၊ မလိုသူကိုဝိုင်းရိုက်၊ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲပျက်စီးကြသည်။ အရက်ဖိုး၊ ဆေးလိပ်ဖိုး၊ ဘိန်း(မူးယစ်ဆေး)ဖိုးမရှိလျှင် မိမိအိမ်မှပစ္စည်းဖြစ်စေ၊ တခြားသူ၏ပစ္စည်းကိုဖြစ်စေ ခိုးဝှက်လာတတ်ကြသည်။ ဥပဒေစိုးမိုးရေးတာဝန်ယူရသော ရဲ၊ တရားရုံး၊ အကျဉ်းထောင်တို့က အရေးယူအပြစ်ပေးခဲ့ရသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်မှ ဆရာဦးကျော်ဝင်း၊ ဆရာမဒေါ်ခင်မြလွင်တို့ဦးဆောင်ကာ ဆရာ၊ ကျောင်းသားများ စုပေါင်းလေ့လာပြီး လမ်းသရဲဂိုဏ်းများအကြောင်း သုတေသနပြုခဲ့သည်ကို ကျွန်တော်လုပ်ကိုင်ခဲ့သော ကြေးမုံသတင်းစာ၌သတင်းဖော်ပြခဲ့ဖူး၏။ ဖူမန်ချူးဂိုဏ်း၊ စိန်ဂေါ်လီဂိုဏ်း၊ ကျွဲရိုင်းဂိုဏ်း၊ ဒယ်နီဇူးလူးဂိုဏ်း၊ ရှပ်(ခ်)(ငါးမန်း)ဂိုဏ်း၊ စိန်ရဲတင်းဂိုဏ်း၊ လမ်းဘီးလူးဂိုဏ်းစသည်တို့သည် ၁၉၆၀ ပြည့်နှစ်တစ်ဝိုက်အထိ သောင်းကျန်းခဲ့သည်။

ခေတ်အဆက်ဆက်ကျောင်းသားလူငယ်များကို ပညာရေးလမ်းကြောင်းမှ သွေဖည်မသွားအောင် တည့်မတ်ပေးလိုသည့် လူမှုရေးအဖွဲ့များ၊ မိဘဆရာအသင်း၊ ကျောင်းကောင်စီစသည်တို့ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ လူရည်ချွန်စီမံကိန်း၊ ကြက်ခြေနီလူငယ်စသည့် စီမံချက်များဖြင့်လည်း လူငယ်များကို လမ်းမှန်ပေါ်လျှောက်ရန် တည့်မတ်ပေးခဲ့ကြရ၏။ နိုင်ငံရေးအစိုးရများကလည်း သန်ရာသန်ရာ လူငယ်၊ ကျောင်းသားအဖွဲ့များဖွဲ့ကြသည်။ ဝါဒစုံကွဲသော နိုင်ငံတွင် လူငယ်၊ ကျောင်းသားအဖွဲ့များလည်း မိမိတို့အားဦးဆောင်ဖွဲ့စည်းသည့် ပါတီဂိုဏ်းဂဏများ၏ အသုံးချခံအဖွဲ့အစည်းများဖြစ်လာခဲ့သည်။ အဖွဲ့မျိုးစုံကွဲခဲ့ပေသည်။

ပညာရှာအရွယ် လူငယ်ကျောင်းသားများသည် နိုင်ငံတော်၏အနာဂတ်တွင် ပွင့်လန်းမွှေးကြိုင်မည့် အညွန့်၊ အဖူး၊ အငုံများဖြစ်ရာ ပညာကိုအဓိက(ငြိမ်းချမ်းဖြောင့်တန်းစွာ)လေ့လာဆည်းပူးပြီး မြန်မာနိုင်ငံတော်ကြီး ခေတ်မီအဆင့်အတန်းမြင့်စွာ ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ပညာစွမ်းဖြင့် မြှင့်တင်ပေးရမည့်သူများဖြစ်ပေသည်။ ယနေ့ ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝသွားသော နိုင်ငံများကိုကြည့်လျှင် ပညာရေး၊ ပညာရပ်ကိုအလေးထား ပြုစုပျိုးထောင်ကြသည်။ လုပ်အားကိုယ်စီဖြင့် ကြိုးပမ်းကြသည်။

ယနေ့ခေတ်လူငယ်(မူလတန်းအရွယ်/အချို့မူကြိုအရွယ်)များသည် ကွန်ပျူတာကို ကိုင်တတ်၊ သုံးတတ်နေကြပေပြီ။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြစ်လေသည်။ ယခုအခါ ပညာရည်ထူးချွန်ထက်မြက်သော ပညာသင်များအတွက် လူရည်ချွန်များရွေးချယ်ဂုဏ်ပြုနေသည်ကိုတွေ့ရသည်။ ကျွန်တော်သတင်းစာများတွင် အချိန်ပြည့်တာဝန်ယူခဲ့ရသဖြင့် ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီပညာရေးဌာနက လူရည်ချွန်စီမံကိန်း စတင်ဆောင်ရွက်ခဲ့သောသတင်း၊ နှစ်စဉ်လူရည်ချွန်များရွေးချယ်ခဲ့ပြီး ငပလီရွှေဝါချိုင်စခန်း၊ အင်းလေးခေါင်တိုင်စခန်း၊ ကျိုက္ခမီစက်စဲစခန်း၊ ရန်ကုန်အင်းလျားလေးစခန်းများတွင် အနားယူအပန်းဖြေရင်း လေ့လာမှုများပြုလုပ်သွားခဲ့သည့် သတင်းများ၊ ဓာတ်ပုံများကို သတင်းစာများ၌ဖော်ပြခဲ့ရသည်။ ၁၉၇၃ ခုနှစ် လူရည်ချွန်များ၏ အင်းလေးခေါင်တိုင်စခန်းသို့ ပညာရေးဌာန လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ၏ဖိတ်ကြားချက်အရ ဒေါက်တာမောင်ဒီ၊ ဦးသောင်းထွဋ်တို့နှင့်အတူသွားရောက်ကာ လူရည်ချွန်များအားတွေ့ဆုံဟောပြောခဲ့ရသည်ကို မှတ်မိနေဆဲဖြစ်ပါသည်။ ၁၉၆၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လူရည် ချွန်စီမံကိန်း၏ဦးတည်ချက်အနှစ်သာရမှာ အနာဂတ်ကာလတွင် လူရည်ချွန်များသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သူများ၊ နိုင်ငံတော်နှင့် မြန်မာ့လူ့ဘောင်ကို ကာကွယ်စောင့်ရှောက်သူများ ခေါင်းဆောင်မှုကို ဆက်ခံသူများ၊ နိုင်ငံတော်၏ အမွေခံကောင်းသားသမီးများဖြစ်လာရေးတို့ပင် ဖြစ်သည်။

လူရည်ချွန်စီမံကိန်း၏ ရည်မှန်းချက်တွင် ပညာရည်ထူးချွန်ထက်မြက်သော လူငယ်များ ပိုမိုများပြားစွာ ပေါ်ထွက်လာရန်၊ ဘက်စုံပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် အားကြိုးမာန်တက်ပါဝင်လှုပ်ရှားရန်၊ သစ်လွင်တိုးတက်သည့်အတွေးအခေါ်များ ရှင်သန်ကျယ်ပြန့်ပြီး ဗဟုသုတစုဆောင်းရှာဖွေမှုအလေ့အထ ထွန်းကားရန်၊ နိုင်ငံအတွက် စာရိတ္တကောင်းမွန်ပြီး မှန်ကန်သည့် ပြိုင်ဆိုင်မှုထွန်းကားရန်၊ အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်မှုတို့ကို ကျယ်ပြန့်စွာလှုပ်ရှားလုပ်ဆောင်လာရန်၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့လူ့ဘောင် တည်ဆောက်ရာ၌ အမာခံအင်အားစုများဖြစ်ပေါ်လာရန်၊ လူရည်ချွန်များကို လူငယ်ကျောင်းသားထုက စံပြနမူနာအဖြစ်အတုယူအားကျကြိုးပမ်းလာရန်ဟူသည့် အချက်(၇)ချက် ပါဝင်သည်။

လူရည်ချွန်များကို တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာအထက်တန်းကျောင်းများ၊ စက်မှုလက်မှုသိပ္ပံများ၊ စိုက်ပျိုးရေးသိပ္ပံများ၊ ဆရာအတတ်သင်ကျောင်းများနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံမှ ကျောင်းသား ကျောင်းသူများအနက် ဘက်စုံထူးချွန်သူများကို ရွေးချယ်ဂုဏ်ပြုသောအားဖြင့် လူရည်ချွန်အဖြစ်ရွေးချယ်ခြင်းဖြစ်သည်။ လူရည်ချွန်အဖြစ် သတ္တမတန်းစာမေးပွဲဖြေဆိုသည့်အဆင့်မှ စတင်ရွေးချယ်သည်။

လူရည်ချွန်စီမံကိန်း စတင်အကောင်အထည်ဖော်ခဲ့သည့် ၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ကျောင်းသားကျောင်းသူပေါင်း ၆၁၆၂ ဦးကို ရွေးချယ်ဂုဏ်ပြုပြီး ဖြစ်သည်။ ယင်းတို့ထဲတွင် ခြောက်ထပ်ကွမ်း(ခြောက်နှစ်ဆက်အရွေးခံရသည့်)လူရည်ချွန် ၁၂ ဦး၊ ငါးထပ်ကွမ်းလူရည်ချွန် ၄၄ ဦး၊ လေးထပ်ကွမ်းလူရည်ချွန် ၁၅၇ ဦး၊ သုံးထပ်ကွမ်းလူရည်ချွန် ၄၄၆ ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် ၁၀၃၀ နှင့် ပထမအကြိမ် ရွေးချယ်ခြင်းခံရသော လူရည်ချွန် ၄၄၇၃ ဦးတို့ ပါဝင်သည်။

လူရည်ချွန်များ အပန်းဖြေရင်းလေ့လာကြသည့်စခန်းများမှာ ရခိုင်ပြည်နယ် ငပလီရွှေဝါချိုင် လူရည်ချွန်စခန်း၊ ရှမ်းပြည်နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၊ မွန်ပြည်နယ် ကျိုက္ခမီစက်စဲလူရည်ချွန်စခန်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ် မောင်းမကန်လူရည်ချွန်စခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းလူရည်ချွန်စခန်းတို့ဖြစ်ကြသည်။ နိုင်ငံအကြီးအကဲကလည်း လူရည်ချွန်များကိုတွေ့ဆုံပြီး ချီးကျူးစကားပြောကာ ဂုဏ်ပြုညစာစားပွဲတည်ခင်းလေ့ရှိသည်။ ထိုကာလများ၌ မြန်မာ့အသံမှ လူရည်ချွန်သီချင်းများကိုလွှင့်ထုတ်ကာ ပြည်ထောင်စုတစ်ဝန်းလုံးကြားသိဝမ်းသာပီတိဖြစ်စေခဲ့သည်။

ယနေ့လူရည်ချွန်များ စတင်ရွေးချယ်ချီးမြှင့်ဂုဏ်ပြုနေပြီဖြစ်ရာ အနာဂတ်မြန်မာ့ပညာရေး၊ အနာဂတ်နိုင်ငံတော်ခရီးအတွက် အလားအလာကောင်း၊ အတိတ်ကောင်းဖြစ်၍ မင်္ဂလာရှိသော သတင်းကောင်းအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရကြောင်းပါ ခင်ဗျား။ ။

ထူးချွန်လူငယ်ကဏ္ဍ

ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲနှင့် ကတိသစ္စာခံယူပွဲ ကျင်းပ

မန္တလေး မေ ၂၉

၂၀၁၄ ခုနှစ်ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲနှင့် ကတိခံယူပွဲကို ပြင်ဦးလွင်မြို့ ကန်တော်ကြီးဥယျာဉ် မျှော်စင်ကွင်း၌ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ် အမျိုးသား ၂၄၄ ဦး၊ အမျိုးသမီး ၂၄၅ ဦး စုစုပေါင်း ၄၈၉ ဦး၊ အုပ်ချုပ်သူ ခြောက်ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၇၈ ဦးနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**

ရှေးဦးစွာ အမျိုးသားကင်းထောက်အလံနှင့် အမျိုးသမီးကင်းထောက်အလံများကိုလွှင့်တင်ကြပြီး ကင်းထောက်မောင်မယ်များက ကင်းထောက်ကတိသုံးပါးကို ရွတ်ဆိုကတိပြုကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် အနာဂတ်မျိုးဆက်သစ်ဖြစ်သော လူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အကြောင်းအကျိုးဆက်စပ်တွေးခေါ်တတ်စေရေး၊ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်စေရေး၊ ကမ္ဘာကိုကြည့်မြင်တတ်သော လူတော်လူကောင်းများဖြစ်စေရေးတို့အတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ "ပညာ

ပြည့်ဝနှလုံးလှပြီး ကျန်းမာပျော်ရွှင် ပညာသင်" နိုင်ကြသော လူငယ်များဖြစ်စေရေးအတွက်လည်း အစဉ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ "ယနေ့လူငယ်နောင်ဝယ်လူကြီး"ဆိုသည့် စကားနှင့်အညီ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်တည်တံ့နိုင်ရေးအတွက် လူငယ်များကို ပြုစုပျိုးထောင်ပေးခြင်း လုပ်ငန်းထက် ပို၍အရေးကြီးသော လုပ်ငန်းမရှိနိုင်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကင်းထောက်မောင်မယ်များက ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး "ပြည်သူ့အတွက် အစဉ်အသင့်" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ ယင်းနောက် ဝန်ကြီးချုပ်က ကင်းထောက် မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၉၆၄ ခုနှစ်ကတည်းက လှုပ်ရှားမှုမရှိတော့သောကင်းထောက်အဖွဲ့များကို အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း အခြေခံပညာကျောင်း ၂၀ ကို အခြေပြုပြီး ကင်းထောက် အမျိုးသား ၁၀၀၀၊ အမျိုးသမီး ၁၀၀၀တို့ဖြင့် ရည်ရွယ်ချက် လေးရပ်၊ ကင်းထောက်ကတိသုံးချက်၊ ကင်းထောက် ကျင့်ဝတ် ၁၀ ပါးတို့ကို ရေးဆွဲပြီး ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၇၈ ကျောင်းကို အခြေပြုပြီး အမျိုးသားကင်းထောက် လူငယ်များ၊ အမျိုးသမီးကင်းထောက်လူငယ်များဟူ၍ တစ်မျိုးစီ သီးခြားလှုပ်ရှားဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကင်းထောက်မောင်မယ်များသည် ပြင်ဦးလွင်တွင် စခန်းချနေထိုင်နေစဉ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် အုပ်စုများခွဲ၍ မဟာအံ့ထူးကံသာ ဘုရားပရိဝုဏ်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဘိုးဘွားရိပ်သာအတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့်ဘိုးဘွားများအား ပြုစုခြင်း၊ မျက်မမြင်ကျောင်းအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေငယ်ကျေးရွာ အလကကျောင်းတွင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း၊ ရေငယ်ကျေးရွာအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

လူငယ်ဖွံ့ဖြိုး အနာဂတ်အကျိုး

☆ ယနေ့လူငယ်၊ ပျိုမျစ်ရွယ်သည်
နောင်ဝယ်လူကြီး၊ ဖြစ်တုံပြီးသော်
ပြည်ကြီးမြန်မာ၊ ဖွံ့ဖြိုးလာအောင်
ကျရာကဏ္ဍ၊ ထမ်းရွက်ကြမည့်
မြန်မာ့သားကောင်း၊ သမီးကောင်းတည့်။

☆ စိတ်ကောင်းစေတနာ၊ မွန်မြတ်စွာဖြင့်
မြန်မာ့ရွှေပြည်၊ ရှေ့သို့ရည်၍
တူညီအားသွန်၊ ဘက်စုံချွန်သည့်
ပြည့်မွန်သားကောင်း၊ သမီးကောင်းတို့
စုပေါင်းစွမ်းအား၊ ရင်းမြစ်များကို
အားထားဖွယ်ရာ၊ ပျိုးထောင်ပါသော်
အနာဂတ်မြန်ပြည်၊ ဖွံ့ဖြိုးစည်လိမ့်
ရေရှည်ကောင်းကျိုး၊ မြော်ရည်ကိုးလျက်
ဆတိုးကြိုးပမ်းကြပါစို့။ ။

ပန်းတောင်းသန်းကြွယ်

ဘက်စုံပညာထူးချွန်လူငယ်များအား ဟောပြောဆွေးနွေးပွဲနှင့် အသိပညာလက်ဆင့်ကမ်းပို့ချပွဲ ကျင်းပ

သတင်း-သက်ထွေး
ဓာတ်ပုံ -ဟိန်းထက်လင်း

ညောင်ရွှေ မေ ၂၉

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်(အင်းလေးအပန်းဖြေစခန်း)မှ ထူးချွန်လူငယ် မောင်မယ်များအား ဟောပြောဆွေးနွေးပွဲနှင့် လူရည်ချွန်ကျောင်းသားဟောင်းကြီးများက အသိပညာလက်ဆင့်ကမ်းပို့ချပွဲကို မေ ၂၈ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အထက(၁) ညောင်ရွှေ၌ ကျင်းပကြောင်း သိရသည်။**(အောက်ပုံ)**

အစီအစဉ်ပထမပိုင်းအဖြစ်ဟောပြောဆွေးနွေးပွဲကျင်းပရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဝင်းထွန်းက "လူငယ်များအပေါ် စိန်ခေါ်နေသော မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန တောင်ကြီးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေနိုင်ထွန်းက "အနာဂတ်လူငယ်များနှင့် ယဉ်ကျေးမှုနယ်ပယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်စန်းဝင်းက "အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ငွေငွေက "မိခင်နှင့် ကလေးစောင့်ရှောက်မှုအကြောင်းသိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသားဟောင်းကြီးများက အသိပညာလက်ဆင့်ကမ်း ဟောပြောပို့ချပွဲကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်အပါအဝင် လူရည်ချွန်ကျောင်းသားဟောင်းကြီးများက အသိပညာလက်ဆင့်ကမ်း ဟောပြောပို့ချခဲ့ကြသည်။

ဘက်စုံပညာထူးချွန်လူငယ်များ အင်းလေးကန်အတွင်းလေ့လာရေးခရီးသွားရောက်

ညောင်ရွှေ မေ ၂၉

ဘက်စုံပညာ ထူးချွန်လူငယ် အင်းလေးအပန်းဖြေစခန်းမှ ကျောင်းသားကျောင်းသူများသည် မေ ၂၉ ရက်တွင် အင်းလေးကန်အတွင်းသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။

ပထမဦးစွာ ဘက်စုံပညာထူးချွန်လူငယ်များသည် အင်းလေးကန်ဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရီးစဉ်တစ်လျှောက် လေ့လာခဲ့ကြသည်။ ထို့နောက် အင်းလေးဒေသ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် ကေလာကျေးရွာရှိ ရေခြံစိုက်ပျိုးလုပ်ကိုင်နေမှု လုပ်ငန်းများ၊ ဟဲယာရွာမကျေးရွာရှိစိန်သမာဓိ ရွှေထည်ငွေထည်လုပ်ငန်း၊ အင်းပေါခုံကျေးရွာရှိမြစကြာရက်ကန်းလုပ်ငန်း၊ ကြာပင်မှ ကြာချည်ထုတ်လုပ်နေမှု လုပ်ငန်းများ၊ ပိုးထည်နှင့်ချည်ထည် လုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့သည်။ ထို့ပြင် နန်းပန်ကျေးရွာရှိ အလိုတော်ပေါက်ဘုရားနှင့် နမ့်ဟူးကျေးရွာရှိ အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

"သမီးတို့ တော်ရုံတန်ရုံ မရောက်နိုင်တဲ့ဒေသကို ဒီလူရည်ချွန်ခရီးစဉ်က နေရောက်ခဲ့ပါတယ်။ ရိုးရာအထည်တွေကိုလည်း လေ့လာခွင့်ရတယ်။ ရိုးရာလက်မှုလုပ်ငန်း၊ ရက်ကန်းရက်လုပ်တာတွေကိုလည်း လေ့လာခွင့်ရတယ်၊ ဒီလိုရောက်ရှိလေ့လာခွင့်ရတဲ့ အတွက် အရမ်းဝမ်းသာပါတယ်။ ဗဟုသုတလည်းအများကြီးရပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး အထက(၂)ထားဝယ်မှ နှစ်ထပ်ကွမ်း ဘက်စုံပညာ ထူးချွန်လူငယ် မနှင်းဆုမြတ်က လေ့လာရေးခရီးစဉ်အပေါ် ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ဘက်စုံထူးချွန်လူငယ်များသည် တောင်ကြီး၊ ဟိုပုံးနှင့် ပင်းတယမြို့များသို့ လေ့လာရေးခရီးများ ဆက်လက်သွားရောက်မည်ဟု သိရသည်။

(နေမျိုးသူရိန်)

❖ ကျောဖုံးမှ

ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အရာအားလုံးကိုဖွင့်လှစ်ဖို့ ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံကိုပို၍ပို၍ ဒီမိုကရက်တစ်နိုင်ငံဖြစ်အောင် ဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံဟာ လွန်စွာမှပင်ရဲရင့်လှတဲ့လုပ်ငန်းစဉ်ကို လျှောက်လှမ်းနေတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒီမိုကရေစီဖော်ဆောင်ရေးရဲ့ အန္တရာယ်ဟာ အခုအခါမှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မတူညီတဲ့ လူမျိုးစုတွေ၊ မတူညီတဲ့ကိုးကွယ်မှုတွေအတွင်းမှာပဲ ရှိနေပါတယ်။ တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ ဒါတွေကို စုစည်းတည်ဆောက်ထားတဲ့ စည်းမျဉ်းတွေကိုဆန့်ကျင်ပြီး ဘာသာရေးအမှတ်သရုပ်တွေကို နိုင်ငံရေးသွတ်သွင်းမယ်၊ ဒါမှမဟုတ် လူမျိုးရေးအမှတ်သရုပ်တွေကို နိုင်ငံရေးသွတ်သွင်းကြမယ်ဆိုရင် မြန်မာနိုင်ငံကို လမ်းကြောင်းအမှားပေါ် ဆွဲချသွားစေနိုင်တဲ့ ပဋိပက္ခတွေကို ကျွန်တော်တို့စမြင်နေရပါပြီ။

ဒါဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ မဟုတ်ပါဘူး။ ဒီမလေးရှားနိုင်ငံဟာဆိုရင် မူဆလင်လူများစု နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့်လည်း မူဆလင်မဟုတ်တဲ့သူတွေ ခွဲခြားခံနေရတာတွေ၊ မူဆလင်မဟုတ်သူတွေကို ရန်ပြုခြင်းခံခဲ့ရတာတွေရှိနေပါတယ်။

ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် သမိုင်းနဲ့ချီတဲ့ လူမျိုးရေးပဋိပက္ခတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်တွင်းစစ်ပွဲကြီးဆင်နွှဲခဲ့ရပါတယ်။ နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုတွေ ဆင်နွှဲခဲ့ရပါတယ်။ အာဖရိကန်နွယ်ဖွားသမ္မတတစ်ယောက်အဖြစ် ခင်ဗျားတို့ရှေ့မှာ ရပ်လာနိုင်တဲ့ ယနေ့အထိ မျိုးဆက်အဆက်ဆက်တိုက်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒီအလုပ်က မပြီးသေးပါဘူး။ အမေရိကန်ပြည်ထောင်စုမှာကိုပဲ ခွဲခြားဆက်ဆံမှုတွေ၊ မမျှတမှုတွေ၊ လူမျိုးရေးပဋိပက္ခတွေ ရှိနေ

တုန်းပါပဲ။ ဒါတွေကို ကျွန်တော်တို့တိုက်ဖျက်နေရတုန်းပါပဲ။

ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နဲ့ မတူတဲ့သူတွေ၊ ကိုးကွယ်မှုကွဲပြားတဲ့သူတွေ၊ လူမျိုးရေးနောက်ခံမတူညီတဲ့သူတွေ၊ ဒီလူတွေအပေါ်မှာ ကျွန်တော်တို့အားလုံးကိုယ်စီကိုယ်စီ ဘက်လိုက်မှုတွေ၊ ခွဲခြားလိုတဲ့စိတ်ဆန္ဒတွေရှိနေကြပါတယ်။ ဒါပေမယ့်လည်း ဒီကနေ့ကမ္ဘာကြီးက ကျုံ့နေပါတယ်။ ပိုပိုပြီးလည်းသေးငယ်လာနေပါတယ်။ ခင်ဗျားတို့အနေနဲ့ ကိုယ့်ရွာနဲ့ကို၊ ကိုယ့်မျိုးနွယ်စုနဲ့ကို တစ်သီးတခြားနေနေကြတာပဲ။ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ဆက်ဆံစရာ မလိုဘူးလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ကျွန်တော်တို့ဟာ အခုဆိုရင် အင်တာနက်တွေ၊ စမတ်ဖုန်းတွေရှိနေပါပြီ။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေဟာ ပြိုလဲသွားပါပြီ။ ကမ္ဘာကြီးက သေးသည်ထက် သေးလာနေပါပြီ။ လူတချို့ကို ဘေးဖယ်ထားပြီး အထီးကျန်ဖယ်ကြဉ်ထားတဲ့ ဘယ်နိုင်ငံမဆိုအောင်မြင်နိုင်မှာမဟုတ်ပါဘူး။

မလေးရှားနိုင်ငံမှာ မူဆလင်မဟုတ်သူတွေကို အခွင့်အရေးတွေပိတ်ပင်ထားမယ်ဆိုရင် မလေးရှားနိုင်ငံအောင်မြင်မှာမဟုတ်ပါဘူး။ မူဆလင်တွေကို ဖိနှိပ်ထားမယ်ဆိုရင်လည်း မြန်မာနိုင်ငံဟာလည်း မအောင်မြင်နိုင်ပါဘူး။ နိုင်ငံရဲ့ ထက်ဝက်ရှိတဲ့လူဦးရေ၊ ပြောရရင် အမျိုးသမီးတွေကို အမျိုးသားတွေနည်းတူ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း အတူတူမပေးတဲ့ ဘယ်လိုလူ့အဖွဲ့အစည်းမှ အောင်မြင်နိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့် ခင်ဗျားတို့အားလုံးအတွက် အထူးသဖြင့် လူငယ်တွေအတွက် ကျွန်တော်ပြောချင်တဲ့ အဓိကအချက်ကတော့ ခင်ဗျားတို့ရဲ့ယဉ်ကျေးမှုကို ခင်ဗျားတို့မြှင့်တင်ရမယ်။ ခင်ဗျားတို့ဘယ်သူဆိုတာ၊ ခင်ဗျားတို့ဘယ်က ဆင်းသက်လာတယ်ဆိုတာကို ခင်ဗျားတို့ဂုဏ်ယူရမယ်။ ဘာသာစကားတွေ၊ အစားအသောက်တွေကွဲပြားခြားနားနေတာတွေကို ခင်ဗျားတို့တန်ဖိုးထားရမယ်။ ခင်ဗျားတို့ကိုးကွယ်နေကြတဲ့ ဘုရားသခင်တွေက တူမှာမဟုတ်ပါဘူး။ ဒီမတူညီတဲ့ ကိုးကွယ်မှုတွေကို တန်ဖိုးထားရမယ်။ ဒါပေမယ့်လည်း ဒီကွဲပြားမှုတွေဟာ တစ်စုံတစ်ဦးကို ထိခိုက်တဲ့ အသုံးချခံတွေမဖြစ်ရဘူး။ ခွဲခြားဆက်ဆံဖို့ အကြောင်းပြချက်တွေမဖြစ်ရဘူး။

ဒါ့ကြောင့် ခင်ဗျားတို့ရဲ့ နေ့စဉ်ဘဝတွေမှာ ဒီလို ခွဲခြားဆက်ဆံမှုတွေကို ဆန့်ကျင်တာတွေထုတ်ပြောရမယ်။ ခေါင်းဆောင်တွေအဖြစ် ပေါ်ထွက်လာမယ့် ခင်ဗျားတို့ဟာ လူတွေကိုသီးခြားခွဲထုတ်မထားဘဲ သီးခြားဖြစ်နေတဲ့လူတွေကို တစုတစည်းတည်း ဖြစ်အောင်လုပ်တဲ့ နိုင်ငံရေးကို ဖော်ဆောင်ရမယ်။ လက်ရှိမျိုးဆက်အတွက် ဒါဟာ အရေးကြီးဆုံးအချက်ဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် အခြားသူတွေနဲ့အတူ ရပ်တည်ရမယ်။ သူတို့ရဲ့မျက်ဝန်းတွေကိုကျော်လွန်ပြီး သူတို့ရင်ထဲကိုကြည့်မြင်နိုင်ရမယ်။ ဘာသာတရားတိုင်းမှာ အခြေခံစည်းမျဉ်းကျင့်ဝတ်တွေရှိပါတယ်။ ခရစ်ယာန်တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ခရစ်တော်ရဲ့ အဆုံးအမတွေကနေ နားလည်ထားတာရှိပါတယ်။ “လူတွေက မိမိကို ဆက်ဆံစေချင်သလိုမျိုး မိမိက အခြားသူတွေကိုဆက်ဆံပါ” ဆိုတာရှိပါတယ်။ ခင်ဗျားတို့ ဒီလိုမျိုး မဆက်ဆံဘူးဆိုရင်၊ အခြေခံစည်းမျဉ်းကျင့်ဝတ်တွေကို မလေးစားဘူးဆိုရင် အဲဒီလူ့အဖွဲ့အစည်းဟာ ရှေ့ကိုသွားနိုင်မှာမဟုတ်ဘဲ နောက်ပြန်ဆွဲနေတာဖြစ်တယ်။

ဒါဟာ ကမ္ဘာတစ်ဝန်းလုံးအတွက် အမှန်တရား၊ သစ္စာတရားဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့ထဲက တချို့သီးခြားဖြစ်နေပေမယ့်လည်း ကျွန်တော်တို့နဲ့ သူတို့ဟာ အတူတူပဲဖြစ်ပါတယ်။ မြောက်အိုင်ယာလန်မှာဆိုရင် လူဦးရေတစ်ဝက်က ကက်သလစ်တွေ၊ ကျန်တဲ့တစ်ဝက်က ပရိုတက်စတင့်တွေ၊ ပဋိပက္ခတွေ အမြောက်အမြားဖြစ်ခဲ့ပေမယ့်လည်း နောက်ဆုံးမှာတော့ ငြိမ်းချမ်းရေးရရှိခဲ့ပါတယ်။ အပြင်ဘက်က ခင်ဗျားတို့ ကြည့်လိုက်မယ်ဆိုရင် ဘာဖြစ်လို့ ပဋိပက္ခတွေ ဖြစ်နေတာလဲဆိုပြီး မေးစရာဖြစ်နေမယ်။ သူတို့ နှစ်ဖက်စလုံးက အိုင်းရစ်လူမျိုးတွေပဲ။ ပြောတဲ့ ဘာသာစကားကလည်း တစ်ခုတည်းပဲ။ သူတို့ အငြင်းပွားနေစရာမလိုဘူးလို့ ထင်ကြလိမ့်မယ်။ ဒါပေမယ့် ပြဿနာဖြစ်တဲ့အခြမ်းက နောက်ကျကျန်ခဲ့တယ်။ ဆင်းရဲတယ်။ အိုင်ယာလန်ရဲ့ ပြဿနာမဖြစ်တဲ့အခြမ်းထက် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်ရစ်ခဲ့ရတယ်။

အာဖရိကတိုက်က နိုင်ငံတွေကို ကြည့်လိုက်ရင် ကျွန်တော့်ဖခင်ရဲ့ ကင်ညာနိုင်ငံမှာဆိုရင် လူမျိုးစုပဋိပက္ခတွေ အများကြီးဖြစ်နေတယ်။ အပြင်က ခင်ဗျားတို့ ဘာကြောင့်ဖြစ်နေတာလဲလို့ ထင်ကြလိမ့်မယ်။ ဒီနိုင်ငံဟာ အလားအလာ အများကြီးကောင်းတယ်။ သူတို့အနေနဲ့ တိုးတက်နေရမယ့်အချိန်မှာ လူမျိုးစုတွေ၊ မျိုးနွယ်စုတွေကို အကြောင်းပြုပြီး နိုင်ငံရေးအရ စည်းရုံးတာတွေ၊ တိုက်ခိုက်တာတွေကို တစ်ချိန်လုံး လုပ်နေကြတယ်။ တစ်ဖွဲ့က အာဏာရသွားပြီဆိုရင် ကျန်တဲ့တစ်ဖွဲ့ကို သံသယ ပွားပြီး နေရာလုမှာကို စိုးရိမ်တယ်။ အာဏာအလှည့်အပြောင်းဖြစ်ရင် ပြန်ခံကျရရော။ ဒီသံသရာကို လူ့အဖွဲ့အစည်းတစ်ခုပြီးတစ်ခု ကျွန်တော်တို့ တွေ့နေရပါတယ်။ လူငယ်မျိုးဆက်သစ်တွေ လုပ်ဆောင်နိုင်တဲ့ အရေးအကြီးဆုံးအချက်ကတော့ ဒီလိုအတွေးအခေါ်တွေကို ဖောက်ထွက်နိုင်ဖို့ပဲဖြစ်ပါတယ်။

ကျွန်တော် တိုကျိုကို ရောက်တုန်းက အာကာသယာဉ်မှူးတစ်ယောက်ရဲ့ ပြခန်းတစ်ခုကို တွေ့ခဲ့ရပါတယ်။ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှာရှိတဲ့ ဂျပန်အာကာသယာဉ်မှူးတစ်ယောက်။ သူက ကမ္ဘာကြီးတစ်ခုလုံးကို လေ့လာစောင့်ကြည့်နေတယ်။ သူတို့ဟာ ရာသီဥတုပြောင်းလဲမှု ပုံသဏ္ဍာန်တွေကို ခြေရာခံလေ့လာ နေကြတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ လေ့လာမှုက ကျွန်တော်တို့ကို သဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်လာရင် အမြန်ဆုံး တုံ့ပြန်နိုင်စေဖို့ဖြစ်ပါတယ်။ ဂျပန်၊ အမေရိကန်၊ ရုရှားနှင့် အခြားနိုင်ငံက အာကာသယာဉ်မှူးတွေ အတူတူနေထိုင်လုပ်ကိုင်နေတာ မြင်ရပါလိမ့်မယ်။ အာကာသထဲက သူတို့ဆီကနေ ဒီကမ္ဘာဂြိုဟ်ကြီးကို လှမ်းကြည့်လိုက်ရင် ကျွန်တော်တို့အားလုံးဟာ အာကာသအလယ်က ဒီကျောက်တုံး သေးသေးလေးပေါ်မှာ အတူတူနေနေကြရတာပါပဲ။ သိပ်ကို အရေးကြီးလှပါတယ်ဆိုတဲ့ ထင်မြင်ယူဆနေကြတဲ့ ကွဲပြားမှုတွေဟာ ကျွန်တော်တို့ကို အာကာသထဲက လှမ်းကြည့်တဲ့အခါမှာ ဘာမျှမဟုတ်တော့တဲ့ အခြေအနေရောက်သွားပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ လူတိုင်းကို လေးစားရမယ်၊ လူတိုင်းကို တန်းတူရည်တူ ဆက်ဆံရမယ်ဆိုတဲ့ တူညီတဲ့ ရှုမြင်ချက်ထားရှိကြရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံး လိုက်နာကြရမယ့် ကျင့်ဝတ်စည်းမျဉ်းပဲဖြစ်ပါတယ်။ သိပ်ကောင်းတဲ့မေးခွန်းပါ။ ယောကျ်ားလေး၊ မိန်းကလေးအားလုံးဟာ အခွင့်အရေးအတူတူရှိဖို့ လိုပါတယ်။ ဒါကို ကျွန်တော်တို့ လိုက်နာကျင့်သုံးကြရမှာ ဖြစ်ကြောင်း တိုက်တွန်းလိုပါတယ်။ ဒါကို ခင်ဗျားတို့ အားလုံး ဆက်လက်ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။

၎င်းနောက် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ စသည့် အာဆီယံနိုင်ငံများမှ လူငယ်များ၏ မေးမြန်းချက်များကို ဆက်လက်ဖြေကြားသွားခဲ့သည်။

သမ္မတ အိုဘားမား၏ အာဆီယံလူငယ်များနှင့် တွေ့ဆုံမှုတွင် မြန်မာနိုင်ငံ၏ လက်ရှိလျှောက်လှမ်းနေသော ပြုပြင်ပြောင်းလဲမှုများကို လွန်စွာမှပင် ရဲရင့်လှသော ခြေလှမ်းများအဖြစ် ချီးကျူးပြောဆိုသွားခဲ့သလို မတူကွဲပြားမှုများကို တန်ဖိုးထားမြှင့်တင်ရေး၊ တန်းတူအခွင့်အရေးများရရှိရေး၊ ပဋိပက္ခများ ကင်းဝေးစေရေးစသည်တို့ကို ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များကို သာဓကပြု၍ ရှင်းလင်းပြောကြားသွားခဲ့ကြောင်း တွေ့ရှိရသည်။ အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရာတွင် လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမေးမြန်းခွင့် ရရှိခဲ့ခြင်းကြောင့် မတူကွဲပြားမှုများ တည်ရှိနေသော အာဆီယံနိုင်ငံများမှ လူငယ်များအတွက်လည်း ကြီးမားသော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပေတော့သည်။ ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်

နေပြည်တော် ဧပြီ ၂၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းသာကျေးရွာရှိ ကုန်းသာတောင်မေ့ ပရဟိတ (ဘုန်းတော်ကြီးသင်ပညာရေး)ကျောင်းသို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏအား ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းလှူဒါန်းပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းရင်းသားကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဒါန်းရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ ယင်းနောက် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဦးသိန်းဇော်နှင့် ဒေါက်တာခင်ရွှေတို့က အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌက ကယားပြည်နယ်အတွင်းရှိ ဘာသာရေး၊ ပညာရေး၊ လူမှုရေးအဖွဲ့အစည်းများကို အလှူငွေနှင့်ထောက်ပံ့ပစ္စည်း တန်ဖိုးစုစုပေါင်းငွေကျပ်သိန်း ၁၅၀၀ ခန့်လှူဒါန်းခဲ့ပြီး ယင်းကုန်ကျငွေများကို ဇေကမ္ဘာကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၂၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစေလွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Anatoly I. Antonov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်ချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

(၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ရွှေတံဆိပ်ရရှိသူများ၏ ရင်တွင်းစကား

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်းအပါအဝင် နိုင်ငံ ခုနစ်နိုင်ငံမှ အားကစားသမားများပါဝင်ယှဉ်ပြိုင်ကြရာ အိမ်ရှင်မြန်မာလူငယ်များက ပြိုင်ပွဲအသီးသီးတွင် ရွှေတံဆိပ်ဆုများရရှိခဲ့ကြသည်။ ထိုသို့ ရွှေတံဆိပ်ဆုရရှိကြသည့် မြန်မာလူငယ်အားကစားသမားများ၏ ရင်တွင်းစကားများကို စုစည်းတင်ပြလိုက်ပါသည်-

အမျိုးသားမီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ရှိုင်းအောင်က “ကိုယ့်နိုင်ငံ၊ ကိုယ့်အိမ်ရှင်မှာ မီတာ ၁၅၀၀ ရွှေရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်” ဟု ပြောကြားသည်။

မောင်ရှိုင်းအောင်

အမျိုးသားမီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်မျိုးထက်အောင်က “ကျွန်တော်က မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အခု လူငယ်ပွဲမှာ ရွှေရတဲ့အတွက် နိုင်ငံ့လက်ရွေးစင် ဖြစ်အောင် ကြိုးစားပြီး နိုင်ငံအတွက် ရွှေတံဆိပ်ထပ်မံဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားပါမယ်” ပြောကြားသည်။

မောင်မျိုးထက်အောင်

အမျိုးသားမီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်သက်ဝေဇော်က “ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ ဒီလိုပွဲမျိုးမှာ နိုင်ငံတော်အတွက် ရွှေရအောင် ယူပေးနိုင်တဲ့အတွက် ဂုဏ်ယူမိပါတယ်”ပြောကြားသည်။

မောင်သက်ဝေဇော်

အမျိုးသား မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်သီဟဇော်က “ကျွန်တော်က မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အနာဂတ်မှာ နိုင်ငံတော်အတွက် ရွှေရအောင် ထပ်မံကြိုးစားပါမယ်”ဟု ပြောကြားသည်။

မောင်သီဟဇော်

အမျိုးသားမီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်နိုင်ဝင်းလတ်ထွန်းက “ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ ဒီဆုရမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ဒီဆုရတဲ့အတွက် ရှေ့ဆက်ကြိုးစားဖို့ ခွန်အားတွေ အများကြီးဖြစ်မိပါတယ်”ဟု ပြောကြားသည်။

မောင်နိုင်ဝင်းလတ်ထွန်း

အမျိုးသားမီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ရဲထွဋ်ဝင်းက “ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အခုလို ရွှေရယူနိုင်တဲ့အတွက် ကျွန်တော့်ကို မွေးထုတ်ပေးတဲ့ ရန်ကုန်အားကစားသိပ္ပံကျောင်းနဲ့ နိုင်ငံတော်အတွက် ဂုဏ်ယူမိပါတယ်။ နောင်လာမယ့်နှစ်တွေမှာလည်း ဒီလိုရွှေတံဆိပ်ရရှိအောင် ကြိုးစားပါမယ်လို့ ကတိပြုပါတယ်” ဟု ပြောကြားသည်။

မောင်ရဲထွဋ်ဝင်း

အမျိုးသား မီတာ ၃၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ရဲဟိန်းထွဋ်က “ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ ရွှေရတဲ့အတွက် အရမ်းဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီထက်မြင့်မားတဲ့ SEA Games ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံတော်ဂုဏ်သိက္ခာကို ရွှေတံဆိပ်ရယူပြီး စွမ်းဆောင်နိုင်အောင် ကြိုးစားပါမယ်”ဟု ပြောကြားသည်။

မောင်ရဲဟိန်းထွဋ်

အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ခွန်ထီလုံက “ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အခုလိုရွှေရအောင် သင်ကြားပြသပေး လေ့ကျင့်ပေးတဲ့ သိပ္ပံကျောင်းက ဆရာ ဆရာမတွေကို အထူးကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

မောင်ခွန်ထီလုံ

အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ရဲထက်အောင်က “ကျွန်တော်က ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အခုလို ရွှေရအောင် မွေးထုတ်ပေးတဲ့ အဖေ၊ အမေနဲ့ သင်ကြားပြသပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။

မောင်ရဲထက်အောင်

အမျိုးသမီး မီတာ ၂၀၀၀ အတားအဆီးကျော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မနှင်းယုစိုးက “ကျွန်မက ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဖရန်ကျေးရွာကပါ။ အခုလို လူငယ်ပြိုင်ပွဲမှာ နိုင်ငံတော်အတွက် ရွှေတံဆိပ်ရယူပေးနိုင်လို့ ဂုဏ်ယူပါတယ်။ သမီးတို့လို လူငယ်အားကစားသမားတွေ ပေါ်ထွက်လာအောင် နိုင်ငံတော်က လူငယ်ပြိုင်ပွဲတွေ များများပြုလုပ်ပေးစေချင်ပါတယ်” ဟု ပြောကြားသည်။

မနှင်းယုစိုး

အမျိုးသမီး မီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မသဲပွင့်ဖြူက “ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။သမီးက မြိတ်မြို့ကနေ ရန်ကုန်သိပ္ပံ ကျောင်းတက်နေတာပါ။ အခုလို ရွှေရတဲ့အတွက် နိုင်ငံနဲ့ မိမိတိုင်းဒေသကြီး/မြို့နယ်/ခရိုင်အတွက် ဂုဏ်ယူမိပါတယ်”ဟု ပြောကြားသည်။



မသဲပွင့်ဖြူ

အမျိုးသမီး မီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မသီတာအောင်က “ကျွန်မက မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ သမီးကို အခုလို ရွှေတံဆိပ်ဆုရအောင် လေ့ကျင့်ပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။

မသီတာအောင်

အမျိုးသမီး မီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မမြတ်ပန်းဝတ်မှုံက “ကျွန်မက မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ သမီးအသက် (၁၆)နှစ်ပါ။ နိုင်ငံတော်အတွက် ရွှေတံဆိပ်တွေ ထပ်ယူပေးဖို့ ဆန္ဒတွေ အများကြီးရှိပါတယ်” ဟု ပြောကြားသည်။

မမြတ်ပန်းဝတ်မှုံ

အမျိုးသမီး မီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မစုနဒီလှိုင်က “ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ ဒီဆုကို ရမယ်လို့မထင်မိပါဘူး။ သမီးတို့ လေးယောက် ညီညွတ်တဲ့ စိတ်ဓာတ်ကြောင့် အခုလိုရတာပါ။ နောက်ထပ် နိုင်ငံတော်အတွက် ဒီထက်မက ကြိုးစားပါမယ်”ဟု ပြောကြားသည်။

မစုနဒီလှိုင်

အမျိုးသမီး မီတာ ၃၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မသီသီအောင်က “ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာ သိပ္ပံကျောင်းကပါ။ သင်ကြားပြသပေးတဲ့ ဆရာတွေကို ကျေးဇူးတင်ပါတယ်။ နောင်ကို အများကြီး ကြိုးစားပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ချင်ပါသေးတယ်”ဟု ပြောကြားသည်။

မသီသီအောင်

အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မအေးအေးအောင်က “ကျွန်မက မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အခုလို ရွှေတံဆိပ်ရပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်”ဟု ပြောကြားသည်။

မအေးအေးအောင်

အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မစိုးစန္ဒာဝင်းက “ကျွန်မက ရန်ကုန်အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းကပါ။ အခုလို ရွှေရအောင် အားပေးကြတဲ့ ပရိသတ်နဲ့ နိုင်ငံတော်တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။ ။

မစိုးစန္ဒာဝင်း

မြန်မာ-တော်ဝေ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် တော်ဝေနိုင်ငံ Deputy Minister for Trade, Fisheries and Industry H.E. Ms. Dilek Ayhan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဧပြီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် မြို့ရှင်ရယ်ကုမ္ပဏီဟိုတယ်၌ တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကြိုဆိုပါကြောင်း၊ ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တော်ဝေနိုင်ငံ ဒုတိယဝန်ကြီးက တော်ဝေနိုင်ငံမှာ ကမ္ဘာပေါ်တွင် ဓာတ်မြေဩဇာအများဆုံး ထုတ်လုပ်နေသော နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ လယ်သမားများအတွက် ဓာတ်မြေဩဇာ တင်သွင်းရောင်းချခြင်း၊ ထုတ်လုပ်ခြင်းနှင့် အသိညဏ်ဗဟုသုတများ ဖြန့်ဖြူးခြင်းတို့ကို လုပ်ဆောင်လိုပါကြောင်း၊ တော်ဝေစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းများရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးကို စိတ်ဝင်စားပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းသည် UNFPA ၏ ကူညီပံ့ပိုးမှုဖြင့် မေ ၅ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ (International Midwives Day) အထိမ်း အမှတ်အခမ်းအနားကို မေ ၃ ရက်တွင် ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ)ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် သားဖွားဆရာမများက အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အထိမ်းအမှတ်စာတမ်းများ ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုနှင့် သားဖွားအသင်းများမှ သားဖွားဆရာမ ကိုယ်စားလှယ်နှစ်ဦးစီနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အသင်းဝင် သူနာပြုနှင့်သားဖွားဆရာမများ တက်ရောက် ဆွေးနွေးကြမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များသည် မေ ၂ ရက်ထက် နောက်မကျဘဲ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းသို့ သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ **(ရီရီသန့်)**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးကျင်းပရေးကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၉

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာထိပ်သီးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပရေးကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေး သဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၄ အာဆီယံအစည်းအဝေးများ ကျင်းပရန် တစ်ပတ်ခန့်သာ လိုပါတော့ကြောင်း၊ ထို့အတွက် မကြာမီ ဆောင်ရွက်ရတော့မည် ဖြစ်သဖြင့် ဆပ်ကော်မတီအသီးသီးအား အပြီးသတ် ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီသို့လည်း တင်ပြထားပြီး အတည်ပြုချက်လည်း ရယူပြီးဖြစ်ပါကြောင်း၊ အာဆီယံအစည်းအဝေးများ ကျင်းပမည့် MICC တွင် ဆပ်ကော်မတီအသီးသီးမှလည်း ကဏ္ဍအလိုက် ပြင်ဆင်လျက်ရှိပါကြောင်း။

LO၊ SO များအနေဖြင့်လည်း MICC ၏ ဖွဲ့စည်းတည်ရှိပုံကို ကျွမ်းကျွမ်းကျင်ကျင်ရှိစေရန် လေ့လာရမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တည်းခိုမည့် ဟိုတယ်များကိုလည်း ဗဟိုကော်မတီမှ ကြည့်ရှုလမ်းညွှန်မည်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီအသီးသီးအနေဖြင့် လုပ်ငန်းအောင်မြင်စေရေးအတွက် အစီအစဉ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကြိုဆိုရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့် ကဏ္ဍရပ်များတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်တို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက မိမိတို့ဆိုင်ရာကဏ္ဍများအလိုက် အကြောင်းအရာကိစ္စရပ်များအပေါ် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

✻ အလုပ်သမားမှ

အလုပ်သမားနေ့ အခမ်းအနားကို ပြုလုပ်ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာထားသည်။

မေဒေးနေ့ အခမ်းအနားကို အစီအစဉ် ရှစ်ခုဖြင့် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ကျား/မ တန်းတူညီမျှရေး (Gender Equality) အကြောင်းကို ဒေါ်ဆွေဇင်ထိုက်၊ စားသုံးသူအခွင့်အရေးနှင့်စပ်လျဉ်းပြီး စားသုံးသူအခွင့်အရေး ကာကွယ်ရေးသမဂ္ဂ၏ အတွင်းရေးမှူးတို့က ပညာပေးဟောပြောကြမည်ဖြစ်ပြီး အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များနှင့် နာမည်ကြီးအနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနား၌ နေရောင်ခြည်သုံး၍ လျှပ်စစ်ရယူနိုင်သည့် ဆိုလာပစ္စည်းများကို ခင်းကျင်းပြသမည့်အပြင် Care International မှ အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး၊ Marie Stopes International-MSI မှ အမျိုးသမီးများအား ကာကွယ်သည့် ဥပဒေ၊ အမျိုးသမီးကျန်းမာရေး၊ Decent Work အဖွဲ့မှ သင့်တင့်သော အလုပ်အကိုင်နှင့် (Forced Labour elimination) အဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးတို့နှင့် ပတ်သက်၍ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ပညာပေးရုပ်ရှင်ကားများ ပြသခြင်းနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း ယာယီတဲများ ပြုလုပ်ပေးထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် အမျိုးသမီးကော်မတီ အတွင်းရေးမှူး မခိုင်ဇာအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်သည် မြန်မာတစ်နိုင်ငံလုံးရှိ အလုပ်သမားအဖွဲ့အစည်းပေါင်း ၃၈၅ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်အလုပ်သမားဦးရေ သုံးသောင်းကျော် ပါဝင်သည်။ ယင်းအဖွဲ့ချုပ်သည် ၂၀၀၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (ITUC)၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာသည်။

(ရဲခေါင်၊ မြတ်သန္တာမောင်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ

၂၄-၄-၂၀၁၄ မှ ၄-၅-၂၀၁၄ အထိ

မြန်မာ-ဂျပန် နှစ်နိုင်ငံစီးပွားကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေး

နေပြည်တော် မေ ၂၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှိဟီကိုနိုဒ ဦးဆောင်ပြီး Ministry of Economic,Trade and Industry ဝန်ကြီးဟောင်း H.E. Mr. Yukio EDANO အပါအဝင်အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲ ၃ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဂျပန်နိုင်ငံ၏တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ၊ နည်းပညာအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဦးစားပေးစီမံကိန်းများ၊ ထိရောက်သော ဖွံ့ဖြိုးမှုအကူအညီနှင့် အကောင်အထည်ဖော်မှု ချောမွေ့စေရေးကိစ္စ၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ဆက်စပ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

ဒေါ်ဆုဆုအောင်နှင့်ဆက်သွယ်ပတ်သက်သူများအားလုံး အပါအဝင် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ်(၁၆၆)တွင် ဖွင့်လှစ်ထားသော LASER WORLD FAMILY GROUP OF CO.,LTD၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆုဆုအောင်သည် LASER WORLD FAMILY GROUP OF CO.,LTD ၏လက်အောက်ခံဌာနခွဲတစ်ခုဖြစ်သော အစီအစဉ်ထုတ်လုပ်မှုဌာနတွင် Presenter အဖြစ် ၅-၃-၂၀၁၃ရက်မှ ၉-၈-၂၀၁၃ရက်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုကဲ့သို့ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကုမ္ပဏီပိုင်ဇာတ်ညွှန်းစာအုပ်မူရင်းခွဲပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကုမ္ပဏီမှမေးမြန်းခဲ့ရာတွင် ဒေါ်ဆုဆုအောင်မှ ကုမ္ပဏီ၏ တာဝန်ရှိသူများထံ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ ၎င်းယူဆောင်သွားသည်မှာ မှန်ကန်ကြောင်းနှင့် ယခုအချိန်တွင် ၎င်းစာအုပ်မှာပျောက်ဆုံးနေကြောင်း ဝန်ခံခဲ့ပါသည်။ ထိုကဲ့သို့ ဝန်ခံခဲ့သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီမှဖြေရှင်းရန် အကြောင်းကြားခဲ့ရာ ဒေါ်ဆုဆုအောင်မှကုမ္ပဏီနှင့် ဆက်သွယ်ဖြေရှင်းခြင်း မရှိသောကြောင့် ကျောက်တံတားမြို့နယ်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ပြီး၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျောက်တံတားရဲစခန်းမှလည်း ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်နေဆဲအချိန်၌ အဖြစ်မှန်မဟုတ်သော၊ မှန်ကန်ခြင်းလည်းမရှိသော အချက်အလက်များကို လူမှုကွန်ရက်တွင် ဖော်ပြခဲ့သောကြောင့် ထိုဖော်ပြချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ အီလက်ထရွန်နစ် ဆက်သွယ်ရေး ဥပဒေအရအရေးယူပေးရန် သက်ဆိုင်ရာရဲစခန်းတွင် ထပ်မံတိုင်ကြားခဲ့ရာ သက်ဆိုင်ရာရဲစခန်းမှ ၎င်းတို့၏လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေဆဲဖြစ်ပါသည်။ ထိုကဲ့သို့အခြေအနေတွင် သက်ဆိုင်ရာရဲစခန်းမှသော်လည်းကောင်း၊ တရားရုံးတစ်ရုံးရုံးမှသော်လည်းကောင်း၊ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်မှ သော်လည်းကောင်း ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်မီကာလအတွင်း LASER WORLD FAMILY GROUP OF CO.,LTD ကိုသော်လည်းကောင်း၊ လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း ထိခိုက်နစ်နာစေမည့် ပြုမူဆောင်ရွက်မှုများ၊ သတင်းထုတ်လွှင့်မှုများ၊ မမှန်မကန် ဖော်ပြချက်များ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

LASER WORLD FAMILY GROUP OF CO.,LTD၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထင်လင်းနိုင်**(LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂/၂၀၀၂)

နိုင်ငံတကာသတင်း

ကိုရီးယားနှစ်နိုင်ငံ ပင်လယ်နယ်နိမိတ်အနီး အမြောက်ကြီးများပစ်ခတ်၍ မြောက်ကိုရီးယား စစ်ရေးလေ့ကျင့်

ဆိုးလ် မေ ၂၉

မြောက်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံအငြင်းပွားလျက်ရှိသော ပင်လယ်နယ်နိမိတ်အနီးတွင် အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်လျက်ရှိကြောင်း တောင်ကိုရီးယားစစ်ဘက်က မေ ၂၉ ရက်တွင် ပြောကြားသည်။

လူနေထိုင်သောကျွန်းများအနီးရှိ ပင်လယ်ဧရိယာနှစ်ခုတွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဟု မြောက်ကိုရီးယားနိုင်ငံက အစောပိုင်းတွင် တောင်ကိုရီးယားနိုင်ငံအား အသိပေးအကြောင်းကြားခဲ့သည်။

မေ ၂၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် ကျည်အစစ်သုံး၍ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်သောစစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မည်သည့် အမြောက်ကျည်မျှ တောင်ကိုရီးယားပိုင်နက် ပင်လယ်ရေပြင်အတွင်းသို့ ကျရောက်ခဲ့ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် အလားတူ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မတ်လအတွင်းက ပြုလုပ်ခဲ့သည်။ ထိုစဉ်က အမြောက်ကျည်အချို့ တောင်ကိုရီးယားပိုင်နက်နယ်မြေအတွင်းသို့ ကျရောက်ခဲ့ရာ တောင်ကိုရီးယားဘက်မှ အမြောက်လက်နက်များဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့သည်။

ပီတီအိုင်။

မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ အမြောက်လက်နက် အသုံးပြု၍ ပစ်ခတ်နေသည့် မှတ်တမ်းပုံ။

ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှု သံကန့်လန့်ကာချခြင်းဟု ရုရှား ဝေဖန်

မော်စကို မေ ၂၉

ယူကရိန်းအကျပ်အတည်းနှင့်ပတ်သက်၍ ရုရှားနိုင်ငံအပေါ် ချမှတ်သည့် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ ဒဏ်ခတ်အရေးယူမှုအသစ်များသည် မိမိတို့နိုင်ငံအပေါ် သံကန့်လန့်ကာချသည့်ပုံစံဖြစ်ကြောင်း ရုရှားနိုင်ငံက ပြစ်တင်ရှုတ်ချခဲ့သည်။

ယူကရိန်းနိုင်ငံ လူဟန့်စ်မြို့ရှိ အစိုးရရုံးတစ်ရုံးကို ရုရှားလိုလားသူများက သိမ်းပိုက်ထားစဉ်။

နစ်နာစေ

ရုရှားနိုင်ငံအပေါ် အမေရိကန်က သံကန့်လန့်ကာချသည့်သဖွယ် ဒဏ်ခတ်အရေးယူမှု ပြုလုပ်ခြင်းသည် မိမိတို့နိုင်ငံ၏ အဆင့်မြင့်နည်းပညာကဏ္ဍတွင် ထိခိုက်နစ်နာစေကြောင်း ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီယာဗ်ကော့ဗ်က ပြောကြားသည်။

ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ခြင်းသည် အီးယူအဖွဲ့အနေဖြင့် အရှက်ရစေဖွယ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

သိမ်းပိုက်

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းအရှေ့ပိုင်းဒေသတွင် ကျူးကျော်ဝင်ရောက်မှုများမပြုခဲ့ဟု၍ အထပ်ထပ် အခါခါ ထုတ်ပြန်ကြေညာမှုများ ပြုခဲ့သော်လည်း ယင်းဒေသတွင် ရုရှားလိုလားသည့် လက်နက်ကိုင်အဖွဲ့များက ဒါဇင်နှင့်ချီသောမြို့များရှိ အစိုးရပိုင် အဆောက်အအုံများကို သိမ်းပိုက်ထိန်းချုပ်မှုများ ပြုလုပ်လျက်ရှိသည်။

ဘီဘီစီ။

ဂျာမန်သုံးဦး လိုက်ပါလာသော ရွက်လှေတစ်စင်း နယူးဇီလန်ကမ်းလွန်၌ ပျောက်ဆုံးနေ

ဝယ်လင်တန် မေ ၂၉

နယူးဇီလန်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ဂျာမန်လူမျိုးသုံးဦးလိုက်ပါလာသော ရွက်လှေတစ်စင်း ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၅ ပေအရှည်ရှိ အဆိုပါရွက်လှေပျောက်ဆုံးသည်ဟု သိရှိရပြီးနောက် ဝေဟင်မှရှာဖွေခဲ့သော်လည်း မတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မှုနက်ထရာအမည်ရှိ အဆိုပါရွက်လှေသည် မေ ၁၆ရက်က နယူးဇီလန်နိုင်ငံ တောင်ကျွန်း ဘလက်ဖ်ပင်လယ်ဆိပ်ကမ်းမြို့မှ ပရီဆာဗေးရှင်းကျွန်းစုသို့ ဦးတည်ထွက်ခွာသွားခဲ့သည်။ ယင်းနေ့တွင် နောက်ဆုံးအကြိမ်ဆက်သွယ်မှုရရှိခဲ့ပြီးနောက် မေ ၂၄ ရက်တွင် ရွက်လှေပျောက်ဆုံးနေကြောင်း သတင်းများပေါ်ထွက်လာခဲ့သည်။

ပျောက်ဆုံးနေသော ဂျာမန်သုံးဦးတွင် အသက် ၁၉ နှစ်ရှိ ကမ္ဘာလှည့်ခရီးသည်နှစ်ဦး ပါဝင်ပြီး ဂျာမနီနိုင်ငံ ဝေါလစ်မြို့မှဖြစ်ကြောင်း၊ ရွက်လှေရေယာဉ်မှူးမှာ နယူးဇီလန်နိုင်ငံ၌ လွန်ခဲ့သည့်လေးနှစ်မှစ၍ လာရောက်အလုပ်လုပ်ကိုင်နေသော ဂျာမန်လူမျိုး ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျောက်ဆုံးနေသော ရွက်လှေကို လေယာဉ်နှစ်စင်းနှင့် ရဟတ်ယာဉ်နှစ်စင်းတို့ဖြင့် ဝေဟင်မှရှာဖွေခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း၊ ဒေသဆိုင်ရာရေလုပ်သားများကို ဝိုင်းဝန်းရှာဖွေပေးရန် မေတ္တာရပ်ခံထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီတီအိုင်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်းတွင် ကားဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ထရိပိုလီ မေ ၂၉

လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီမြို့ရှိ စစ်ဘက်ဆိုင်ရာအခြေစိုက်စခန်းတွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိကြောင်း မေ ၂၉ ရက် သတင်းတွင်ဖော်ပြသည်။

လစ်ဗျားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဘင်ဂါဇီမြို့ရှိ လစ်ဗျားအထူးတပ်ဖွဲ့ ဌာနချုပ်ရုံး၏ ပင်မဂိတ်တွင် အဆိုပါကားဗုံး ပေါက်ကွဲခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ဂိတ်ပေါက်ရှိရာသို့ဦးတည်၍ တစ်ဟုန်ထိုး မောင်းနှင်လာသောကားကို အစောင့်များက ရပ်တန့်ရန် တားဆီးသော်လည်း လိုက်နာခြင်းမရှိဘဲ ဗုံးဖောက်ခွဲလိုက်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် စစ်တန်းလျား၏နံရံ ပျက်စီးသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ဘင်ဂါဇီဆေးဘက်ဆိုင်ရာဌာနသို့ လွှဲပြောင်းကုသမှုပေးလျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

အိန္ဒိယမှသရက်သီးတင်သွင်းမှု ပိတ်ပင်မှုမပြုလုပ်ရေး ဗြိတိန်ကြိုးပမ်းနေ

လန်ဒန် မေ ၂၉

အိန္ဒိယနိုင်ငံမှ သရက်သီးများတင်သွင်းမှုကို ပိတ်ပင်တားမြစ်မှုမပြုလုပ်ရန် ဗြိတိန်နိုင်ငံက အိန္ဒိယနှင့် ဥရောပကော်မရှင်တို့နှင့် ဆွေးနွေးနေကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စိုးရိမ်

အိန္ဒိယနိုင်ငံက ၎င်းနိုင်ငံထွက် သရက်သီးများကို သေတ္တာတွင်းထည့်သွင်းကာ တင်ပို့ရောင်းချလျက်ရှိသည်။ သရက်သီးများနှင့်အတူပါရှိသော ပိုးမွှားများကြောင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်နိုင်သည်ဟုဆိုကာ ဥရောပကော်မရှင်က မေ ၁ ရက်မှစ၍ အိန္ဒိယမှ သရက်သီးတင်သွင်းမှုကို တားမြစ်ပိတ်ပင်ရန် စီစဉ်ထားသည်။

ဗြိတိန်နိုင်ငံသည် နှစ်စဉ်သရက်သီးအလုံးရေ ၁၆ သန်းခန့်ကို အိန္ဒိယမှတင်သွင်းနေပြီး ယင်းတင်သွင်းမှုမှာ ပေါင်ငွေ ခြောက်သန်းဖိုးဖြစ်သည်ဟု ဆိုသည်။

ဘီဘီစီ။

အိန္ဒိယနိုင်ငံသည် နှစ်စဉ် သရက်သီး အလုံးရေ ၁၆ သန်း ခန့်ကို ဗြိတိန်နိုင်ငံသို့ တင်ပို့သည်။

ဒဏ်ရာရ ယူကရိန်း မြို့တော်ဝန်ကို အစ္စရေးနိုင်ငံသို့ ခေါ်ဆောင်

ဂျေရုဆလင် မေ ၂၉

ယူကရိန်းနိုင်ငံ ခါရာကီမြို့၏ မြို့တော်ဝန်သည် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီးနောက် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းကို ဆေးဝါးကုသမှုပြုလုပ်ပေးနိုင်ရန် အစ္စရေးနိုင်ငံသို့ လေယာဉ်ဖြင့် မေ ၂၉ ရက်က ခေါ်ဆောင်သွားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ခါရာကီမြို့တော်ဝန် ဂင်နာဒီကာနက်ဗ်အား ဆေးဝါးကုသမှုပေးရန် ယူကရိန်းအာဏာပိုင်များက အစ္စရေးအစိုးရကို မေတ္တာရပ်ခံခဲ့သည်။ မြို့တော်ဝန် ကာနက်ဗ်သည် ရဟူဒီလူမျိုးတစ်ဦးဖြစ်ပြီး မည်သူမည်ဝါမှန်းမသိရသော သေနတ်သမားများက ၎င်းကိုပစ်ခတ်ခဲ့ရာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

မေ ၂၈ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ပစ်ခတ်ခံရသောနေရာတွင် မပေါက်ကွဲသေးသော လက်ပစ်ဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘီဘီစီ။

ဟောလိဝုဒ်နှင့် တရုတ်နိုင်ငံတို့၌ တစ်ပြိုင်တည်းပြသမည့် X-Men ဇာတ်ကားသစ်

မကြာမီထွက်ရှိလာမည့် X-Men ဇာတ်လမ်းတွဲများအနက် တစ်ခုဖြစ်သော X-Men: Days of the Future Past ဇာတ်ကားကို မေ ၂၃ ရက်တွင် အမေရိကန်နှင့်တရုတ်နိုင်ငံတို့ရှိ ရုပ်ရှင်ရုံများတွင်တစ်ပြိုင်တည်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း 20th Century Fox မှ ဧပြီ ၂၈ ရက်က ကြေညာထားသည်။

ယင်းဇာတ်ကားသည် ယခုနှစ်အတွင်း ဟောလိဝုဒ်နှင့် တရုတ်နိုင်ငံတို့၌ တစ်ပြိုင်တည်း ပြသသည့် ပဉ္စမမြောက် ဇာတ်ကားဖြစ်ပြီး ယခုနှစ်အစောပိုင်းက Jack Ryan: Shadow Recruit ဇာတ်ကား၊ Need for Speed ဇာတ်ကား၊ Captain America: Winter Soldier နှင့် Rio 2 ဇာတ်ကားတို့ကိုလည်း တရုတ်နှင့် ဟောလိဝုဒ်၌ တစ်ပြိုင်တည်းပြသခဲ့ပြီးဖြစ်သည်။

ထိုသို့ တစ်ပြိုင်နက်တည်း ပြသခြင်းဖြင့် မူပိုင်ခွင့်ဆိုင်ရာပြဿနာများနှင့် ဇာတ်ကားမထွက်မီ ဒေါင်းလုပ်ရယူ ကြည့်ရှုမှုများကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ထားကြသည်။

ကမ္ဘာ့ရုပ်ရှင်လောက၏ ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်သည့် တရုတ်ရုပ်ရှင်ဈေးကွက်ကို ယခုကဲ့သို့ ထိုးဖောက်ခြင်းအားဖြင့် ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီများအနေဖြင့်လည်း တရုတ်ရုပ်ရှင်ကုမ္ပဏီများနှင့် ချိတ်ဆက်မှုများရရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါဇာတ်ကားအတွက် 20th Century Fox အနေဖြင့် ထူးခြားသောပရိုမိုးရှင်းပွဲများ ကျင်းပသွားရန်ရှိကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ဂျူရီအဖွဲ့ဝင်များအဖြစ် အမေရိကန်နှင့်တရုတ်ဒါရိုက်တာတို့ ရွေးချယ်ခံရ

ဂျူရီအဖွဲ့ဝင်အသစ်အဖြစ် ရွေးချယ်ခံရသည့် အမေရိကန်ဒါရိုက်တာ ဆိုဖီယာကော့ပိုလာ။

မကြာမီကျင်းပမည့် (၆၇)ကြိမ်မြောက် ပြင်သစ်နိုင်ငံ၏ အထင်ကရ ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ဂျူရီအဖွဲ့ဝင်ကိုးဦးတွင် အမေရိကန်ဒါရိုက်တာ ဆိုဖီယာကော့ပိုလာနှင့် တရုတ်ဒါရိုက်တာ Jia Zhangke တို့အား ထည့်သွင်းရွေးချယ်ခဲ့ကြောင်း သိရသည်။

ဒါရိုက်တာ ဆိုဖီယာသည် ၂၀၀၃ ခုနှစ်က Lost in Translation ဇာတ်ကားဖြင့် Best Original Screenplay အကယ်ဒမီဆုရရှိခဲ့ကာ အကယ်ဒမီဆုပေးပွဲတွင် အမျိုးသမီးတစ်ဦးအနေဖြင့် အကောင်းဆုံးဒါရိုက်တာဆုအတွက် ဆန်ခါတင် ရွေးချယ်ခံရသည့် တတိယမြောက်အမေရိကန်အမျိုးသမီးဖြစ်ခဲ့ပြီး ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် ပထမဆုံးသော အမေရိကန်အမျိုးသမီးတစ်ဦးအနေဖြင့် ရွှေခြင်္သေ့ဆုဆွတ်ခူးခဲ့သူလည်း ဖြစ်သည်။

မေ ၁၄ ရက်မှ ၂၅ ရက်အထိ ပြင်သစ်နိုင်ငံ ကိန်းစ်မြို့တွင် ကျင်းပမည့် အဆိုပါရုပ်ရှင်ပွဲတော်တွင် ဂျူရီအဖွဲ့ဝင်ကိုးဦး ပါဝင်မည်ဖြစ်ကာ ဂျူရီအဖွဲ့ခေါင်းဆောင်အဖြစ် နယူးဇီလန်ဒါရိုက်တာ Jane Campion က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားကို ပြင်သစ်ဒါရိုက်တာ Olivier Dahan ၏ လက်ရာဖြစ်ပြီး မင်းသမီးနစ်ကိုးကတ်ဒ်မင်းန် ပါဝင်သရုပ်ဆောင်ထားသည့် အမေရိကန်ရုပ်ရှင်မင်းသမီးဟောင်း ဂရေ့စ်ကယ်လီ၏ ဘဝဇာတ်ကြောင်းကို ပုံဖော်ထားသည့် Grace of Monaco ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ယင်းဆုပေးပွဲ၏ အမြင့်ဆုံးဆုတစ်ခုဖြစ်သည့် Palme d'Or. ဆုအတွက် ပြိုင်ပွဲဝင်ဇာတ်ကားပေါင်း ၁၈ ကား ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

MRTV

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ ကျန်းမာဖို့ အတူကစားစို့
၆း၄၀ သီချင်းကြီးပဒေသာ
၇း၂၀ မြန်မာစာ၊ မြန်မာစကား
၇း၃၅ “ကလေးများအတွက် အကောင်းဆုံး”
၉း၃၀ “ဘက်စုံထူးချွန်လူရည်မွန်”
၂း၄၅ ဂီတသံစဉ်အလှဆင်
၃း၁၅ “အနိုင်အရှုံး”
၄း၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၀ ပီသကြည်မြမဟာဂီတ
၆း၂၀ ရွှေရင်ခုန်သံ
၈း၃၅ အသစ်တစ်ဖန် ပြန်လည်ထွန်းတောက်တို့ “ကင်းထောက်”
၈း၅၀ ပြည်သူတို့ရဲ့ စကားသံများ
၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ

MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ “ပိဋကတ်စာပေအရ တပုဿနှင့်ဘလ္လိကတို့ဘဝအကြောင်း” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်ရှူး” (အပိုင်း-၇၄)
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သားတို့အိမ်ကလေး”(အပိုင်း-၃၃)
၁၂း၄၀ အံ့ဖွယ်ထူးခြားမြန်မာပြည်အလယ်ပိုင်းမှတန်ခိုးကြီးဘုရားများ
၂း၀၀ MRTV-4 သတင်း
၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရွှေသရဖူ” (အပိုင်း-၇)
၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်ရှူး”(အပိုင်း-၇၅)
၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သားတို့အိမ်ကလေး”(အပိုင်း-၃၄)
၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းမင်းသမီးရဲ့သူရဲကောင်း” (အပိုင်း-၁၂)
၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MWD

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၁ ဓမ္မပူဇာတေး
၆း၂၅ ယောဂ
၆း၃၀ မျိုးချစ်တပ်မတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၃ အမျိုးသားရေးတေးကဗျာ
၈း၃၅ ဇာတ်လမ်းတို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကောင်းကင်ကြယ်များ” (အပိုင်း-၁၃)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဆေးစက်ကျရာမေ့မေတ္တာ” (အပိုင်း-၃၈)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၅ ကာတွန်းအစီအစဉ် “ထူးခြားချစ်စရာဒမ်ဗာ” (အပိုင်း-၂၂)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မိုးကောင်းကင်သမားတော်” (အပိုင်း-၁၂)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အာဂလူ”(အပိုင်း-၄၁)

ဖိတ်ကြားလွှာ

ကမ္ဘာသူ၊ ကမ္ဘာသား၊ နိုင်ငံသူ၊ နိုင်ငံသားများ ရာသီဥတုဘေးဒဏ်၊ ကပ်ကြီးသုံးပါး သဘာဝဘေးအန္တရာယ်နှင့် ဥပဒ္ဒဝေဒကကံတို့မှ ကင်းဝေးစေရန်ရည်သန်၍ သန်လျင်မြို့ ဒေဝဒဟသဗ္ဗသိဒ္ဓိလောကနတ်ပရဟိတ နယ်လှည့်နတ်စင်တရာကျောင်း အထူးသာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တပညာတေဇ ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းတို့ဦးဆောင်၍ စတုဒိသာပင်မအလှူရှင်များထဲမှ တစ်ဦးဖြစ်သော ဦးကျော်မြင့်-ဒေါ်တင်တင်ဦး Heroes Star Co.,Ltd တို့၏ SHOW ROOM ဖွင့်ပွဲအခမ်းအနားနှင့် စတုဒိသာထမင်း၊ ဟင်း ကျွေးမွေးလှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းမည်ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးဘာသာ၊ အယုတ်အလတ် အမြတ်မရွေးဧည့်ပရိသတ်အပေါင်းတို့ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁-၅-၂၀၁၄ ရက် (မေဒေးနေ့၊ အလုပ်သမားနေ့)
အချိန် - နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ
နေရာ - ၉၈၅/B၊ သာယာကုန်း၊ ကျွန်းကလေး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ရန်ကုန်-ပဲခူးလမ်းမကြီး)

ပိုလ်သင်တန်းအမှတ်စဉ်(၆၆)မှ သူငယ်ချင်းများအားဖိတ်ကြားခြင်း

သူငယ်ချင်းတို့ - ၂၀၁၄ ခုနှစ် မေလ ၁၁ ရက်မှာ ကျရောက်မည့် နှစ်(၃၀)ပြည့်ပုလဲရတုကျောင်းဆင်းပွဲအမှတ်တရနေ့မှာ ကိုယ်တို့အပတ်စဉ်က ကျဆုံး၊ သေဆုံးသွားတဲ့ သူငယ်ချင်းများအတွက် ရေစက်ချ၊ အမျှဝေ၊ ဆွမ်းကပ်လှူခြင်း၊ နည်းပြဆရာများအား ကန်တော့ခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း၊ ညစာစားပွဲကျင်းပခြင်းတို့ကို ရန်ကုန်မြို့မှာ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမှာဖြစ်လို့ သူငယ်ချင်းများနဲ့ မိသားစုဝင်များ မပျက်မကွက်ကြွရောက်ကြဖို့ ဖိတ်ကြားအပ်ပါသည်-

ဆွမ်းကပ်လှူခြင်းနှင့် ဆရာကန်တော့ခြင်း
- ၁၀-၅-၂၀၁၄(စနေနေ့) နံနက်၉နာရီ
- ဝိဇ္ဇောဓာရုံစာသင်တိုက်၊ မြစံပယ်လမ်း၊ ပါရမီ

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း
- ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက်၆နာရီ
- တောင်ဥက္ကလာပဂေါက်ကွင်း

ညစာစားပွဲကျင်းပခြင်း
- ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် PARK ROYAL HOTEL အလံပြဘုရားလမ်း၊ လပြည့်ဝန်းပလာဇာအနီး

ဆက်သွယ်ရန်
- ဝင်းနိုင်(၀၉-၄၂၀၀၉၈၅၃၄)၊ ညီညီလင်း(၀၉-၅၁၉၀၆၀၂) မြင့်ထူး(၀၉-၅၀၁၃၀၈၃)၊ သန့်ဇင်(၀၉-၇၃၀၇၈၈၄၀)

အမှတ်(၁)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းလုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသည်။

စဉ်		ကျောက်အမျိုးအစား	အရေအတွက်
၁။	ပျဉ်းမနား-ပင်လောင်းလမ်း	ခွဲကျောက်ရွယ်စုံ	(၁၂၉၄. ၅)ကျင်း

(က) တင်ဒါလျှောက်လွှာပိတ်ရက် - ၁၄-၅-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
(ခ) တင်ဒါစိစစ်ရွေးချယ်မည့်အချိန် - ၁၄-၅-၂၀၁၄ ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ
(ဂ) စိစစ်ရွေးချယ်မည့်နေရာ - ပျဉ်းမနား-ပင်လောင်းလမ်း၊ လမ်းအထူးအဖွဲ့(၁၃)၊ ရှေ့တန်းစခန်းရုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့။

တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့နှင့် ပင်လောင်းရှေ့တန်းစခန်း၊ ပျဉ်းမနားရှေ့တန်းစခန်းရုံးတို့တွင် ၃၀-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၄-၂၃၁၁၈၊ ၀၈၁-၅၄၄၉၈၊ ၀၆၇-၂၁၀၀၂

လီဆက်စတာစီးတီးတိုက်စစ်မှူး ကီဗင်ဖီးလစ် ကစားသမားဘဝမှ အနားယူမည်

ဝါရင့်တိုက်စစ်မှူး ကီဗင်ဖီးလစ်သည် လီဆက်စတာစီးတီးအသင်းအား လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်အောင်စွမ်းဆောင်ပေးခဲ့ပြီးနောက် ယခုသီတင်းပတ်ကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။

ကီဗင်ဖီးလစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ခရစ္စတယ်ပဲလေ့အသင်းက ဝက်ဒ်ဖို့အသင်းအား တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ ပရီမီယာလိဂ်သို့ တန်းတက်လာနိုင်ရေးအတွက် ခရစ္စတယ်ပဲလေ့အသင်း၏ အဆိုပါအဖိုးတန်သွင်းဂိုးအား ဝါရင့်တိုက်စစ်မှူး ကီဗင်ဖီးလစ်က သွင်းယူပေးခဲ့ပြီး ဇန်နဝါရီအပြောင်းအရွှေ့တွင် ခရစ္စတယ်ပဲလေ့အသင်းမှ လီဆက်စတာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

လီဆက်စတာစီးတီးအသင်းသည် တိုက်စစ်မှူးကီဗင်ဖီးလစ်၏ စွမ်းဆောင်ရည်နှင့်အတူ လာမည့် စနေနေ့တွင် ကင်းနပ်ပါဝါကွင်းကြီးထဲ၌ ချန်ပီယံရှစ်ဖလားကို ရယူဆွတ်ခူးတော့မည်ဖြစ်သည်။ တိုက်စစ်မှူးကီဗင်ဖီးလစ်သည် ၎င်း၏ ကစားသမားဘဝတွင် ပရီမီယာလိဂ်သို့ တန်းတက်အောင်စွမ်းဆောင်ခဲ့ရာ၌ ၁၉၉၈-၁၉၉၉ တွင် ဆန်းဒါးလန်းအသင်းအားလည်းကောင်း၊ ၂၀၀၇-၂၀၀၈ တွင် ဝက်စ်ဘရွန်းအသင်းအား လည်းကောင်း၊ ၂၀၀၈-၂၀၀၉ တွင် ဘာမင်ဂမ်အသင်းအား လည်းကောင်း၊ ၂၀၁၂-၂၀၁၃တွင် ခရစ္စတယ်ပဲလေ့အသင်းအားလည်းကောင်း တန်းတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင်လည်း လီဆက်စတာစီးတီးအသင်းအား တန်းတက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ကီဗင်ဖီးလစ်သည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ကလပ်အသင်းကိုးသင်းအထိ ပါဝင်ကစားပေးခဲ့ပြီး ယင်းအသင်းများမှာ ဝက်ဒ်ဖို့၊ ဆန်းဒါးလန်း၊ ဆောက်သမ်တန်၊ အက်စ်တွန်ဗီလာ၊ ဝက်စ်ဘရွန်း၊ ဘာမင်ဂမ်၊ ဘလက်ပူးလ်နှင့် ခရစ္စတယ်ပဲလေ့အသင်းတို့ ဖြစ်သည်။ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၂၈၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။

ကီဗင်ဖီးလစ်အား နှစ် ၂၀ ကြာ ဖြတ်သန်းခဲ့သည့် ကစားသမားဘဝတစ်လျှောက်တွင် ဆန်းဒါးလန်းအသင်းနှင့်အတူ လိဂ်ပွဲပေါင်း ၂၁၁ ပွဲကစားပေးခဲ့ရာ ၁၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ခုနှစ်ကမူ ဥရောပရွှေဖိနပ်ဆုဆွတ်ခူးနိုင်ခဲ့သည့် အင်္ဂလန်ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့သည့်အပြင် တစ်ရာသီအတွင်း သွင်းဂိုး ၃၀ သွင်းကာ ပရီမီယာလိဂ်ရွှေဖိနပ်ဆုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ငွေကြယ်

ဆွာရတ်ဇ်အား ပေါင် သန်း ၇၀ ပေး၍ ရီးယဲလ်ခေါ်ယူမည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် လီဗာပူးအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ပေး၍ ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဌ ဖလော်ရန်တီနိုပီရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီကုန်ပါက တိုက်စစ်မှူး ဆွာရတ်ဇ်အား စပိန်မြေအရောက် ခေါ်ယူရန်ပြင်ဆင်ထားပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့် ဇွန်လ မတိုင်ခင် အပြီးသတ်ခေါ်ယူနိုင်ရန်လည်းပြင်ဆင်ထားကြောင်း သိရသည်။ဆွာရတ်ဇ်သည် ပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိခဲ့ပြီးနောက် စီရိုနယ်လ်ဒိုနှင့် မက်ဆီနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာခဲ့ပြီး လီဗာပူးအသင်းအနေဖြင့် ပြီးခဲ့သည့်နွေရာသီကပင် လေးနှစ်ခွဲသက်တမ်းစာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားခြင်းကြောင့် နည်းပြရော့ဂျာအနေဖြင့် ဆွာရတ်ဇ်အား အသင်းတွင် ဆက်ထိန်းရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရပ်ကွက်၊ ကျေးရွာများရှိ ရွှက်ပုန်းသီးကစားသမားများ မွေးထုတ်ပေးချင်သည့် ရည်ရွယ်ချက်ဖြင့် အားကစားပွဲများပုံမှန်ကျင်းပပေးခြင်းဖြစ်

သတင်းနှင့် ဓာတ်ပုံ-ဇင်ဘိုမင်း(ကြေးမုံ)

မြန်မာ့အားကစားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် ရွှက်ပုန်းသီး မျိုးဆက်သစ်လူငယ်အားကစားသမားများကို ရှာဖွေဖော်ထုတ်ရန်အတွက် တပ်ကုန်းမြို့နယ်တွင် အားကစားနည်းအမျိုးမျိုးကို တစ်လလျှင်တစ်မျိုးကျ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ ပထမအကြိမ် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို မေ ၂၅ ရက်ကမြို့နယ်အားကစားကွင်း၌ကျင်းပခဲ့ရာ ဘော်လီဘောအသင်း ၁၁ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယခုကဲ့သို့ အားကစားပွဲများကျင်းပပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ "မြန်မာ့အားကစား ကမ္ဘာကသိစေရမည်"ဆိုသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာလည်း ရောက်ပြီး တပ်ကုန်းမြို့ရှိ လူငယ်ကစားသမားများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရွှက်ပုန်းသီးကစားသမားလေးများကို မြေတောင်မြှောက်မွေးထုတ်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးရခြင်းဖြစ်ကြောင်း သိရသည်။

"အဲဒီလိုဖော်ဆောင်ပေးခြင်းဖြင့် အရည်အသွေးရှိတဲ့ကစားသမားတွေထွက်ပေါ်လာတဲ့အခါ အဲဒီကစားသမားလေးတွေကို တပ်ကုန်းမြို့နယ်အနေနဲ့ ပဏာမလူရွေးချယ်ထားတယ်။ ကြိုတင်ပြီးတော့ ကြံ့ခိုင်စွမ်းရည်ကိုလည်း လေ့ကျင့်ပေးတယ်။ သူတို့ရဲ့ တိုးတက်မှု အလားအလာတွေကိုကြည့်ပြီး နိုင်ငံတော်က တည်ထောင်ပေးထားတဲ့ အားကစားသိပ္ပံကျောင်းကို ရောက်အောင် ပို့ဆောင်ပေးပါတယ်။ လက်ရှိမြန်မာ့ဂုဏ်ဆောင်ကစားသမားတွေအတွက် အရန်အင်အားလည်းဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါတယ်"ဟု အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးခင်မောင်အေးက ရှင်းပြသည်။

ဆက်လက်ပြီး တပ်ကုန်းမြို့နယ်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းခဲ့မှုနှင့်ပတ်သက်၍ "လက်ရှိနိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေအနက် ဘော်လီဘောမှာဆိုရင် ကွယ်လွန်သွားပြီဖြစ်တဲ့ မြန်မာ့လက်ရွေးစင် ကိုမြဝင်းဖြစ်ပြီး တိုင်းလက်ရွေးစင်အဆင့်မှာ ၂၀ လောက်ရှိပါတယ်။ ဘောလုံးမှာတော့ ဦးအောင်ဗိုလ်ဟိန်းက မြန်မာ့လက်ရွေးစင် ပဏာမအနေနဲ့ ယူနန်မှာ သွားရောက်ခြေစမ်းပွဲကစားခဲ့ဖူးပါတယ်။ ၂၀၁၀ ခုနှစ်မှာ မောင်အာကာမြတ်သူက အာဆီယံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲမှာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ကို သွားရောက် ယှဉ်ပြိုင်ကစားခဲ့ပြီး တတိယဆုရရှိခဲ့ပါတယ်။ ယခုလက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွေမှာ မောင်ချစ်မင်းစိုးက ရခိုင်ယူနိုက်တက်အသင်းမှာ ကစားရင်း မြန်မာ ယူ-၂၂ လက်ရွေးစင် ကစားသမားအဖြစ် ပါဝင်ကစားခဲ့တာကို တွေ့ရပါတယ်။ ရိုးရာခြင်းအနေနဲ့ တိုင်းလက်ရွေးစင်အဆင့်မှာ တစ်ဦးပါဝင်ထားပြီး ပြေးခုန်ပစ်အားကစားနည်းမှာ စောနန္ဒာခိုင်ဟာ မြန်မာ့လက်ရွေးစင်အဖြစ် ကစားခဲ့ပြီး တိုင်းအဆင့်မှာ ၁၀ ဦးလောက်ရှိပါတယ်။ ကြက်တောင်အားကစားနည်းမှာလည်း တိုင်းအဆင့် အမျိုးသမီး လက်ရွေးစင်နှစ်ဦးပေါ်ပေါက်ခဲ့တာကို သိရပါတယ်"ဟု ၎င်းက ရှင်းပြခဲ့သည်။

မြန်မာ့အားကစားကို တစ်ဖက်တစ်လမ်းကနေပြီး အထောက်အကူပြုနိုင်ရေး၊ မြန်မာအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် သက်ဆိုင်ရာမြို့နယ်များအနေဖြင့်လည်း အားကစားနည်းများကို ကျင်းပပေးပြီးအရည်အချင်းရှိသည့် ကစားသမားလေးများကို မွေးထုတ်ပေးရန် လိုအပ်လှသည်။

ထိုသို့ ပုံမှန်လေ့ကျင့်ပျိုးထောင်ပေးသွားမှသာ လူငယ်မျိုးဆက်သစ်ကစားသမားများအနေဖြင့် အားကစားနည်းအလိုက် နိုင်ငံတကာအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အခက်အခဲမရှိ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။ ။

GOLDEN STAR
Ph: 209200, 430480, 544383, 703448, 09-5046000

ကျေးဇူး
ဆပ်ပါမည်
ဦးငွေဝင်း(၁၀/ကမရ(နိုင်)၀၉၉၂၈၃)၏ PP No.MA.199255မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။
ဖုန်း-၀၉-၇၃၁၈၉၀၈၀

APR-30, MAY 2/9/12/16/23/30
Ph : 241853, 380141, 09-43043109

ဆရာချို
၀၉-2542001173 , 09-73069260

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၄-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ မြောင်းမြဆရာအတတ်သင် ဆဋ္ဌမအကြိမ်မြတ်ဆရာပူဇော်ပွဲကြော်ငြာတွင် ကျင်းပမည့်နေ့ရက်အား ၁-၅-၂၀၁၄ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS

လက်လွှတ်မခံသင့်သော အခွင့်အရေးကောင်း GOLDEN CITY အားပိုင်ဆိုင်ခွင့်

GOLDEN CITY ကစတင်ဖော်ဆောင်တော့မည်...

သင့်ရဲ့ ရွေးချယ်မှုကို ချွင်းချက်မရှိ ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်တဲ့ အခွင့်ကောင်း

ယခင်လိုအားအဆက်မပြတ် မြင့်မားနေပြီး DISCOUNT ခံစားခွင့်နှုန်းကို တဖြည်းဖြည်းလျှော့ချနေတာကြောင့် လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးဖြစ်ပါတယ်။

NATIONAL LANDMARK · EXCLUSIVELY YOURS

•Bringing Global Knowledge Together •Modern Classical Fusion •Comfortable Luxury Living Space
•Royal Treatment At Our Hotel •International Office Building •Premium Luxury Shopping •Elite Community
•Platinum Privilege Club •French Inspired Garden •The World's Most Advanced Security Systems

G O L D E N C I T Y

Hotline:+95(0)1-8605111 +95(0)1-8605222

Golden Land Real Estate Development Co.,Ltd.

Address: Yankin Road,CMA Old Building,Yankin Township,Yangon Myanmar **Http:**//www.glredcl.com

မှုခင်းသတင်းတိုများ

WY စာတန်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၆ ရက် ည ၉ နာရီခွဲခန့်က မူးယစ်ဆေးဝါးသတင်းအရ ကြည့်မြင်တိုင်မြို့နယ် တည်းခိုခန်းတစ်ခုသို့ သွားရောက်ရှာဖွေရာ အဆိုပါတည်းခိုခန်း ၃ လွှာ လှေကားထိပ်၌ ကြည့်မြင်တိုင်မြို့နယ်နေ အောင်မင်းသိန်း ၃၅ နှစ်ကို ရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွဆေးပြား စုစုပေါင်း ၁၂၆ ပြား၊ အလေးချိန် ၁၂ ဒသမ ၆ ဂရမ်၊ ကျပ် ၆၃၀၀၀၀ ဖိုးခန့်နှင့် ငွေကျပ် ၅၁၅၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ၎င်းတည်းခိုနေထိုင်သည့် အခန်းအမှတ် (၄၀၁) အား ရှာဖွေရာ အခန်းအတွင်းမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ ယင်းဆေးပြားများကို ၎င်းတည်းခိုခန်းတွင် တည်းခိုနေထိုင်သော ကြည့်မြင်တိုင်မြို့နယ်နေ ဂေါက်ကြီး(ခ)တင့်လွင် ၅၄ နှစ်ထံမှ ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ဂေါက်ကြီး (ခ)တင့်လွင်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ကြည့်မြင်တိုင် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ပြီး ဂေါက်ကြီး (ခ)တင့်လွင်ကို စစ်ဆေးနိုင်ရန် ဆက်လက်စုံစမ်းလျက်ရှိသည်။ (၃၁)

လိုင်စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

ဧပြီ ၂၆ ရက်တွင် သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လိုင်စိတ်ကြွဆေးပြားများ ရောင်းချနေကြောင်း သတင်းအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးနှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူးအဖွဲ့တို့နှင့်အတူ သယ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဇာဝေယာလမ်းရှိ သစ်လွင်(ခ) ရက်ဇက် ၁၈ နှစ်၏ ဆေးဆိုင်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ဆိုင်အတွင်း၌ လိုင်စိတ်ကြွဆေးဝါးမျိုးစုံအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မွန်းလွဲ ၁ နာရီခွဲခန့်က ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေရာ နေအိမ်အတွင်းမှ လိုင်စိတ်ကြွဆေးဝါးမျိုးစုံအား ထပ်မံသိမ်းဆည်းရမိခဲ့သောကြောင့် သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ (၃၁)

မိုတယ်တစ်ခုတွင် တရုတ်နိုင်ငံသားတစ်ဦး သေဆုံး

အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၆ ရက်က အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်ရှိ ရေဝတီမိုတယ်တွင် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦး သတိမေ့နေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ သွားရောက်စစ်ဆေးရာ မိုတယ်အခန်းအမှတ် (၄၀၁) တွင် တည်းခိုနေထိုင်လျက်ရှိသော တရုတ်နိုင်ငံချန်ကူပြည်နယ်နေ HUAWEI ကုမ္ပဏီဝန်ထမ်း၊ LIUXU ၂၈ နှစ်ဖြစ်ကြောင်းသိရှိရပြီး ဧပြီ ၂၅ရက် ည ၁၀ နာရီတွင် အိပ်ရာဝင်ကာ နောက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က အိပ်ရာမှ မထသဖြင့် မိုတယ်ဝန်ထမ်းများမှ သွားရောက်ကြည့်ရှုစဉ် သတိလစ်နေသည်ကို တွေ့ရှိရ၍ ဝိတိုရိယဆေးရုံသို့ ပို့အပ်ခဲ့ရာ သေဆုံးနေကြောင်း စုံစမ်းသိရသည်။ အဆိုပါအမှုကို အင်းစိန်မြို့မရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၃၁)

ကလေးမြို့နယ် ချင်းဆိုင်ကျေးရွာစိမ့်ချောင်း၊ မအူပင်ရိုး ရေနုတ်မြောင်းပြန်လည်တူးဖော်

ကလေး၊ ဧပြီ ၂၉

ကလေးမြို့နယ်တောင်ပိုင်း ချင်းဆိုင်ကျေးရွာအတွင်းရှိ စိမ့်ချောင်း၊ မအူပင်ရိုးရေနုတ်မြောင်းအဟောင်းအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းပြန်လည်တူးဖော်ခဲ့ကြောင်းသိရသည်။

ချင်းဆိုင်ကျေးရွာအတွင်းရှိ စိမ့်ချောင်း၊ မအူပင်ရိုး ရေနုတ်မြောင်းအဟောင်းအား ပြန်လည်တူးဖော်နေစဉ်။

အဆိုပါစိမ့်ချောင်း၊ မအူပင်ရိုး ရေနုတ်မြောင်းမှာ အကျိုးပြုဧကေ ၁၅၄၂ ဧကရှိပြီး အရှည်ပေ ၃၀၀၀၀ ကျော် (ခြောက်မိုင်နီးပါး) ရှိရာ ၎င်းရေနုတ်မြောင်း တိမ်ကောနေမှုကြောင့် နှစ်စဉ်လယ်ဧက ၆၀၀ ကျော် ပျက်စီးဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ ချင်းဆိုင်ကျေးရွာမှ တောင်သူဦးလှပိုင်၊ ရေလဲဦးကျေးရွာမှ တောင်သူဦးအဲကြည်ထွေး၊ သာစည်ကျေးရွာမှ ဦးမောင်ကြည်တို့က ပြောသည်။

ချင်းဆိုင်ကျေးရွာနေ တောင်သူဦးလှပိုင်က "ကျွန်တော့အသက် ၆၀ ရှိပြီ။ တခါမှ အခုလိုပြုပြင် ထိန်းသိမ်းမှု မရှိဖူးသေးဘူး။ နှစ်စဉ် ရေကြီးရေလျှံမှုတွေကြောင့် ပျက်စီးဆုံးရှုံးခဲ့တယ်။ အခုတော့ နိုင်ငံတော်အစိုးရက စက်ယန္တရားကြီးနဲ့ စိမ့်ချောင်း၊ မအူပင်ရိုးရေနုတ်မြောင်းကို ပြန်လည်ပြုပြင်ပေးခဲ့တဲ့အတွက် အနီးကပ်ကြီးကြပ်ပံ့ပိုးဆောင်ရွက်ပေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ရေနုတ်မြောင်းပြန်လည်တူးဖော်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုအရ ဧပြီ ၂၆ ရက် နံနက် ၈ နာရီက ကလေးမြို့နယ်တောင်ပိုင်း သာစည်ကျေးရွာ ချင်းလေးရွာ၊ ရေလဲဦးကျေးရွာ၊ ပေါက်ခုံကျေးရွာ၊ ကံပုလဲကျေးရွာ၊ အူဒူကျေးရွာတို့မှ တောင်သူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား (ပြန်/ဆက်)**

ကျွန်းလှမြို့နယ်တွင် မိုဘိုင်းဖုန်းများဖြန့်ဝေချထားပေးသော်လည်း ဖုန်းလိုင်းအဆင်ပြေရေး ဒေသခံများမျှော်လင့်

ကျွန်းလှ၊ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ GSM မိုဘိုင်းဖုန်းများကို အရစ်ကျဖြင့် လည်းကောင်း ၊ ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်းများကို မဲစနစ်ဖြင့်ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများအနေဖြင့် တိုးတက်လာသောခေတ်နှင့်အညီ GSM တာဝါတိုင်များ တစ်ခုတည်းရှိသောကြောင့် ဖုန်းပြောဆိုဆက်သွယ်ရာတွင် ပြတ်တောက်ခြင်း၊ လိုင်းမကောင်းခြင်း၊ အသံကြည်လင်မှုမရှိခြင်းများ မကြာခဏဖြစ်ပေါ်နေကြောင်း ဖုန်းအသုံးပြုသူတစ်ဦးက ပြောသည်။

ယခုအခါ ဒေသဖွံ့ဖြိုးရေး၊ ဆက်သွယ်ရေးကဏ္ဍတိုးတတ်စေရန် ကျွန်းလှမြို့နယ် လိပ်စင်းတောင်ကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ လွှတ်တိုက်ကျေးရွာများတွင် GSM တာဝါတိုင်များ စိုက်ထူရေးဆောင်ရွက်လျက်ရှိရာ တာဝါတိုင်စိုက်ထူမှုပြီးစီးပါက ဆက်သွယ်ရေး ပိုမိုလွယ်ကူစေရေးအတွက် ဒေသခံပြည်သူများ မျှော်လင့်နေကြောင်း သိရသည်။

မျိုးဝင်းညို(IPRD–ကျွန်းလှ)

ပိုးအိစံ
SAN Music Studio
TMB Music Band
ရည်းစားလေးတော့ထားတတ်နေပြီ
Audio CD
ထွက်ပြီ

ထွက်ပြီ
မုန်းညက်မြူ
DVD KARAOKE

Highway Complex
ဖုန်း-၀၁-၂၃၀၃၀၈၅
၂၃၀၃၀၈၆
၀၉၄၂၁၁၂၂၂၃

EDE
အင်ဂျင်နီယာများကိုယ်တိုင်ဦးစီးသင်ကြားသော မော်ဒယ်မြင်ကားကျွန်ုပ်တို့နှင့်တွေ့(၂၁)သင်တန်း
အမှတ်စဉ်(၄၇) (၄၀) ပုံမှန်တန်းခွဲသစ်များကို မေလ (၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်
Car Computer, Engine, Hybrid, Ignition, Cooling, Lubrication, Sensor, EFI, ABS, Traction Control, ESC, Emission, System Diagram, Wiring, DTC, Live Data, Active test, Fail Safe and Adaptation, Scan tool, All Data, Auto Data, Mitchell
to contact:
09 4211 444 95
09 4211 444 96
09 4211 444 97
Engine Doctor Engineering

SONG LANGUAGE SCHOOL
ကိုရီးယားနိုင်ငံတွင်အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်
EPS – TOPIK
CENTER I
CENTER II
Basic Korean, Korean Speaking and Grammar, Korean Level 1 to 6, Translation, Interpretation
Basic English, English 4 skills, Grammar for IELTS, Communicative English Speaking

သရက်သီး ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲ ဒေါပုံတွင် ကျင်းပမည်

ရန်ကုန်၊ ဧပြီ ၂၉

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ကြီးမှူး၍ သရက်သီးပြပွဲ၊ ပြိုင်ပွဲဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲတို့ကို မေ ၁၀ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ ရွှေပုစွန်၌ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သရက်သီးမျိုးများမှ အရည်အသွေးကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ပေါ်ထွက်လာစေရေး၊ သရက်သီးမျိုးကောင်းမျိုးသန့်များ စုစည်းနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် နည်းပညာများရရှိနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ တောင်သူအချင်းချင်း ဆွေးနွေးညှိနှိုင်းရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက် ရှာဖွေနိုင်ရေး ရည်ရွယ်ချက်တို့ဖြင့်အဆိုပါပွဲကိုကျင်းပသွားမည်ဖြစ်သည်။

အဆိုပါသရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲတွင် နိုင်ငံခြားမှ ပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်များဦးဆောင်၍ သရက်နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့ သရက်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လိုသူများသည် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဖုန်း ၀၁-၂၁၈၃၆၇၊ ၀၉၄၃၁၂၇၆၅၆ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

ပေါင်မြို့နယ်၊ ဇင်းကျိုက် (အ.ထ.က) ကျောင်း ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားတွင် ရှေးဦးစွာ ပူဇော်ပွဲသို့ ကြွရောက်လာကြသော ဇင်းကျိုက် (အ.ထ.က) ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၆၀ နှစ်ထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၇၀ တို့အား တပည့်များက ကန်တော့ချီးဖြင့် ရှိခိုးပူဇော်ကြပြီးနောက် ငွေသားအပါအဝင် လှူဖွယ်ပစ္စည်းများဖြင့် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ- ဦးခင်ဝေ (၅၆၅)

မကွေးတိုင်းဒေသကြီးအတွင်း အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး နှိုးဆော်

မကွေး၊ ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ရာသီဥတုပူပြင်းလာ၍ အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများဆုံးရှုံးမှုများပြားပြီး မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေထိ ဖြစ်တတ်သောကြောင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နှိုးဆော်ချက်များမှာ -

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တည်းခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်၊ မြစ်ဆိပ်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ ရေအေးသောက်ခြင်း၊ ပန်ကာလေခံခြင်းများမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်ပါ။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိသည့် ထီးနှင့်ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင်၊ သို့မဟုတ် အရောင်ဖျော့သော အဝတ်အထည်များ ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင်အထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် ဓာတ်ဆားရေသောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးပတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လည်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသရန် နှိုးဆော်ချက်များအပြင် မြစ်ကမ်းပါးရေချိုးဆိပ်များ၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ရေမချိုးရ စသည်တို့ဖြစ်ကြောင်း သိရသည်။

မကွေးမြို့ သင်္ဂါဂီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ညစဉ်ညတိုင်း ၇ နာရီမှစ၍ ၁၀ နာရီအထိ သုံးဘီးဆိုင်ကယ်တွင် အသံချဲ့စက်တပ်ဆင်၍ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနတို့မှ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို သတိပေး လိုက်လံ နှိုးဆော်လျက်ရှိကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

ဓမ္မစေတီလမ်းဆုံအနီး ယာဉ်ထပ်ဆင့်တိုက်မှုဖြစ်ပွား

ရန်ကုန်၊ ဧပြီ ၂၉

ဗဟန်းမြို့နယ် လင့်လမ်းအတိုင်း ရွှေဂုံတိုင်လမ်းမှ ဓမ္မစေတီလမ်းဘက်သို့ ဧပြီ ၂၇ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ်နေ ယာဉ်မောင်း ဒေါ်သီသီမြင့် ၄၁ နှစ်မောင်းနှင်လာသော ပါဆိုခဲ/ရောင် ကိုယ်ပိုင်ယာဉ်သည် ဓမ္မစေတီလမ်းဆုံအရောက် ဝဲဘက်သို့ ချိုးကွေ့စဉ် ဓမ္မစေတီလမ်းအတိုင်း မြေနီကုန်းဘက်မှ ရွှေဂုံတိုင်ဘက်သို့ ယာဉ်မောင်း ကိုဝေယံထွန်း မောင်းနှင်လာသော စူပါရုဗင်အဖြူရောင် အငှားယာဉ်အား တိုက်မိခဲ့သည်။

ယာဉ်မှာအတိုက်ခံရသည့်အရှိန်ဖြင့်၎င်းဘေးရှိယာဉ်မောင်း ဦးတင်အောင် မောင်းနှင်သော ကိုရိုလာဗင်အဖြူရောင်အငှားယာဉ်ကို တိုက်မိကာ ၎င်းအတိုက်ခံရသည့်ယာဉ်မှ ယာဉ်မောင်းဦးလှထွန်း မောင်းနှင်သော ကိုရိုလာဗင်အဖြူရောင် အငှားယာဉ်သို့ အဆင့်ဆင့်တိုက်မိခဲ့ ကြောင်းသိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ယာဉ်များပျက်စီးခဲ့သဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့ရာ ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(၃၁)

အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အစည်းအဝေးကျင်းပ

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ ၂၀၁၄-၂၀၁၅ ခုနှစ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မေ ၉ ရက် (သောကြာနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ် ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် အစည်းအဝေး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

မျိုးမင်းသူရ

ရောင်းရန်ရှိသည်
ဖုန်း-၀၉-၅၄၁၁၇၂၂

ရောင်းမည်/ငှားမည်

နှင်းအိတ်ခက်ဝယ်ပြီး Tရှပ်ယူပါ
095 095 095, ☎01-682944
09 730 77711, ☎01-682844

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

The Journal of HUMAN RIGHTS & DEMOCRACY
နိုင်ငံသားဖြစ်မှုနှင့် အမျိုးသားသီးခြားအမှတ်လက္ခဏာ
Myanmar Knowledge Society . MKS PUBLISHING

နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာတွင် ယင်းချောင်းကိုအားပြု၍ တစ်ပိုင်တစ်နိုင် သီးနှံများစိုက်ပျိုး

နတ်မောက်၊ ဧပြီ ၂၉

၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ လေးအိမ်ကျေးရွာ၌ ယင်းချောင်း ပတ်လည် စိုက်ခင်းများ စိုက်၍ မိမိအိမ်သုံးစားနပ်ရိက္ခာဖူလုံရန်နှင့် ပိုလျှံသီးနှံများကို ရောင်းချရန် ယင်းချောင်းရေကို အားပြု၍ စိုက်ပျိုးထားကြကြောင်း သိရသည်။

အဆိုပါ စိုက်ခင်းများတွင် ငရုတ်၊ ကြက်သွန်နီ၊ ပဲတောင့်ရှည်၊ ဘူး၊ ခရမ်းချဉ်၊ ချဉ်ပေါင်ပင်၊ အာလူး၊ ပြောင်းဖူး၊ ပဲလက်ကောက်စသည့် အပင်များ စိုက်ပျိုးကြောင်း၊ ထိုအပင်များမှထွက်ရှိသည့် စားသုံးသီးနှံ အသီးအရွက်တို့ကို ကျေးရွာရှိ မိသားစုများစားသုံးရန်၊ အိမ်မွေးတိရစ္ဆာန်များစားသုံးရန်၊ ပိုလျှံသီးနှံများရောင်းချရန်ကိုပါရရှိကြောင်း လေးအိမ် ကျေးရွာတွင် နေထိုင်သူ ဦးကြီးတင်ခမှ "ကျွန်တော်တို့ကျေးရွာက ယင်းချောင်းရေကို အမှီပြုပြီး ဆောင်းအခါက စိုက်ပျိုးထားတဲ့ ယင်းချောင်းနံဘေးက စိုက်ခင်းတွေကထွက်တဲ့ သီးနှံနွေရာသီစားသုံးမှု ဖူလုံတယ်။ ခရမ်းချဉ်တွေ၊ အာလူးတွေ၊ ကြက်သွန်တွေကို မပုပ်မပျက်စီးအောင် လေဝင်လေထွက်ကောင်းတဲ့ ကြမ်းခင်းနေရာမှာထားတယ်။ သဘာဝမြေဩဇာကို သုံးတယ်။ ကြက်သွန်နီကို အပင်လိုက် ဝါးလုံးတန်းမှာ တန်းထိုးပြီး ချိတ်ဆွဲထားတယ်။ ခရမ်းချဉ် ယွန်းပျင်း(ခပ်စိမ်းစိမ်း) ရင့်ရင့်ကိုခူးပြီး အိမ်မှာ တန်းထိုးချိန်ဆွဲထားတယ်။ ပြောင်းဖူးကိုလည်း တန်းထိုးချိတ်ဆွဲထားတယ်။ ခရမ်းချဉ်ကို တပေါင်းလမှာခူးပြီး တန်းထိုးချိတ်ဆွဲထားရင် ငါးလ၊ ခြောက်လ ခိုင်တယ်။ ဒါဆို ဝါဆို၊ ဝါခေါင်ထိပေါ့။ တော်တော်နဲ့မပုပ်၊ မကြွေသွားဘူးဗျာ။ ကျွန်တော်တို့နွေစာအတွက် မပူရဘူးပေါ့"ဟု ပြောသည်။

ထို့ပြင်ယင်းကဆက်လက်၍"ကျွန်တော်တို့ အိမ်မွေးတိရစ္ဆာန်လေးတွေ၊ ကြက်၊ ဘဲ၊ ဝက်၊ နွားတွေလည်း စားချင်သလောက် ကျွေးနိုင်တယ်။ ပိုလျှံတာကို ရောင်းပြီး ဆန်၊ ဆီ၊ ဆား၊ ငါးပိအခြေခံစားကုန်တွေ ပြန်ဝယ်နိုင်တာပေါ့ဗျာ။ သီးနှံတွေစိုက်တဲ့အခါသုံးတဲ့ ဓာတ်မြေဩဇာတွေသုံးရင် သီးနှံတွေမြန်မြန်ပုပ်လွယ်တယ်။ သဘာဝမြေဩဇာသုံးရင် သီးနှံတွေကြာရှည်ခိုင်တယ်" ဟု ပြောသည်။

ရေရရင် ပိုကောင်းကြောင်း လေးအိမ်ကျေးရွာရှိ အိမ်တိုင်းအိမ်တိုင်းတွင် ခရမ်းချဉ်သီးကြိုးတန်းသီးများ၊ ကြက်သွန်နီတန်းထိုးများဖြင့် လှပဝေစီ၍ ပဲပြုတ် (ပဲလက်ကောက်စေ့) ပဲပြုတ်ပူပူလေး ဆား၊ ကြက်သွန်နီနှင့် ဆီရောသုပ်ကျွေးကိုစားရသည်မှာ အရသာထူးလှပါသည်။

ခင်သန်းဦး(ဖန်ခါးမြေ)

ပုသိမ်ကြီးမြို့နယ် ဗောဓိ ၅၀၀၀ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်တော်သို့ နွားကောင်ရေ ၃၀ နှင့် အစာဖိုး ငွေကျပ် ၁၀ သိန်း လှူဒါန်း

မန္တလေး၊ ဧပြီ ၂၉

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ၊ ကမ်းရိုးတန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟ အသင်း နာယကဆရာတော်ကြီး၊ မန္တလေးမြို့တောင် စလင်းတိုက်သစ်ဘာဝနာဌာန ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဂ္ဂမဟာပဏ္ဍိတ) မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ ထေရဝါဒဝံသာလင်္ကာရ ဓရမ္မရဋ္ဌ သာသနဓဇ (သီရိလင်္ကာ) ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး)၏ ဗောဓိ ၅၀၀၀ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်တော်သို့ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီမှစတင်ကာ အဆိုပါ ဥယျာဉ်တော်သို့ မုံရွာမြို့ အလယ်ရပ်၊ ချမ်းသာကြီး မြတ်စွာဘုရား ဂေါပက၏ (၃၂) ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ကုသိုလ်ပြုပွဲကြီးကို ကျင်းပခဲ့ရာ နွားကောင်ရေ ၃၀ တန်ဖိုးငွေကျပ်သိန်း ၁၂၀ နှင့် နွားစာဖိုး ငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ ဂေါပကအဖွဲ့သည် ယခု (၃၂) ကြိမ်မြောက်အထိ နွားအကောင်ရေ ၅၇၃ ကောင် လှူဒါန်းပြီးဖြစ်သည်။ ထိုသို့ လှူဒါန်းမှု များထဲတွင် ဗောဓိ ၅၀၀၀ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်တော်သို့ ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်လှူဒါန်းခြင်းဖြစ်သည်။

အလားတူ ဗောဓိ ၅၀၀၀ ဥယျာဉ်သို့ ယခင်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သွေးလှူရှင်များအဖွဲ့မှ ၁၂ ကောင်၊ ငြိမ်းချမ်းသာယာ အမှတ် ၁၀ လူမှုကူညီရေးအသင်းမှ နွား ၁၀ ကောင်နှင့် ဆိတ် ၁၄ ကောင် လှူဒါန်းခဲ့ပြီးဖြစ်ရာ အဆိုပါ တိရိစ္ဆာန်ဘေးမဲ့ ဥယျာဉ်ကြီးတွင် အကောင်ရေ ၈၀ ကို စောင့်ရှောက်လျက်ရှိသည်။

ဥယျာဉ်တော်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ဆင်ပွတ်ကြီး၊ ဆင်ပွတ်လေးကျေးရွာအနီး ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်ကြီး၏ မြောက်ဘက်ကပ်လျက်တွင် တည်ရှိသည်။ မြေ နှစ်ဧက အကျယ်တွင် ထားရှိဆောင်ရွက်လျက်ရှိပြီး ဥယျာဉ်ကြီးတွင် စုစုပေါင်း နွားအကောင်ရေ ၁၀၀ ခန့်သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက ဆိုသည်။ ၎င်းက ဆက်လက်ပြီး အဆိုပါ

ဘေးမဲ့ဥယျာဉ်တော်သို့ လာရောက်လှူဒါန်းထားသော နွားများအားအစာကျွေးနေသည်ကိုတွေ့ရစဉ်။

နေရာတွင် သတ်မှတ် အကောင်အရေအတွက် ပြည့်ခဲ့ပါက ပုသိမ်ကြီးမြို့နယ် အတွင်း ဆည်တော်လေးတွင် ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်းနှင့် အစောင့်ရှောက်ခံနွားများအား စောင့်ရှောက်ပေးမှုနှင့် ပတ်သက်ပြီး ၎င်းက နံနက်ပိုင်းတွင် ၇ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ် မွန်းလွဲ ၃ နာရီမှ ၅ နာရီအထိ တစ်ကြိမ် လွတ်ကြောင်းစနစ်ဖြင့် ကျွေးမွေးခြင်းများဖြင့် စောင့်ရှောက်လျက်ရှိကြောင်း ပြောကြားသည်။ နွားအကောင်ရေ ၁၀၀ ထားရှိနိုင်ရန် အတွက် ပေ ၆၀ ၊ ပေ ၃၄ တဲတစ်လုံးလျှင် ကျပ်သိန်း ၃၀ ကုန်ကျပြီး နွားစာတဲ တစ်လုံးလျှင် ကျပ်သိန်း ၂၀ ကုန်ကျကာ နွားစာတစ်ထုံးလျှင် ကျပ် ၂၀ နှုန်းဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ဇီဝိတဒါနပါဝင်လှူဒါန်းခြင်းဖြင့် တိရစ္ဆာန်များ၏ အသက်ကို ကယ်ဆယ်နိုင်မည်ဖြစ်သည်။

ဝေဖြိုးအောင်

မူလတန်းဆရာအတတ် ပညာသင်တန်းဖွင့်လှစ်

ကျိုက်ထို၊ ဧပြီ ၂၉

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲကိုဧပြီလ ၂၃ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့ အ-ထ-က ၁ မြတ်ပညာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းသင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်က အမှာစကားပြောကြားပြီး သထုံခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)ဒေါ်သန်းအေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ လက်ထောက်မြို့နယ်ပညာရေးမှူးဦးလှထွန်းနှင့် သင်တန်းနည်းပြ ဆရာဦးစောတင်စိုးတို့က သင်တန်းသား၊ သင်တန်းသူများအား လိုက်နာရမည့် စည်းကမ်းချက်များကို ထပ်မံ ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေ့စားလပေး ခန့်ထားခဲ့သော ဆရာ၊ ဆရာမ ၁၂၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁ လ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်း သင်တန်းတွင် နည်းပြဆရာ ၁၃ ဦးက ဘာသာရပ် ၁၄ မျိုးကို နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄ နာရီခွဲထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည် ။

သန်းသန်းမော်(ပြန်/ဆက်)

Future Engineer Generation Training School
M&E Working Drawing
M&E Service Drawing
Units, Layers, Colors, Line types, Text sizes, File names
M&E AutoCAD
3.5.14 Sat, Sun (6:30~7:30)PM 2-months
13.5.14 Tue to Fri (3:00~5:00)PM 1-month
M&E Electrical Design
Electrical Services Knowledge
One Line Drawing
Complete Estimate
3.5.14 Sat, Sun (12:30~2:30)PM 2-months
M&E Mechanical Design
ACMV
Duct System
Design
Computerized Full Version Software
2.5.14 Sat, Sun (10:30~12:30)PM 2-months
5.5.14 Mon to Fri (6:00~11:00) AM 1-Month

MYANMAR THAMES INTERNATIONAL (MTI)
Diploma In Business (L4DB)
NCC Education (UK)
2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450,0973147379

မင်းဘူး(စကု)အောက်ကျောင်းတော်ရာ သာသနာ့ သမိုင်းဝင် သမုဒ္ဒဂီရိ မြစေတီတော်ကြီး ဖူးမြော်နိုင်

à cifef;(Def;ajr)

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေအနီး ကြာကန်ကျေးရွာတွင် သာသနာ့သမိုင်းဝင် အောက်ကျောင်းသမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးတည်ရှိကြောင်း သိရသည်။

အဆိုပါအောက်ကျောင်းသမုဒ္ဒဂီရိမြစေတီတော်ကြီးကို ကောဇာ ၄၅၄ ခုနှစ် ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် အောက်ကျောင်း ကျောင်းဝန်းအတွင်း ဖောင်တော်ဆိုက်ကပ်တော်မူစဉ် ကမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုရာ မဟာပုဏ္ဏအမိဋ္ဌာန်ဖြင့်ပေါ်လာသော ဗုဒ္ဓကိုယ်စား နိမ္မိတရုပ်ပွား မြသားဆင်းတုတော်ဌာပနာထားသည့် အုတ်လိုဏ်ဂူတော်ကို တွေ့မြင်လေသော် အလောင်းစည်သူမင်းသည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားတွေ့သည့်အလား ပီတိသောမနဿဝေဖြာလျက် ရှိခိုးကော်ရော်ဖူးမြော်လေသည်။

မဟာပုဏ္ဏမထေရ်မင်းမြတ်ဘုန်းသမ္ဘာ နှင့် ပြည့်စုံသူများ ဤနေရာ၌တွေ့ရှိလျှင် သာသနာတော်ကြီး နေရောင်လရောင်ပမာထွန်းပြောင်ပါစေသတည်းဟု အဓိဋ္ဌာန်ဖြင့်ရေးသားခဲ့သော ပုရပိုက်ကိုတွေ့ရသဖြင့် ဗုဒ္ဓကိုယ်စားနိမ္မိတရုပ်ပွားမြသားဆင်းတုတော် ဌာပနာအုတ်လိုဏ်ဂူကို ရှင်းလင်းခြံငုံပြီးလျှင် ဉာဏ်တော် ၄၈ တောင် ၁၇ လက်သစ်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ထိုစေတီကို စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးနှင့်မခြား တည်ဆောက်စေပြီး ဇရပ်၊ တန်ဆောင်း၊ သိမ်၊ စကြံလေးဌာနစီရင်ခဲ့ကြောင်း၊ တစ်မုခ်လျှင် နှစ်ယောက်ကျ ကျွန်ယောက်ျား၊ ကျွန်မိန်းမများနှင့် ဝတ္ထုကံနယ်မြေအဖြစ် အနောက်သို့လားသော် ဦးယျာဉ်ဇင် ယခု(ပေါက်တော)၊ မြောက်သို့လားသော် ကင်းထနောင်းပင် ယခု(ကန်ကလားရွာ မြောက်ဘက် ငါးတာလီမြောင်းအထိ)၊ တောင်သို့လားသော် မထုံကန္ဒီ၊ အရှေ့သို့လားသော် ငါးကြင်းတဖခုံ၊ လယ်ယာ အကောက်ခွန်နှင့်တကွ အောက်ကျောင်းသမုဒ္ဒဂီရိမြစေတီတော်ကြီးအား ရွှေကရားဖြင့် ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း သိရလေသည်။

အလောင်းစည်သူမင်း၏ သားတော် ဒုတိယအကြိမ်ပြုပြင်ကြောင်း၊ မန်းဆည်တော်ကျိုးပေါက်၍ ဖောင်စကြာဖြင့် ကြွချီတော်မူလာစဉ် အောက်ကျောင်းသမုဒ္ဒဂီရိမြစေတီတွင် ဖောင်ဆိုက်တော်မူစဉ် ဖခမည်းတော်ကဲ့သို့ ဆီမီးဝတ်စေတီပါယ် မြေသင်းပုတ်ဝတ်များ၊ ဇရပ်တန်ဆောင်း၊ သိမ်တို့ကို လှူဒါန်း၍ ဘုရားဝတ္ထုကံမြေများကိုလည်း ယခင်အတိုင်း လှူဒါန်းကြောင်း၊ မြစေတီတော်ကြီးကို ကောဇာသက္ကရာဇ် ၁၂၅၁ ခုနှစ်တွင် ဆရာတော်ဦးသီလနှင့် ဦးရေသိမ်တို့မှ အုတ်ဖို ၂၀ ကျော်ဖုတ်ပြီး စတင်ပြင်ဆင်ခဲ့ရာ ဌာပနာတိုက်များပေါ်လာသဖြင့် ဆရာတော်ဦးသီလ၊ ဆရာတော်ဦးရေသိမ်တို့မှ ဌာပနာတိုက်ပိတ်၍မပြီးမချင်း ဘုရားငြမ်းပေါ်၌ သီတင်းသုံးတော်မူကြောင်း သိရသည်။

ဌာပနာတိုက် တနင်္ဂနွေထောင့်မှာ ဌာပနာထားသောရွှေသားအစစ်သတ္တဌာန၊ အင်္ဂါထောင့်မှာ ဌာပနာ ငွေသားဆင်းတု ၂၇ ဆူ ဓာတ်တော်များ၊ စနေထောင့်မှာ မြသပိတ်တော်နှင့် ဓာတ်တော်များ၊ ရာဟုထောင့်တွင် မြသားဆင်းတုတော် ၃၇ ဆူ ဓာတ်တော်များရှိကြောင်းသိရသည်။

ယခု ပြုပြင်ထားမှုမှာ အရံစေတီ ၉၆ ဆူ၊ မြေစိုက်စေတီ ငါးဆူ၊ အောက်ကျောင်း မြစေတီတော်ကြီး၏ အရံစေတီ ၉၆ ဆူနှင့် ဖူးမြော်မဝ တင့်တယ်လှသော အောက်ကျောင်းသမုဒ္ဒဂီရိမြစေတီတော်ကြီးကို မင်းဘူး(စကု)ရောက်တိုင်း၊ ရွှေစက်တော် ဘုရားဖူးသွားတိုင်း၊ မလွန်(မြသပိတ်)ဘုရားကြီးကို ဖူးမြော်တိုင်း၊ မကွေးမြသလွန်ဘုရားကြီးကို ဖူးမြော်တိုင်းဝင်ရောက်လေ့လာ ဖူးမြော်နိုင်သည်။

ရှေးဟောင်း တံခါး ၉၉ ပေါက်ရှိသော ကျောင်းကြီးကို ကျိုက်လတ်မြို့ ဦးမြတ်ကျော်-ဒေါ်ဗိုင်းဗုံတို့မှ လှူဒါန်းထားသော ကျောင်းတော်ကြီးကိုလည်း ဘုရားဖူးရင်း တံခါး ၉၉ ပေါက်ရှိသော ရှေးလက်ရာကျောင်းတော်နှင့် ကျောင်းဒါယကာပုံရုပ်တုနှင့် ကျောင်းဒါယိကာမရုပ်တုများ ရှိပါသောကြောင့် နိုင်ငံခြားသားများနှင့် မြန်မာဘုရားဖူးများ လာရောက်လေ့လာနိုင်ပါကြောင်း သိရသည်။

ucGef/vCt ajccI-Dfu;rbifwef;zGifhS

မူဆယ်၊ ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ အမက(၁) မူလတန်းလွန်စာသင်ကျောင်းတွင် စတုတ္ထအကြိမ်မြောက်၊ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းမှ ဦးဆောင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို တောင်တန်းသာသနာပြု ဆရာတော်ဦးသုနန္ဒ၊ ဆရာတော် သစ္စာဝေဒဂူ ဦးဝိစိတ္တသာရ တို့က မြို့ပေါ်ရှိတိုင်းရင်းသား/သူရင်သွေးငယ်ကျောင်းသား/သူ လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိရှိ သုံးစွဲတတ်စေရန် ရည်ရွယ်၍ အဘိဓမ္မာယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာတရားတော်နှင့်အညီ ယဉ်ကျေးလိမ္မာစေရန်အတွက် သွန်သင်ဆုံးမစာပေများ သင်ကြားပို့ချပေးကြောင်း သိရပါသည်။ သင်တန်းကာလမှာ ၁၇ ရက်ကြာပြီး သင်တန်းသား/သူ ၄၅၀ ရှိကြောင်း သိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

ထိုင်း-မြန်မာချစ်ကြည်ရေး ဈေးရောင်းပွဲတော် ကရင်ပြည်နယ် မြဝတီမြို့တွင် ကျင်းပ

မြဝတီ၊ ဧပြီ ၂၉

ထိုင်း-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ကရင်ပြည်နယ်၊မြဝတီမြို့၊ ဘုရားကြီး ဘုန်းကြီးကျောင်းဝန်းအတွင်းတွင် ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပသွားကြောင်း သိရသည်။ အဆိုပါဈေးရောင်းပွဲတော်တွင် ဖန်စီပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊သဘာဝတိုင်းရင်းဆေးများအစရှိသဖြင့် ရောင်းချခဲ့ပြီး ဈေးလာရောက်ဝယ်ယူအားပေးသူများကို နှစ်နိုင်ငံ အကအလှအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

"ဒီပွဲဟာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အဓိကထား၍ ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ နောင်နှစ်များမှာ ဒီထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြဝတီမြို့နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောကြားသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

သုခဒန္တီ သွားနှင့်ခံတွင်းအဖွဲ့မှ အခမဲ့ဆေးကုသ

မင်းကင်း၊ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဟာမင်းကျောင်းတိုက်အတွင်း ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးမြို့မှ လာရောက်သည့် သုခဒန္တီ သွားနှင့်ခံတွင်းဆေးကုသရေးအဖွဲ့က အခမဲ့ဆေးကုသပေးခြင်း အခမ်းအနားကို ကျင်းပခဲ့ပြီးနောက် မင်းကင်းမြို့ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးတုတ်ထံသို့ အလှူရှင်များက အလှူငွေကျပ် ၄၂၉၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မင်းကင်းမြို့ မဟာမင်းကျောင်းတိုက်ဆရာတော် ဦးဇဝန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ခဲ့ကြသည်။

၎င်းသွားဆရာဝန်များ၏ အဖွဲ့ခေါင်းဆောင် ဒေါက်တာရဲဝင်းနိုင်နှင့် ဆရာဝန် ၂၀ တို့က ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ တစ်ရက်လျှင် လူနာဦးရေ ၃၀၀ သတ်မှတ်ကာ သုံးရက်တာအတွင်း လူနာပေါင်း ၉၀၀ တို့အား သွားဖာထေးခြင်းနှင့် အခြားသွားဘက်ဆိုင်ရာ ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ချင်းတွင်းသား(ပြန်/ဆက်)

လာမည့်ပညာသင်နှစ်တွင် ကျေးရွာမူလတန်းကျောင်းများ၌ ဆရာ၊ ဆရာမဦးရေ ငါးဦးအထိ အပြည့်ခန့်အပ် တာဝန်ပေးသွားမည်

မိတ္ထီလာ၊ ဧပြီ ၂၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျေးရွာ မူလတန်းကျောင်းများ၌ ဆရာ၊ ဆရာမဦးရေ ၅ ဦးအထိ အပြည့် ခန့်အပ်တာဝန်ပေးသွားမည် ဖြစ်ကြောင်း ဧပြီ ၂၂ နံနက်ပိုင်းက မိတ္ထီလာပညာရေးကောလိပ် ပညာရတနာခန်းမတွင် ကျင်းပပြုလုပ်သည့် နေ့စားလပေး ဘွဲ့ရမူလတန်းပြကျောင်းဆရာများ အထူးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီး ဦးဘိုမြင့်က ပြောကြားသည်။

" နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် လူတိုင်းပါဝင်တည်ဆောက်နေတဲ့ အချိန်ကာလဖြစ်ပြီး ယခုလို တည်ဆောက်တဲ့အခါမှာ အသိပညာအတတ်ပညာရှင်များ များစွာလိုအပ်ပါတယ်။ အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ပေးရာတွင် အခြေခံကျတဲ့ ပညာရေးကဏ္ဍကို တိုးတက်မြင့်မားအောင် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာဒေသများမှာရှိတဲ့ အခြေခံ မူလတန်းကျောင်းများကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနေသကဲ့သို့ လက်ရှိကျောင်းများကိုလည်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ကျေးရွာမူလတန်းကျောင်းများမှာ လာမည့်ပညာသင်နှစ် ၂၀၁၄-၂၀၁၅ မှ စတင်ပြီး ဆရာ၊ ဆရာမငါးဦးအထိ အပြည့်အဝ ခန့်ထားပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ကျေးလက်မူလတန်း ကျောင်းများတွင် ဆရာဆရာမများ တိုးမြှင့်ခန့်အပ်ထားပြီးပါက ကျေးလက်နေကျောင်းသား၊ ကျောင်းသူများ၏ပညာသင်ကြားရေး လုံလောက်သောအခွင့်အလမ်းများရရှိ၍ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကာ ကျောင်းသား၊ ကျောင်းသူများ ပိုမိုများပြားလာမည်ဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

HTET OO MARITIME TRAINING INSTITUTE
နှစ်သစ်ကူး နွေရာသီ Promotion အစီအစဉ်သစ်
Promotion
၁။ BST (4 Tickets) Discount
၂။ Tanker Familiarization Package
Ph: 09 250278274, 01-544562
Ph: 09 421154222

မရမ်းကုန်းအော်တိုတယ်လီဖုန်းဌာနက
တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တယ်လီဖုန်း(ကြိုး)လိုင်း
သုံးစွဲသူ မိတ်ဆွေများအား အသိပေးတင်ပြခြင်း
MYANMAR TELECOMMUNICATION NETWORK(PUBLIC) CO.,LTD

မလေးရှားနိုင်ငံတွင် (၄) ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်၊ ဧပြီ ၂၉

(၄) ကြိမ်မြောက် လူကုန်ကူးမှု တိုက်ဖျက်ရေး ပြစ်မှုဆိုင်ရာတရား စီရင်ရေးကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ မလေးရှား နိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြု လုပ်မည်ဖြစ်ကြောင်း သတင်းရရှိ သည်။

အဆိုပါဆွေးနွေးပွဲသို့ စင်ကာပူ နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့နှင့် ကျန် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် လေးဦးစီ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း ဦးဆောင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်း၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ ပြစ်မှုတရားစီရင် ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်း စန္ဒာစမ်း၊ ဩစတြေးလျ-အာရှ လူကုန် ကူးမှု တိုက်ဖျက်ရေးစီမံကိန်းနှင့် World Vision (Myanmar) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို အမျိုးသား ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၏ စွမ်းရည်များ တိုးမြှင့်ခြင်းအားဖြင့် အာဆီယံဒေသတွင်း လူကုန်ကူး မှုခင်း များကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေး ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူ များ၏ လုံခြုံစိတ်ချရပြီး အောင်မြင် စွာ မြှင့်တင်ရန်နှင့် ထိရောက်သော အရေးယူဆောင်ရွက်မှု မျှဝေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပ ပြုလုပ်ရခြင်းဖြစ်သည်။

ယခုကျင်းပမည့် လူကုန်ကူးမှုတိုက် ဖျက်ရေး ပြစ်မှုဆိုင်ရာတရားစီရင်ရေး ကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲသည် (၄) ကြိမ်မြောက်ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီး တတိယအကြိမ် အား ၂၀၁၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ် လူကုန်ကူးခံရ သူများ၏ လုံခြုံစိတ်ချရမှု ကာကွယ် ပေးမှုနှင့် အတားအဆီးကိစ္စရပ်များ၊ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲ မတင်မီ၊ တရားစွဲတင်စဉ်နှင့် တရားစွဲ တင်ပြီး အဆင့်တစ်ဆင့်စီတွင် လူကုန် ကူးခံရသူများအား ကာကွယ်ခြင်းနှင့် ထောက်ပံ့ခြင်း ကိစ္စရပ်များ၊ လူကုန် ကူးခံရသူများ၏ သက်သေခံချက်များ၊ လူကုန်ကူးခံရသူ သက်သေများ၏ တရားရုံးတင် မစစ်ဆေးမီ ထိန်းသိမ်း ထားခြင်း၊ သက်သေများ၏ ရှေ့နောက် ထွက်ဆိုချက် မကိုက်ညီသည့်ကိစ္စ ရပ်များ၊ တရားရုံးတွင် သက်သေခံရန် လူကုန်ကူးခံရသူ သက်သေများအား လိုအပ်သည်များ စီစဉ်ပေးသည့် ကိစ္စ ရပ်များ စသည့်အကြောင်းအရာများ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရ သည်။ **ကိုကိုရူပ(နေပြည်တော်)**

ဘုရင့်နောင်ပွဲရုံဝင်း လမ်းအချို့တွင် စည်းကမ်းမလိုက်နာမှုကြောင့် ယာဉ်များနှင့် ယာဉ်မောင်းများ အခက်အခဲဖြစ်ပွားနေ

ရန်ကုန်၊ ဧပြီ ၂၉

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်းအတွင်းရှိ လမ်းသွယ် အချို့ လမ်းထိပ်များတွင် သိသာမြင် သာသော လမ်းညွှန်ဆိုင်းဘုတ်များ ကို ဧပြီ ၂၄ ရက်က ချိတ်ဆွဲထားရာ လမ်းသွယ်များအတွင်းရှိ တိုက်ခန်း နံပါတ်ရှာဖွေသူများ၊ မောင်းနှင်သွား လာသူများအတွက် အဆင်ပြေလာ သော်လည်း ဆောက်လုပ်ရေးပစ္စည်း မျိုးစုံရောင်းချသော ခတ္တာလမ်းသွယ် တွင်မူ လမ်းထိပ်တစ်ဖက်တွင် နှစ် လမ်းမောင်းလမ်းညွှန်ကို ကံ့ကော် လမ်းမနှင့်ဆုံရာ ချိတ်ဆွဲထားသော် လည်း လမ်းသွယ်၏ အခြားတစ်ဖက် ဖြစ်သော ရိုးကြီးချောင်းပတ်လမ်းနှင့် ဆုံရာတွင် ယာဉ်မဝင်ရ အနီဝိုင်းတား မြစ်ဆိုင်းဘုတ်ကို နေ့လယ်ပိုင်းများ တွင် စိုက်ထူထား၍ လမ်းသွယ် အတွင်း ဝင်ရောက်သော ကုန်ကား များ အဆင်ပြေသလို မောင်းနှင်နေ ရသည်ဟု ကုန်ကားယာဉ်မောင်း များက ပြောသည်။

ပွဲရုံရှေ့ ကုန်တင်ကုန်ချပြုလုပ် မည့် ကားများရပ်နားရန်နေရာတွင် စုပုံခွန် အမည်ဖြင့် ငွေကြေးပေး ဆောင်ပြီး ကုန်ပစ္စည်းအပုံကြီးများ စုပုံထားခြင်း၊ ဈေးတည်ခင်းရောင်းချ ခြင်းများကို ရေတမာလမ်း (ကံ့ကော် နှင့် ယင်းမာလမ်းမတို့အကြား) နှင့် ခတ္တာလမ်းတို့တွင် နေ့စဉ်မြင်တွေ့ နေရ၍ ကုန်တင်ကုန်ချကားများ လမ်းမပေါ်ရပ်ပြီး ကုန်တင်ခြင်းများ ပြုလုပ်နေရကြောင်း သိရသည်။

နေ့တစ်ဝက်ကျော်ကြာ ညပိုင်းထိ ယာဉ်ပိတ်ဆို့မှုဖြစ်တတ်သည့် ဘုရင့် နောင်ပွဲရုံဝင်းအတွင်း ကားလမ်းမ ပေါ် ကုန်ကားရပ်၍ အတင်အချပြု လုပ်စေသည့် ပွဲရုံရှေ့စည်ပင်ပိုင်မြေ များတွင် ဈေးတည်ခင်းရောင်းချခြင်း၊ ကုန်ပစ္စည်းများအစုအပုံလိုက် စုပုံ ခြင်း၊ စည်ပင်ပိုင်မြေပေါ်တွင် ခြံခတ် ကာရံ၍ အဆောက်အအုံများ တိုးချဲ့ ပြုလုပ်နေခြင်းများကို ထိရောက်စွာ တားမြစ် အရေးယူပေးစေလိုကြောင်း သိရသည်။

ပွဲရုံဝင်းအတွင်း ဝင်ရောက်သော ယာဉ် အရေအတွက်များ၍ ယာဉ် ပိတ်ဆို့မှု ဖြစ်ရသည်ဟူသော အကြောင်းပြချက်နှင့်အတူ စည်ပင် ပိုင်မြေများပေါ်တွင် ကျူးကျော်ဈေး ရောင်း၊ ပစ္စည်းပုံ၊ လမ်းစည်းကမ်းမ လိုက်နာမှုအချို့အပေါ် နားလည်မှု ကြေးဖြင့် ဖြေရှင်းနေမှု၊ ပွဲရုံးဝင်း အတွင်း နေ့အချိန် နောက်တွဲယာဉ် များဝင်ခွင့်မပြု၊ ဒဏ်ငွေ ၃၀၀၀၀ ကျပ် ဆိုသော ဝင်ပေါက်ဝများတွင် တရား ဝင် တားမြစ်ဆိုင်းဘုတ်နီများတွင် ဖော်ပြပါရှိသော စည်းကမ်းများကို လိုက်နာမှုရှိရေးတို့သည်လည်း ယာဉ် ပိတ်ဆို့မှုဖြစ်စေသည့် အဓိကကျ သော တားမြစ်အရေးယူရန်လိုသည့် ဖြစ်ရပ်များဖြစ်သည်ဟု လုပ်ငန်းရှင် တစ်ဦးမှ ဆိုသည်။ **မောင်စေအောင်**

မြန်မာအမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အမျိုးစောင့်ဥပဒေအကြောင်း ဟောပြောပွဲကျင်းပ

ပခုက္ကူ၊ ဧပြီ ၂၉

အညာဒေသ ပခုက္ကူမြို့ကြီးတွင် မြန်မာအမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက် မြက်ရေးနှင့် အမျိုးစောင့်ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီက အမှတ် ၁၅ ရပ်ကွက် အနောက်ပန်းခြံ စည်ပင်ဝန်ထမ်းအိမ်ရာအနီး မြေကွက်လပ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရ သည်။

ဟောပြောပွဲကြီးကို နာမည်ကျော်ဆရာတော် ဦးဝီရသူ(မစိုးရိမ်) ဦးဆောင်၍ ဓမ္မစက္ကဦးမောင်မောင်၊ ဆရာမောင်သွေးချွန်၊ ရှေ့နေကြီးဦးအေးပိုင်၊ ဦးနေ မျိုးဝေ၊ မိုးစက်နီ၊ ကိုသီရိတို့က အမျိုးစောင့်ဥပဒေအကြောင်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်း အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ တို့ကို အကျယ်တဝင့် ဟောပြောခဲ့သည်။

မည်သည့်နိုင်ငံမဆို အမျိုးဘာသာကိုစောင့်သော ဥပဒေများရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရှိသင့်ကြောင်း၊ အမျိုးစောင့်ဥပဒေဆိုသည်မှာ တိုင်းရင်း သား ၁၃၅ မျိုးလုံးနှင့် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် လူမျိုးဘာသာ ပေါင်းစုံတို့ ပဋိပက္ခမှုကို လျှော့နည်းစေပြီး ငြိမ်းချမ်းအေးချမ်းစွာ နေထိုင်နိုင်ရေး ရည်ရွယ်သည့် ဥပဒေဖြစ်ကြောင်း ဘာသာအသီးသီး၏ပြဋ္ဌာန်းပြီး ဥပဒေများနှင့် မဆန့်ကျင်ကြောင်း လိုအပ်နေသောဥပဒေကို ပြဋ္ဌာန်းရန် တောင်းဆိုခြင်းဖြစ် ကြောင်း သိရသည်။

တိုင်းရင်းသား ၁၃၅ မျိုးနှင့် ဘာသာပေါင်းစုံအတွက် ငြိမ်းချမ်းအေးချမ်း ရေး လိုအပ်နေသော ဘုံသဘောတူညီချက်အနေဖြင့် လိုက်နာရမည့်ဥပဒေများ သာဖြစ်ပါ၍ ထိုဥပဒေအမြန်ဆုံးပေါ်ထွန်းရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သင့် ကြောင်း ဟောပြောခဲ့ကြသည်ဟု သိရသည်။

အမျိုးစောင့်ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပွဲသို့ ပခုက္ကူ မြို့ပေါ် မြို့နယ်တစ်ခွင်ရှိပရဟိတလူမှုရေးအသင်းများ ဗုဒ္ဓ၏သားတော် သံဃာ တော် အရှင်သူမြတ်များ၊ ဗုဒ္ဓ၏သမီးတော်သီလရှင်များ၊ စိတ်ပါဝင်စားကြ သူများ၊ စုစုပေါင်းလူဦးရေသုံးထောင်ခန့် တက်ရောက်ခဲ့ကြသည်။

နေဦးမောင်(ပခုက္ကူ)





အလုံလမ်းနှင့် ဧရာဝတီလမ်း ထောင့်တွင် အန္တရာယ်ကင်း ပရိတ်တရားနာယူ

ရန်ကုန်၊ မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် အလုံလမ်း အမှတ် (၁၅၅) နှစ်ထပ်တိုက်ဖျက်ရာမှ မေ ၂၆ ရက်က ရှေ့ဝရန်တာပြိုကျပြီး သေဆုံးသွားသော အလုပ်သမားများ အားရည်စူး၍ ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သံဝေဂ နာရေးဝန်ဆောင်မှု အဖွဲ့တို့မှ ဦးဆောင်ပြီး အန္တရာယ်ကင်းပရိတ် တရားနာယူပွဲကို မေ ၂၇ ရက် ညနေ ၅ နာရီခွဲက အလုံလမ်းနှင့် ဧရာဝတီ လမ်းထောင့်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးဝင်းကျော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ သံဝေဂနာရေးဝန်ဆောင်မှုအဖွဲ့ဝင်များ၊ ရပ်ကွက်တွင်းရှိ လုပ်သားပြည်သူများ တက်ရောက်ကြပြီး ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားနာယူကြသည်။

သေဆုံးသွားသည့် အလုပ်သမားများအား အမျှပေးဝေကာ ညနေပိုင်းတွင် ပရိတ်တရား နာယူခြင်း ပြီးမြောက်ခဲ့ပြီး သံဝေဂနာရေး ဝန်ဆောင်မှုအဖွဲ့နှင့် စေတနာရှင် လုပ်သားပြည်သူများ စုပေါင်း လှူဒါန်းထားသော အလှူငွေကျပ် ၈၇၆၆၀၀ အား သံဝေဂနာရေးဝန်ဆောင်မှုအဖွဲ့မှ သေဆုံးသွားသော မိသားစုများထံသို့ မေ ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုတင်မောင်ဦး(အလုံ)

အညာတွင် ထန်းလျက်ဈေးကောင်း၍ ထန်းလုပ်သားများအဆင်ပြေ

မကွေး၊ မေ ၂၉

မကွေးတိုင်းဒေသကြီး အတွင်းရှိ ရေစကြို၊ နတ်မောက်၊ မြို့သစ်၊ မကွေး၊ တောင်တွင်းကြီး၊ ချောက်ဒေသများတွင် ယခင်နှစ်က ထန်းလျက်ဈေးနိမ့်၍ တွက်ခြေမကိုက်ကျသော်လည်း ယခုနှစ်တွင်လည်း ရာသီဥတုကြောင့် ထန်းရည်အထွက် နည်းပြီး ထန်းလျက်အထွက် လျော့နည်းကြောင်းသိရသည်။

ထိုသို့ထန်းလျက်အထွက်နည်းခြင်းကြောင့် ထန်းလျက်လုံးကြီး တစ်ပိဿာ ကျပ် ၇၅၀ အထိပေါက်ဈေးရခဲ့ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး အတွင်းရှိ ရေစကြို၊ နတ်မောက်၊ မြို့သစ်၊ မကွေး၊ တောင်တွင်းကြီး၊ ချောက်ဒေသများတွင် ထန်းပင်များပေါများစွာပေါက်ရောက်ပြီး ထန်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများရှိသည်။

မကွေးမြို့နယ်အတွင်း ထန်းလုပ်သားများမှာ ထန်းပင်တက်ခအဖြစ် တစ်ပင်ကို တစ်နှစ်စာထန်းလျက်တစ်ပိဿာပေးရပြီး ထန်းလုပ်ငန်း၏ သဘာဝအလိုက် ထန်းပိုင်ရှင်ထက် ထန်းတက်လုပ်သားပိုများပြီး ထန်းလျက်ချက်ခြင်းလုပ်ငန်း၊ ထန်းရည်ခါးဈေးကွက်ကို အခြေပြု၍ အသက်မွေးဝမ်းကျောင်းသူများရှိကြောင်း သိရသည်။

ထန်းဖိုထန်းလျက်ကို တပို့တွဲလမှ တပေါင်းလကုန်အထိ ဆက်လုပ်ကိုင်ကြကာ ထန်းတစ်ပင်မှ ထန်းဖိုထန်းလျက် ပိဿာ ၄၀ မှ ပိဿာ ၅၀ ခန့် ထွက်ရှိပြီး ထန်းမကချက်သည့် ထန်းလျက်ကို တန်ခူးလမှ တော်သလင်းလအထိ ဆက်လုပ်နိုင်သော်လည်း ထန်းရည် အထွက်နည်းခြင်းကြောင့် ထန်းတစ်ပင်မှ တစ်ရာသီ ထန်းမ၊ ထန်းလျက်ပိဿာ ၂၀ ခန့်သာ ထွက်သည့်အတွက် ထန်းရာသီတစ်ခုလုံးတွင် ထန်းတစ်ပင်မှ ထန်းလျက်ပိဿာ ၆၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ထန်းတက်လုပ်သားတစ်ဦးသည် တစ်နှစ်အတွက် အနည်းဆုံး ထန်းပင် ၂၀ ငှားရမ်း၍ ထန်းလျက်ချက်သောအခါ ထန်းလျက်ပိဿာ ၁၀၀၀ မှ ၁၂၀၀ ကြားရရှိပြီး ယခုနှစ်ပေါက်ဈေးအရ ကျပ်ခုနစ်သိန်းကျော်ခန့် ဝင်ငွေရနိုင်ပြီးယမန်နှစ်ကထက် ပိုမိုအကျိုးရှိကြကြောင်း ထန်းလျက်လုပ်ငန်းရှင်များကပြောသည်။

မကွေး(လှမြင့်)

oluef lyDt ifvt;uGvjryEESt0 , vdf qDGb;E;tenf i ,jfihuf

အောင်လံ၊ မေ ၂၉

သင်္ကြန်အပြီး မကွေးတိုင်းဒေသကြီး အောင်လံဈေးကွက်တွင် မြေပဲနှင့်နှမ်း အဝယ်ပြန်လိုက်လာသောကြောင့် ဈေးမြင့်လာပြီး ဆီထွက်သီးနှံဈေး အနည်းငယ်မြင့် တက်လာကြောင်း သိရသည်။

ယင်းဒေသထွက်နှမ်းမှာ အဝင်မရှိတော့ဘဲ ယခင်လှောင်ထားသော နှမ်းများကြောင့် အရောင်းအဝယ်ဖြစ်နေကြပြီး တရုတ်ကိုပို့ရန် မန္တလေး ဝယ်လက်မှာ နှမ်းအနက်၊ နှမ်းအနီများကို ဝယ်ယူနေကြောင်း ဒေသခံကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၄၅၃၀၀ ကျပ်၊ ဆောင်းနှမ်းတစ်တင်း ၅၀၀၀၀ ကျပ်၊ မိုးနှမ်းတစ်တင်း ၅၆၆၀၀ ကျပ်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်ပြီး မြေပဲဆန်ဈေးမှာ မြင့်လာသည်။

ကံမနယ်မှ မြေပဲဆန်များ နေ့စဉ်ဝင်လျက်ရှိပြီး ဝင်လာသော မြေပဲဆန်များကို ရန်ကုန်ဆီစက်နှင့် မကွေးဆီစက်များမှ အဝယ်ရှိသောကြောင့် အောင်လံဈေးကွက်တွင် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိသည်။

မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာ ကျပ် ၁၃၀၀၊ လုံးဆန်တစ်ပိဿာ ၁၄၅၀ ကျပ်ဖြင့် အရောင်းအဝယ်ပြုကြသည်။ စားသုံးဆီဈေးမှာ နှမ်းဆီတစ်ပိဿာ ကျပ် ၅၂၀၀၊ ကျပ် ၅၄၀၀၊ မြေပဲဆီတစ်ပိဿာ ကျပ် ၂၉၀၀၊ ကျပ် ၃၃၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၁၆၀၀၊ ကျပ် ၁၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မကွေး(လှမြင့်)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ် မွမ်းမံသင်တန်းဖွင့်

ဇမ္ဗူသီရိ၊ မေ ၂၉

ကျောင်းသားကျောင်းသူများအား ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီးပေးနိုင်သော အသိတရားများ၊ ဘဝတွက်တာ ကျွမ်းကျင်စရာအခြေခံ ကျွမ်းကျင်မှုများ၊ ကျန်းမာစွာနေထိုင်ပြုမူကျင့်ကြံတတ်မှုများကို လေ့ကျင့်မြှင့်တင်ပေးရန် ရည်မှန်းချက်ထား၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ အ. ထ. က (၇) တွင် ဘဝတွက်တာ ကျွမ်းကျင်စရာသင်တန်းဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်တိုင်းပညာရေး ညွှန်ကြားရေးမှူးရုံး လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး UNICEF မှ Education Officer ဒေါက်တာ ဒေါ်ရွှေစင်လှရွှေက ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို သင်တန်းနည်းပြ ၁၂ ဦးတို့ဖြင့် သင်ကြားပို့ချခဲ့ပြီး နေပြည်တော်ရှစ်မြို့နယ်မှ သင်တန်းသားဆရာ၊ ဆရာမ ၂၀၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းကုန်ကျစရိတ်များကို UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိရသည်။

ဆရာ၊ ဆရာမများ၏သင်ကြားမှု အရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန်၊ ကျောင်းသားများ၏ လိုအပ်သော သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများ ရရှိစေရန်နှင့် ကလေးဗဟိုပြုချဉ်းကပ်နည်းကို စနစ်တကျအသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး ဆရာ၊ ဆရာမများကို သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကို

သတင်းတို

မြန်အောင်မြို့ စာပေရေချမ်းစင်အတွက် စာအုပ်အလှူရှင်များ လိုအပ်လျက်ရှိနေ

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ပေါ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနတွင်စာကြည့်တိုက်တစ်ခု၊ မြန်အောင်မြို့နယ် စာရေးဆရာအသင်းက ဖွင့်လှစ်ထားသည့် ရသအောင်မြေစာကြည့်တိုက်တစ်ခု စုစုပေါင်း စာကြည့်တိုက်နှစ်ခု ရှိသည်။ မြန်အောင်မြို့ပေါ်ရှိ ရပ်ကွက်များတွင် သင့်တော်သောနေရာများ၌ စာပေရေချမ်းစင်လေးများထားရှိရာ စာပေဝါသနာရှင်များအတွက် စာပေများ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် စာအုပ်အလှူရှင်များက သတင်းစာ၊ ဂျာနယ်တို့ကို လှူဒါန်းထားရှိပေးထားသည်။ ယခုကဲ့သို့လုပ်ပေးထားသော်လည်း လူအများ အမှန်တကယ်သိသင့်သော အကြောင်းအရာများ၊ ဖတ်ရှုသင့်သောစာအုပ်များ လိုအပ်လျက်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း စာပေဝါသနာရှင် စာအုပ်လှူဒါန်းသူတစ်ဦးက ပြောပြသည်။ အများဆုံးဖတ်ရှုသော စာပေရေချမ်းစင်မှာ မြန်အောင်မြို့ အဝေးပြေးကားဂိတ်ဝန်းအတွင်းရှိ စာပေရေချမ်းစင်ဖြစ်ကြောင်းသိရှိရသည်။

နေဝင်းဇော်(မြန်အောင်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၂-၅-၂၀၁၄ရက်နှင့် စနေ/ တနင်္ဂနွေ အထူးသင်တန်းကို ၄-၅-၂၀၁၄ရက်တွင် ဖွင့်ပါမည်။ ၂၂-၄-၂၀၁၄ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၅-၂၀၁၄ ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁

IGCSE
(May/June 2015 Exam ဖြေမည့်သူများအတွက်)
Maths & Accounting
09 50 976 80

ပြင်ဦးလွင်-မြေကွက်များရောင်းမည်
ပိုင်ဆိုင်မှု ခိုင်မာ၍ အရှုပ်အရှင်းကင်းသော
နေရာကောင်းသည့်မြေကွက်များရောင်းမည်
ဆက်သွယ်ရန် — 09-730 89767

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မော်လမြိုင်-ချောင်းဆုံ ၆၆ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၄-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၅-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်
ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အဏုဇီဝဗေဒအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။
၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၄ခုနှစ်၊ ဇွန်လ ၁ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
၃။ ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။
(ခ) ဘာသာရပ်ဆိုင်ရာသုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ် သုံးနာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(ဂ) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။
(ဃ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုဖြင့် မဟာသုတေသနဘွဲ့ရရှိထားသည့် ကျောင်းသား၊ ကျောင်းသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုပါ)၊ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်သော သုတေသနကျမ်း အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင်ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် [ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃) မျက်နှာထက် မပိုသော]ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။
(င) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှသရုပ်ပြဖြစ်ပါက သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ် အနည်းဆုံးရှိရမည်။
(စ) ပုသိမ်တက္ကသိုလ်စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၁၆-၅-၂၀၁၄ရက်(သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။
(ဆ) လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် Ph.D သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။
(၁) ၁၇-၅-၂၀၁၄(စနေနေ့) ၉ နာရီမှ ၁၂နာရီ သက်ဆိုင်ရာဘာသာရပ်
(၂) ၁၈-၅-၂၀၁၄(တနင်္ဂနွေနေ့) ၉ နာရီမှ ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်
(ဇ) ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၄-၅-၂၀၁၄ရက်(စနေနေ့)တွင် လူတွေ့စစ်ဆေးမည်။
(ဈ) အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း (ဖုန်းနံပါတ်-၀၉၇၃၆၅၀၈၈၂)ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။ **ဌာနမှူး(သင်တန်းရေးရာ)၊ ပုသိမ်တက္ကသိုလ်**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၈/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-001(14-15)	Skid Mounted Water Transfer Pump with Motor Driven (700gpm, 700 ft head)	US$
(၂)	IFB-002(14-15)	API Class 'G' Cemeny (1,000)Ton	US$
(၃)	IFB-003(14-15)	Spare for HDD Rig	US$
(၄)	IFB-004(14-15)	Spares for Rig Engine/Rig Pump Ex HDD Rig	US$
(၅)	IFB-005(14-15)	Assorted Sizes of Drilling Rock Bits	US$
(၆)	DMP/L-001(14-15)	B-40, B-60 & B-80 Shale Shaker Screens	KS
(၇)	DMP/L-002(14-15)	CCTV Camera and Accessories	KS
(၈)	DMP/L-003(14-15)	18R 22.5-20 PR Radial Tyre Complete Set and 20.5×25-24 Ply Tyre	KS
(၉)	DMP/L-004(14-15)	6.0 Sqmm Wire Cable and Heat Shrink Tube	KS
(၁၀)	DMP/L-005(14-15)	9 5/8" Float Shoes and Collars (P-110,53.5 lb/ft)	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၅-၂၀၁၄ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(ဂရန်မြေ)တိုက်ခန်း၊ တိုက်သစ်၊ ပထမထပ်၊ သဃ်န်းကျွန်း၊ စံပြဈေးရှေ့၊ ပေ(၁၂½×၅၀) အရှေ့ဘက်လှည့်၊ ကြွေပြား၊ အပြည့်ခင်း၊ ဘုရားဆောင်ပါ၊ ရေချိုးခန်း၊ အိပ်သာ ကြွေပြားခင်း/ ကပ်၊ မီးဖိုခုံ၊ အိမ်ရှေ့သံပန်းအပြည့်၊ အခန်း(၂)ခန်းဖွဲ့ပြီး၊ Sunshade ထည့်ပြီး၊ အသင့်နေထိုင်နိုင်၊ အရှုပ်အရှင်းကင်း၊ အငှားမရှိ။ **ဖုန်း-၀၉-၅၁၃၄၉၂၀**

ရောင်းမည်(နေရာကောင်း)

စမ်းချောင်း၊ ပေ(၁၅×၆၀)၊ 3.F၊ BR (2)၊ သံပန်းဆန်းရိုက်ပြည့်၊ ကြွေပြားပြည့်ခင်း/ကပ်၊ ဘိုထိုင်၊ ရှေ့နောက်ဝရန်တာ၊ လေဝင်/ထွက်ကောင်း၊ ပြင်ဆင်ပြီးအသင့်နေ။ သိန်း(၈၃၀) (ပွဲစားမလို) ဖုန်း-၀၉-၃၀၂၂၅၉၅၈

KING STAR
20000Ks
Internet
Office 2010
Graphic Design
Hardware
Video Editing
AutoCAD 2D,3D

MODERN Living expo 2014 YANGON
MODERN LIVING EXPO
ခေတ်မီနေထိုင်မှုပုံစံအတွက် ထူးခြားသော ပြပွဲကြီး
၁၆.၅.၂၀၁၄ မှ ၁၉.၅.၂၀၁၄ နံနက် (၉)နာရီမှ ည(၆)နာရီ တပ်မတော်ခန်းမ ရန်ကုန်မြို့
SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079, 09-5003618, 09-8620600

"လက်တွေ့အသုံးချ ရွှေ၊ ငွေကြေးနှင့် စတော့ရောင်း/ဝယ်/ခန့်မှန်းနည်းစနစ်သင်တန်း"
TipTop
၅-၅-၂၀၁၄ မှ ၁၀-၅-၂၀၁၄

ဝယ်လိုသည်

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းရှိ မြေကွက်များ အထူးဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၄၃၁၇၉၇၄၇

ခြံရောင်းမည်

ဖွံ့ဖြိုးစည်ပင်ရန်အလားအလာကောင်းသော အရှေ့ဒဂုံမြို့နယ်၊ မင်းရဲကျော်စွာလမ်းသွယ်၊ ပေ(၈၀×၆၀)(ပါမစ်မြေ-၂ ကွက်တွဲ)၊ ဦးရာလူရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၁၄၉၅၀၂(ရုံးချိန်အတွင်း)

ဆရာသင်း (သေမင်ဖြူ)
LEUCODERMA

ရောင်းမည်

လယ်ဧက(၅၈)
ပြည်လမ်းမဘေး၊ တိုက်ကြီးမြို့နယ်။
ဖုန်း-၀၉-၅၁၂၄၇၂၀၊
၀၉-၈၇၄၁၆၈၈

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊
ရေတွင်း၊ ရေကန်၊ လမ်း၊ တံတားဒါယကာကြီး

ဦးရွှေ

အသက်(၈၃)နှစ်

သူငယ်ချင်း ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်နိုင် (ရွှေနန်းတော်စိန်ရွှေ ရတနာဆိုင်) တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည(၉)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးဆေးတက္ကသိုလ် (၁၉၈၃-၁၉၉၃)
မှသူငယ်ချင်းများ
အနန္တမြန်မာ့မေတ္တာကောင်သေးရှင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
တန်ကင်ယု အသက်(၉၄)နှစ်

ဒေါ်ခင်ညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျင်မောင်(ပေါ်ဆန်းစတိုး)-ဒေါ်ဥမ္မာထွေး၊ ဦးအောင်စိန်-ဒေါ်ခင်ခင်အေး၊ ဦးကျော်မြင့်-ဒေါ်သန်းသန်းဝင်း၊ဦးစိန်မောင်-ဒေါ်သန်းရွှေ၊ ဦးရဲသူရ(Family-Sushi)-ဒေါ်သန်းသန်းဆွေ၊ဦးပြည်သိမ်း(Golden Crown)-ဒေါ်နှင်းသန္တာဝင်းတို့၏ဖခင် တန်ကင်ယုအသက်(၉၄)နှစ်သည် ၂၆-၄-၂၀၁၄(စနေနေ့)တွင်ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ခိုင် ဦးထိန်မြင့်
ဦးဝင်းနိုင် ဦးမင်းအောင်
ဦးကိုကိုဌေး ဦးမောင်ကြီး
ဦးသိန်းဝင်း (သိမ်ကြီးဈေးစီရုံ)

ကန့်ကွက်နိုင်ပါသည်နှင့်အများသိသာစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ရတနာလမ်း၊ မြေကွက်အမှတ် (၃၆၂)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်၊ မြေအကျယ်အဝန်း(၄၅×၆၀)ပေရှိ အမည်ပေါက် ဦးသောင်းညွန့်(CF-၀၂၆၂၈၅)[၁၂/ဥကမ(နိုင်)၀၄၀၂၈၈]ထံမှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသည့် မြေအကျယ်အဝန်း(၂၅×၆၀)ပေရှိမြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းနိုင်အောင်(LL.B,C.B.L) အထက်တန်းရှေ့နေ(စဥ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့်ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏အမရှသည် Overseas Development Enterprise Limited သည် ပါတိတ်လုံချည်ဒီဇိုင်းမျိုးစုံကို ပန်းပွင့်ပန်းနွယ်များ ရောင်စုံသေးရောနှံစီများ ရောင်စုံဆေးသားမျိုးစုံတို့ဖြင့် ကိုယ်တိုင်တီထွင်ဖြူလုပ်ကာ "ရွှေဓာတ်မြည်"ကုန်အမှတ်တံဆိပ်အမည်ဖြင့် စာချုပ်စာတမ်း မှတ်ပုံတင်ရုံတွင် မှတ်ပုံတင်သွင်းထားပြီး ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်းချဖြန့်ဖြူးလျက်ရှိရာ အများပြည်သူတို့၏ နှစ်ခြိုက်စွာဝယ်ယူ အားပေးမှုကြောင့် အောင်မြင်ကျော်ကြားလျက်ရှိသည်။

ထိုသို့သော "ရွှေဓာတ်မြည်" အမှတ်တံဆိပ်အမည်ဖြင့် ပါတိတ်ဒီဇိုင်းများ၏ အောင်မြင်ကျော်ကြားမှုကို အခွင့်ကောင်းယူကာ မသမာသူအချို့နှင့် အခြားသောကုမ္ပဏီတို့သည် Overseas Development Enterprise Limited ၏ ခွင့်ပြုချက်မရရှိဘဲ ပါတိတ်ဒီဇိုင်းများကို အရောင်တူ အဆင်တူ ပန်းခက်ပန်းနွယ်များ ဆေးရောနှံစီများ ဒီဇိုင်းများကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေသည့် ထုတ်လုပ်ဖြန့်ဖြူးခြင်းများ အခြားကုမ္ပဏီများကိုတစ်ဆင့်ရောင်းချခြင်းများ တွေ့ရှိနေသဖြင့် ယင်းသို့တုပထုတ်လုပ်ရောင်းချခြင်းများချက်ချင်းရပ်စဲရန်နှင့် လိုက်နာခြင်းမရှိပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထိန်လင်းဦး *LL.B* တရားလွှတ်တော်ရှေ့နေ (စဥ်-၆၃၆၀)
အခန်း(၃၀၄) တတိယထပ် အမှတ်(၅၆၇) ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E-mail: mtpip@mptmail.net.mm
ဖုန်း-၃၇၆၃၁၈၊ ၀၉-၇၃၁၀၇၃၈၉

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်ညွန့်သန်း (နန်းနန်း)

အသက် (၆၃) နှစ်

ဦးဇော်မြင့် *(Nagoya)* ၏ချစ်လှစွာသောဇနီး၊ မမေသဇင်(ခ) ရှမ်ရှင်သရုပ်ဆောင် ဇင်ဇင်ဇော်မြင့်၏မိခင် ဒေါ်ညွန့်ညွန့်သန်း (နန်းနန်း)သည် ၂၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာအောင်ကျော်ဝင်း၊ ဒေါက်တာသက်သက်နိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
Forever Gems by ရွှေနန်းတော်
United GP Development Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မန္တလေး(၁)၊ ဈေးချိုဘဏ်ခွဲမှ (ဘဏ်ခွဲတာဝန်ခံ)ဒေါ်ခင်ချောစုမောင်၏ ဖခင် Dr. ဦးမောင်မောင် (ခရိုင်ခွဲစိတ်အထူးကုဆရာဝန်ကြီး-ငြိမ်း)အသက်(၇၄)နှစ်သည် ၂၅-၄-၂၀၁၄(သောကြာနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများအားလုံး
မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း(၁၂၀)၊ အမှတ်(၆၅)ရှိ ပထမလွှာ(ဝဲ/ယာ)၊ (၂)ခန်းနှင့် (၆)လွှာ (ဝဲ/ယာ)(၂)ခန်းစုစုပေါင်း(၄)ခန်းတို့အား ကန်ထရိုက်တာ ဦးထွန်းထွန်းဝင်း(ခ)ဦးမာမက်အီစမိုင်[၁၂/တမန(နိုင်)၀၀၁၀၆၃]ထံမှ ဦးသန်းမောင်[၁၂/မဂတ(နိုင်)၀၆၇၁၇၄]မှ ၁၄-၆-၂၀၁၁ရက်တွင် အရစ်ကျတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်များချုပ်ဆို၍ စရန်ငွေများပေးချေထားပြီး ယနေ့ထိတိုင် ဖောင်ဒေးရှင်းတူးဖော်သေးခြင်းမရှိသေးသည့်အတွက် ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသော အထက်ပါတိုက်ခန်း(၄)ခန်းအားမည်သူတစ်ဦးတစ်ယောက်မျှ ဝယ်ယူခြင်း၊ရောင်းချခြင်း၊လွှဲပြောင်းခြင်း၊ အာမခံထားခြင်းစသည့် တစ်နည်းနည်းမပြုလုပ်ကြရန်နှင့် ပြုလုပ်လျှင် ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသန်းမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်မာဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၇၉၇၉)
အမှတ်(၂၆)(၇)လွှာ၊ ၉၈-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၉-၇၃၀၈၁၉၁၉

အများသိစေရန်ကြော်ငြာစာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၄၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့်(ခ)အာရ်ဘာလာချန်ဒရမ် [၁၂/စခန(နိုင်)၀၀၀၀၁၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉-ဘီ၊ မြေကွက်အမှတ်(၉၀)၊ လူနေရပ်ကွက်အမှတ်-အက်စ်-၂၃၊ မူလအမည်ပေါက် မသိန်း+မစိန်ပု၊ နှစ်(၃၀)မြေငှားဂရန်(သက်တမ်းကုန်)၊ ဧရိယာ(၀. ၀၄၂)ဧက၊ ပေ(၃၁×၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တိုက်ခံပျဉ်ထောင်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့်(ခ)အာရ်ဘာလာချန်ဒရမ်က(၃၁-၁-၁၉၉၁)ရက်တွင် ဒေါ်သိန်း+ဒေါ်စိန်ပုတို့ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

၂။ ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၁၂၂/၂၀၀၄ရက်တွင် ချမှတ်သည့်အမိန့်အရ ကျွန်ုပ်၏မိတ်ဆွေက ဒေါ်သိန်း+ဒေါ်စိန်ပုတို့ အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ရေးသားချုပ်ဆိုခွင့်ရရှိသည့်အတွက် တရားမဇာရီမှုအမှတ်-၁၀၀/၂၀၀၄တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၄၅၄/၂၀၀၄ကို ရေးချုပ်ခဲ့ပါသည်။

၃။ ထိုသို့ မှတ်ပုံတင်စာချုပ်ရေးချုပ်ပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့်(ခ)အာရ်ဘာလာချန်ဒရမ်အား ၂၉-၁၂-၂၀၀၄ရက်မှစ၍ အထက်စာပိုဒ် (၁)ပါ မြေကွက်ကို နှစ်(၆၀)မြေငှားဂရမ်ထုတ်ပေးခဲ့ပါသည်။

၄။ ခြေရင်းခန်းတွင်နေထိုင်ကြသော ဦးမောင်မောင်ဦး၊ ဒေါ်မြင့်မြင့်စိန်တို့က ၇-၄-၂၀၁၄ရက်မှ ယနေ့အထိ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ နေအိမ်တစ်ခြမ်းကို ကန်ထရိုက်တိုက် ဆောက်လုပ်မည်ဆိုပြီး ဖျက်သိမ်းလျက်ရှိပါသည်။

၅။ ဦးမောင်မောင်ဦး၊ ဒေါ်မြင့်မြင့်စိန်တို့နေထိုင်သည့် နေအိမ်တစ်ခြမ်းမှာ ပေ(၁၆×၆၀) ခန့်ရှိပါသည်။ အိမ်ဖျက်သိမ်းပြီးပါက ၎င်းမြေကွက်မှာ ကျွန်ုပ်မိတ်ဆွေဦးလှမြင့်(ခ) အာရ်ဘာလာချန်ဒရမ်၏ တရားဝင်နှစ်(၆၀)ဂရန်အမည်ပေါက် မြေကွက်ဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှအဆောက်အအုံဆောက်လုပ်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဘထွန်း
H.G.P,B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဥ်-၇၇၃၇)
အမှတ်(၅၀)၊ ဘဏ်လမ်း၊ အခန်း(၁)၊ ဒုတိယထပ်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၅၂၅၀၆၃၀

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြင်အောင် (၈၄)နှစ်
မြိတ်မြို့-စခန်းသစ်

မြိတ်မြို့၊ လေညာရွာနေ (ဦးဘော်ရိတ်-ဒေါ်ရင်နွေး)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၃၇)၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အင်မာရှန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဘညောင်း-ဒေါ်လှိုင်)၊ (ဦးလွန်း-ဒေါ်ကျင်ဝါ)၊ (ဦးဘခွေး-ဒေါ်ငွေသင်)တို့၏ညီ/မောင်၊ ဒေါ်သက်သက်အောင်-ဦးဇော်ထွန်း၊ ဒေါ်ညွန့်ညွန့်အောင်(မာရှမ်းကုမ္ပဏီလီမိတက်)၊ ဒေါ်သီသီအောင်- Mr. NOMURAYUTAKA (ခေတ္တ-ဂျပန်)၊ ဒေါ်ဥမ္မာအောင်-ဦးမိုးသူလွင်၊ ဒေါ်မြတ်မြတ်အောင်-ဦးသန်းဇော်၊ ဦးထင်လင်းအောင်-ဒေါ်အေးအေးထိုက်(ခေတ္တ-အင်္ဂလန်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်(ခေတ္တ-အင်္ဂလန်)၊ မဆုလာဒ်ပိုင်၊ မနေခြည်မိုးထက်၊ မောင်ဇော်ဘုန်းအောင်၊ မစိုင်းဂျာအောင်၊ မောင်ရှိုင်းလင်းဇော်၊ မအင်ကြင်းအောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၄-၂၀၁၄(သောကြာနေ့) ည ၁၀း၅၅ နာရီတွင် မြိတ်မြို့၌ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ စခန်းသစ်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေရီလွယ်ခန့်နွမ်း(Mary Nang)
Pi Mary Luai Khan Nuam
အသက်(၇၅)နှစ်
မန်နေဂျာ(ငြိမ်း)၊ စားထွေ/ကုန်သွယ်လယ်ယာ

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်နေ(ဗိုလ်ကြီး Kham Za Nang- Pi Man Cin)တို့၏ သမီးထွေး၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ ထုတ်လိုင်ကျေးရွာနေ (ကျောင်းဆရာကြီး Pu Khai Kho Thang- Pi Vung Mang)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာ့ဝတီအိမ်ရာ၊ တိုက်(C)၊ အခန်း(၃၀၂)နေ Pu Ngo Cin Mang ဦးငိုကျင့်မန်(ခေတ္တ-ဂျပန်)၏ချစ်လှစွာသောဇနီး၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ Lia Mang Cing Khai, Lia Cing Lam Mang, Lia Thang Lam Cing နှင့် တောင်အာဖရိကနိုင်ငံ Pretoria နေ Lia Cin Sian Lian Cing(ယုဇနတင်)-Pa Pome Thian Khai တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွား Pi Mary Luai Khan Nuam(ဒေါ်မေရီလွယ်ခန့်နွမ်း)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ဒေသစံတော်ချိန် ၁၉း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀၁၄ ခုနှစ် ဧပြီလ ၂၆ ရက်(စနေနေ့)တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ Shinagawa, Gotenyama garden, Gloria Chapel ဘုရားကျောင်း၌ မွန်းတည့် ၁၂ နာရီတွင် ဝတ်ပြုဆုတောင်းပြီး ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကြည်(ဆီမီးကန်ကျေးရွာ) အသက်(၉၀)
(အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင်ဦးအောင်ကြည်သည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇော်မင်းလတ်-ဒေါ်သီတာမင်း
မေဖူးဇော်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၅၅၂)၊ သမာဓိ(၄)လမ်း၊ ၃၉/ဘီရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၉/ဘီ)၊မြေကွက်အမှတ်(၅၅၂)၊ ဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေသည် ဒေါ်ခင်လှိုင်သော်(AE-၂၂၄၇၉၇) အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်ခင်မြတ်နွယ်[၁၂/ဗဟန(နိုင်)၀၅၁၃၄၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးလှဝေ(စဥ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဥ်-၈၇၉၁) ဒေါ်ဖြိုးဖြိုးမြင့်(စဥ်-၂၉၈၁၂)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၇၁-၄၇၃)၊ အခန်းအမှတ်-၁၀၁(ပထမထပ်)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဌေးဌေး[၁၂/ရကန(နိုင်)၀၃၁၇၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာပြုံး[၁၂/မရက(နိုင်)၀၆၇၄၈၆]က ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စမ်းလွင်ဇာမော်ဦး(LL.B) အထက်တန်းရှေ့နေ(စဥ်-၂၆၄၂၀)
အမှတ်(၄/က)၊(ဒါဘာ)(ဝဲ)၊ သမာဓိ(၄)လမ်း၊ ဆ/က ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၃၈၆၄၅၊ ၀၉-၅၀၂၈၈၂၃

ကန့်ကွက်နိုင်ပါသည်။

[illegible]

ဦးစန်းယု(မန္တလေး) (၇၅)နှစ်
(မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး-ငြိမ်း၊ လားရှိုး)
(G.M Showa Auto Enterprise Co., Ltd.)

ကနီမြို့နေ (ဦးတက်-ဒေါ်မြစိန်) တို့၏ သား၊ [ဒုတိယဗိုလ်မှူးကြီး အောင်လင်း(ငြိမ်း)]၏ ညီ၊ မန္တလေးမြို့နေ ဒေါ်သိန်းတင်၏ ခင်ပွန်း၊ ဒေါ်သန္တာယု (အထက-၇၊ မန္တလေး)၊ ဗိုလ်မှူးသက်ခိုင်(ငြိမ်း)(မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်သီဂီယုတို့၏ ဖခင်၊ ဗိုလ်လောင်းဖြိုးသန့်ခိုင် (D.S.M.A)၊ မခင်ပန်းဝတ်ရည်ခိုင်(Grade-10 V.E.C)တို့၏ အဘိုး ဦးစန်းယုသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစန်းယု(မန္တလေး) (၇၅)နှစ်

ဗိုလ်မှူးသက်ခိုင်(ငြိမ်း)(မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်သီဂီယုတို့၏ ဖခင်၊ ဗိုလ်လောင်းဖြိုးသန့်ခိုင် (D.S.M.A)၊ မခင်ပန်းဝတ်ရည်ခိုင်(V.E.C မန္တလေး)တို့၏ အဘိုး ဦးစန်းယု အသက်(၇၅)နှစ်သည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ကြီးအောင်အောင်(ငြိမ်း)-ဒေါ်လှသူဇာဝင့်(A&T Fashion)
မချမ်းမြေ့ဝင့်အောင်(1st M.B.,B.S ဆေး-၂၊ ရန်ကုန်)
မဟေမာန်ဝင့်အောင်(အထက-၁၊ ဒဂုံ)

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းဖေ (၉၆)နှစ် (မုံရွာ)
(မြို့နယ်ပညာရေးမှူး-ငြိမ်း)

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်အောင်သန်း၏ ဖခင် ဦးသန်းဖေသည် ၂၇-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာလှငွေး(ပါမောက္ခချုပ်)နှင့်
သင်တန်း၊ စီမံ၊ ဘဏ္ဍာဌာနများမှ
အရာထမ်း၊ အမှုထမ်းများ
ဒဂုံတက္ကသိုလ်

ဘုရား၊ရဟန်းဒါယကာကြီး
ဒုအရာခံဗိုလ်ကြီးမြင့်(ငြိမ်း)
အသက်(၇၁)နှစ်
ကပ-၂၄၄၂၅၀(ကြည်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ တိုက်-၁၆၉၊ အခန်း(၄)၊ ကောက်လျင်လမ်းနေ (ဦးကျင်ပီ-ဒေါ်ခင်တင့်) တို့၏သား၊ (ဦးစောဖြူ-ဒေါ်အကြို)တို့၏သားသမက်၊ ဦးအုန်းခင်၏အစ်ကို၊ ဒေါ်ခင်လှ(အထက-သုဝဏ္ဏ)၏ခင်ပွန်း၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်ခင်ချိုချိုမြင့်(Daewoo)၊ ဦးကျော်မိုးလွင်(လဖိုး)၊ ဦးတင်အောင်မိုး(မိုးကြီး)(ဦးစီးအရာရှိ၊ သစ်တောရေးရာဝန်ကြီးဌာနရုံး)၊ ဒေါ်ခင်စပယ်မြင့်(အမက-၁၆၊ သုဝဏ္ဏ) တို့၏ဖခင်၊ မောင်သော်ဇင်ဟိန်း၏ အဘိုးသည် ၂၈-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၄း၂၀ နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
ဦးကျင်လှ(ခရမ်း) (၇၁)နှစ်
အသင်းဝင်အမှတ်(၈၉၂)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၃၇/ဘီ)နေ ဒေါ်မြမြ(စံတော်မီဆေးတိုက်)၏ခင်ပွန်း ဦးကျင်လှသည် ၂၈-၄-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးအေးချို (၅၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ အမှတ်(၂၄)၊ ဇမ္ဗူရာဇ်လမ်းနေ (ဦးဘိုကေ)-ဒေါ်သန်းရီတို့၏သား၊ ဦးမြင့်သိန်း၊ ဦးအေးသိန်း(OD Tour)တို့၏ ညီ၊ ဦးသိန်းထွန်း(ဦးသီလဝံသ)၊ ဦးကျင်စိန်၊ ဒေါ်စန္ဒာဝင်းတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး၊ ကိုတင်ဝင်းလှိုင်-မမူမူဟန်တို့၏ဖခင်၊ မောင်ကြယ်စင်ဦး၏ အဘိုး ဦးအေးချိုသည် ၂၈-၄-၂၀၁၄(တနင်္လာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်တင်အေး(Annie Maw)
အသက်(၉၁)နှစ်
(ရာ/၄၆၇)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၈)နေ (စက်ရှင်တရားသူကြီးဦးဘမော်-ဒေါ်သန်း)တို့၏ သမီး၊ [ဦးတင်ဝင်း(ညွှန်မှူး-ငြိမ်း၊ ပြည်တွင်းအခွန်)]၏ ဇနီး၊ ဦးအောင်ကျော်ဝင်း၊ ဦးညီညီ-ဒေါ်နီနီခင်၊ ဦးဇော်ဝင်း-ဒေါ်မြတ်မြတ်မွန်၊ ဦးသန်းဝင်း၊ ဒေါ်ခင်လေးဝင်း၊ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်အေးဝင်းတို့၏ မိခင်ကြီးသည် ၂၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဒေါ်စွမ်တီ(ဖျာပုံ) (၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံတောင်၊ (၁၈-ဘီ)ရပ်ကွက်၊ယုလဲရတနာလမ်း၊ အမှတ်(၁၃၉)နေ (ဦးပေါင်ငါး-ဒေါ်ကျင်မုံ)တို့၏ သမီး၊ (ဦးကိုကွာ)၏ ဇနီး၊ ဦးကျင်အောင်-ဒေါ်စန်းရီ၊ ဦးမင်းကျော်၊ (ဦးမြင့်ထွန်း)၊ ဦးထွန်းမြိုင်၊ ဦးစိုးလှိုင်၊ ဒေါ်မူမူမြင့်(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်)၊ ဦးမျိုးမြင့်၊ ဦးအေးသောင်း(အုပ်ချုပ်ရေးမှူး၊ မရမ်းကုန်းစည်ပင်)-ဒေါက်တာသန်းသန်းထွေး(အောင်ဇေဆေးခန်း၊ တ/ဒဂုံ)၊ ဦးနိုင်ဝင်း-ဒေါ်ဝင်းအိဖြူတို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမိုးကျော် (၄၆)နှစ်

တိုက်(၄)၊ အခန်း(၃-ခ)၊ မြနီလာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ(ဦးထွန်းဟန်)-ဒေါ်ခင်လှတို့၏ ချစ်လှစွာသောသား၊ (ဦးဟီတင်-ဒေါ်သီသီမြ)တို့၏ချစ်လှစွာသောသားသမက်၊ ဒေါ်သီတာတင်(ဦးစီးအရာရှိ၊အကောက်ခွန်ဦးစီးဌာန)၏ ချစ်လှစွာသော ခင်ပွန်း၊ မမေဖူးပွင့်၏ ချစ်လှစွာသော မွေးသဖခင်၊ဦးတင်အုန်း(ရှေ့ဆောင်လေဆိပ်လုပ်ငန်းဝန်ဆောင်မှုကုမ္ပဏီ)-ဒေါ်တင်တင်စန်း၊ ဦးခင်မောင်ဝင်း-ဒေါ်လှငွေး၊ ဦးတင်ဆန်း-ဒေါ်ရီရီဝင်း၊ ဦးစိုးလှိုင်-ဒေါ်လှဆန်းယဉ် တို့၏ ညီ/မောင်၊ ဦးသိန်းထွန်းဦး-ဒေါ်ညွန့်ညွန့်ငွေး တို့၏ အစ်ကို၊ ဦးစိုးမိုးအောင်-ဒေါ်ညိုညိုသိမ့်တို့၏ဦးလေး ဦးမိုးကျော်သည် ၂၈-၄-၂၀၁၄(တနင်္လာနေ့)ည ၇း၂၅ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အနိစ္စ

တရုတ်အရိုးအကြောကုဆရာကြီး
ဦးလင်ကျန်ဟင်းအသက်(၁၀၀)
ယခင်နန်ယန်ကျောင်းဆရာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၈၁၀)၊ စိမ်းဂေဟာ(၃)၊ အခန်း(၅)နေ (ဦးလင်ကျန်မင်း-ဒေါ်လီရှက်) တို့၏ သား၊ (ဦးအော်လောင်တစ်-ဒေါ်တန်စော့အိန်း)တို့၏သားသမက်၊ ဒေါ်အော်ချိုက်ကြူ၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်ခင်အေး၊ (ဒေါ်လင်းလင်းအေး)၊ ဦးထွန်းအောင်-ဒေါ်မျိုးမျိုးသူပိုပ်(စ်)-ဟက်ပီးဆေးတိုက်၊ နမ်းရင်မွေးသနပ်ခါးတိုက်၊ ဦးလင်ကျော့အောင်-ဒေါ်ချိုမာလွင်၊ဦးလင်းအောင်(အရိုးအကြောကု)-ဒေါ်မိုးမိုးလွင်တို့၏ဖခင်၊ မဖြိုးဝေဝေထွန်း၊ မဖြိုးသူဇာထွန်း၊ မလင်းဆုမြတ်မိုးတို့၏ အဘိုးသည် ၂၈-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၃း၅၀ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ညို (၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၃၇)၊ သုံးလွှာနေ (ဦးကောက်ရ-ဒေါ်ဖော့)တို့၏ သမီး၊ (ဦးသောင်း)၏ ဇနီး၊ (ဦးမြင့်အောင်)-ဒေါ်ခင်ရှု ဦးစောဟန်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်အေး၊ ဦးလှမြင့်၊ ဒေါ်မြင့်မြင့်သန်း(အလပြ၊အထက-၁၊ ကြည့်မြင်တိုင်)၊ ဦးခင်ထွဋ်-ဒေါ်ရီရီငွေးတို့၏ မိခင်၊ မမိုးမိုးအောင်၊ ကိုအောင်ကျော်ဟန်(MRT ကုမ္ပဏီ)၊ ကိုစိုးမိုးထွန်း-မခင်စိုးနွယ်၊ မဆုရည်ရည်ထွဋ်တို့၏ အဘွား၊ မောင်ဘုန်းမြတ်သော်၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၄ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ခတီဇာဘီ(ခ)ဒေါ်စိန်မြိုင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊အမှတ်(၆)နေ(ဦးမျက်ပြူး-ဒေါ်စိန်) တို့၏ သမီး၊ (ဦးမူဆာကာကာကြီး)၏ ဇနီး၊ ဦးသက်ထွန်းဦး(ထွန်းမိသားစုဟိုက်ဒြောလစ်ပိုက်ဆိုင်)-ဒေါ်စန်းစန်းဝင်း[B.A (Hons.), M.A,]၊ ဒေါ်အေးမြတ်ခိုင်၊ ဒေါ်မြတ်လေးခိုင်၊ ဦးတင်ကိုထွန်း(ခ)ဘိုဘို - ဒေါ်ခင်မျိုးသူ၊ ဒေါ်နှင်းမွှေးခိုင် (Global Kids' Corner)၊ ချစ်ဆုံး(LL.B)၊ ချစ်သဲ[A.G.T.I, (Petroleum Engineering)]၊ ချစ်စနိုး (LL.B)တို့၏ ချစ်လှစွာသောအဘွား၊ ဂျူလိုင်သက်ဦး၊ သူရသက်မောင်၊ ဆောင်းနဒီကို၊ သက်နှင်းမိုး၊ မင်းခန့်ကိုကိုတို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖွာနာမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေး၊ မြစ်များ

ဦးစီမြင့်(ခ)ကိုလတ်(M/M)
အသက်(၄၅)နှစ်
Final Year (Physics)
Maritime Support Services Co.,Ltd.

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊အင်းဝလမ်း၊ အမှတ်(၃၂)နေ [ဦးစိုးမြင့် (ရဲဝန်ထောက် အငြိမ်းစား)-ဒေါ်မြသန်း]တို့၏ ချစ်လှစွာသော သားငယ်၊ ဦးမြင့်သန်း(လက်မှတ်စစ်အုပ်မီးရထား)-(ဒေါ်ကြည်ကြည်လှ)၊ (ဦးခင်စိုး)-ဒေါ်မေမေခင်၊ ဒေါ်အေးမိ-(ဦးထွန်းရွှေ)၊ ဒေါ်အေးအေးမြင့်သန်း၊ ဒေါ်နီနီအောင်-ဦးကျော်ခင်(Uniteam) တို့၏ ချစ်လှစွာသောမောင်လေးသည် ၁၈-၄-၂၀၁၄(သောကြာနေ့) ည ၈ နာရီတွင် မလေးရှားနိုင်ငံ M.V.NORTH -ERN Star သင်္ဘောပေါ်၌ တာဝန် ထမ်းဆောင်စဉ် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြိုင် (၈၆)နှစ်
ပျော်ဘွယ်ကြီး(ဒလ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်(၇)ရပ်ကွက်၊ အမှတ်(၂၂)၊ ငါးလွှာ၊ ဦးဝိဇ္ဇာလမ်းနေ (ဦးအေး-ဒေါ်ခွေးမ)တို့၏သမီး၊ (ဦးမြသန်း)၏ဇနီး၊ ဦးသန်းအေး(C/E)-ဒေါ်ခင်သန်းအေး၊ (ဗိုလ်ကြီးစိုးညွန့်)၊ (ဦးမြဝင်း)-ဒေါ်မြင့်မြင့်ခင်(ထ-၄၊ ပုဇွန်တောင်-ငြိမ်း)၊ (ဦးသန်းညွန့်)၊ ဦးအုန်းမြင့်(RSO-ငြိမ်း၊ ကြယ်ငါးပွင့်)-ဒေါ်လှလှဝင်း၊ ဦးမြဆန်း(MGS)-ဒေါ်သန်းသန်းဆင့်(နေပြည်တော်ပုံနှိပ်စက်ရုံ၊ PPE)၊ ဒေါ်ကြူကြူဝေ(အထက်တန်းပြ၊ ထ-၄၊ ပုဇွန်တောင်)၊ ရဲတပ်ကြပ်ဝင်းဇော်(မြန်မာနိုင်ငံရဲကရာတေးဒိုနည်းပြ)-ဒေါ်စီစီသန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၀ ယောက်၊ မြစ် ၁၅ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၄ ရက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အမ
ဒေါ်နွဲ့နွဲ့ (၈၄)နှစ်

ရွှေဘိုမြို့၊ ပျဉ်ဈေးရပ်နေ (ဦးသာလှိုင်-ဒေါ်သီလှ)တို့၏ သမီးလတ်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၃၇)၊ (ပ)ထပ်နေ (ဦးအေးကြိုင်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးအောင်စိုး-ဒေါ်အေးသီ၊ ဦးနေဝင်း-ဒေါ်တင်မို့မို့ဝင်း၊ ဒေါ်နှင်းနှင်း၊ မောင်ထွန်းထွန်းလင်း-မမို့မာလာ၊ ဦးဖိုးတာ-ဒေါ်ပြုံးပြုံးငယ်၊ ဦးထင်အောင်-ဒေါ်မိုင်နာကြည်၊ ဦးမောင်မောင်-ဒေါ်မမလေးတို့၏ မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏ အဘွား ဒေါ်နွဲ့နွဲ့သည် ၂၉-၄-၂၀၁၄ ရက် ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးလှမြင့်(ခ)ဂေါ်ဂီဘင် (၈၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ လွတ်လပ်ရေးလမ်းနေ (ဦးအုန်းကြည်-ဒေါ်ဖြူ)တို့၏သား၊ (ဦးညွန့်ဝ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ်(၁၉B)နေ ဒေါ်ညွန့်ညွန့်ရီ၏ချစ်လှစွာသော ခင်ပွန်း၊ မနီလာမြင့်-မခင်သီတာမြင့်-ကိုငွေးမောင်၊ ကိုကျော်စွာမြင့်၊ ကိုနေမျိုးမြင့်-မရီရီမြင့်၊ မဥမ္မာမြင့်-ကိုကြည်သိန်း၊မသန္တာမြင့်-ကိုဗစ်တာ၊ မမာလာမြင့်-ကိုမြင့်စိုး(ခ)ကိုမောင်စိုး၊ မသူဇာမြင့်-ကိုမိုးဆန်းနိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ည၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဇောတိကလမ်း၊ အမှတ်၁၉(B)မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၄(စနေနေ့) နံနက်၇နာရီမှ ၁၁နာရီထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ် ၁၉(B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအေးသိမ်း (၇၇)နှစ်
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
လ. ဝ. က ၁၈၅၄

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ သစ္စာဝါဒီလမ်း၊ အမှတ်(၈၁၆)နေ ဒေါ်ထွေးရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်မိုးဦး-ဒေါ်အေးအေးခိုင်၊ ဦးလှဖုန်း-ဒေါ်အေးအေးနိုင်၊ ဦးအေးထွန်း-ဒေါ်စန်းယုခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးမင်းသိန်း၏ ဦးလေး၊ သိမ့်သဥ္ဇာအေး၊ ဖြူစင်သင်းပျံ့၊ နှင်းသဇင်အောင်တို့၏ ချစ်လှစွာသော အဘိုး ဦးအေးသိမ်းသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁-၅-၂၀၁၄(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်တင့် (၅၆)နှစ်

ရန်ကုန်မြို့နေ(ဦးမောင်တင်)-ဒေါ်ထားရီတို့၏သား၊ (ဦးမောင်ဝင်း-ဒေါ်သန်းခင်)တို့၏သားသမက်၊ အမှတ်(၁၃)၊ လေးလွှာ၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်လေးနွယ်၏ခင်ပွန်း၊ မောင်တင့်လင်းအောင်(J/E)၏ ချစ်လှစွာသောဖခင်သည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့)နံနက် ၃း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးဇော်ဝင်း (၄၇)နှစ်
(ဟင်္သာတ)

ဟင်္သာတမြို့၊ အမှတ် (၂၃၁)၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ သုံးပင်ကွင်းရပ်ကွက်နေ အငြိမ်းစားမြို့နယ်ပညာရေးမှူး (ဦးတင်ဝင်း)-ဒေါ်ခင်မြမူတို့၏ ချစ်လှစွာသောသားကြီး၊ ဦးအောင်မိုး-ဒေါ်မူမူဝင်း၊ ဦးကိုကိုကြည်-ဒေါ်မြမြဝင်း (ခေတ္တ-စင်ကာပူ)၊ဦးနေဝင်း(ကျောင်းအုပ်ဆရာကြီး၊ အမက-၉၊ ဗဟန်း)-ဒေါ်တင်တင်ဝင်း(အလက-၅၊တောင်ဒဂုံ) တို့၏မောင်၊ ဒေါ်ဝင်းမို့မို့(အလက-၁၊ ရွှေပြည်သာ)၊ ဒေါ်ခင်သန့်စင်ဝင်း(Z & A Co.,Ltd.)၊ မောင်ပြည့်စုံဝင်းတို့၏ အစ်ကိုကြီး၊ မပုလဲကိုကို၊ မခင်ငြိမ်းချမ်းကိုကို၊ မရင်ရင်သန်း၊ မောင်ကောင်းထက်အောင်၊ မောင်သီဟဇော်၊ မမြသွေးခင်တို့၏ ချစ်လှစွာသောဦးလေးသည် ၂၇-၄-၂၀၁၄ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ရီ (၉၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မြေနီကုန်းကျေးရွာနေ (ဦးဘထွန်း-ဒေါ်စောညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ် (၆၃)ရပ်ကွက်၊ ချောင်းသာလမ်း၊ အမှတ် (၁၀၁၂)နေ ဦးလှမြင့်-ဒေါ်ခင်စန်းမြင့် တို့၏အစ်မကြီး၊ ဦးအောင်ကိုကို - ဒေါ်သီတာအေး၊ ဗိုလ်ကြီးအောင်ခိုင်(ငြိမ်း)၊ ဒေါ်ယုယုနိုင်၊ ဦးသန်းလွင်-ဒေါ်ဥမ္မာ၊ ဒေါ်ကြည်ကြည်အေး၊ ဦးလှကြည်-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဦးမင်းမင်းမြင့်-ဒေါ်ဝင်းနွယ်ထွေးတို့၏ အဒေါ်ကြီး၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၁၄ (စနေနေ့) တွင် အိမ်မဲမြို့နယ်၊ လယ်ပေါ်ရပ်(၈) လမ်း၊ ဦးအောင်ကိုကို-ဒေါ်သီတာအေး တို့၏ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ရက်တွင် အိမ်မဲမြို့ ခုံကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ခတီဇာဘီ(ခ)ဒေါ်စိန်မြိုင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊အမှတ်(၆)နေ(ဦးမျက်ပြူး-ဒေါ်စိန်) တို့၏ သမီး၊ (ဦးမူဆာကာကာကြီး)၏ ဇနီး၊ (ဟာဂျီဦးထွန်းရင်-ဒေါ်ခင်စိန်)၊ ဒေါ်သန်းသန်းမြင့်(ဒုတိယပါမောက္ခ-ငြိမ်း၊ သ/မ ကောလိပ်)၊ ဒေါ်ခင်သန်း၊ ဒေါ်မြမြသန်း(ပျိုးခင်းသာ)၊ ဟာဂျီဦးအောင်သန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၉-၄-၂၀၁၄ (အင်္ဂါနေ့)မွန်းလွဲ၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖွာနာမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူသားသမီးများ

ဦးကံဆိုင် အသက်(၇၀)
(မြေဖြူ)

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ စည်သာမြေဖြူရွာနေ (ဦးဖိုးဟန်-ဒေါ်ခင်ယို)တို့၏ သား၊ (ဦးကြာသင်း-ဒေါ်ထား)တို့၏သားသမက်၊ ဒေါ်ခင်သီ၏ ခင်ပွန်း၊ မရီရီမြင့်၊ ကိုကျော်ဆန်းလွင်၊ ကိုစောလှိုင်ဦး၊ ကိုစံဝင်းအောင်(ခ) ကိုစံ (3M Winged Pyinsa Co., Ltd.) တို့၏ဖခင်၊ မဝတ်ရည်ဦး (Htoo Paing Pharmacy)၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၉-၄-၂၀၁၄ ရက် မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အရှင်ဝိမလဝံသ(ရွှေသိဒ္ဓိအောင်)အပ်ချုပ်မျှင်ဆရာတော်
သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၅၁)နှစ်

ကျေးဇူးတော်ရှင် ကမ္ဘာ့ဗုဒ္ဓသာသနာပြုမိုးကုတ်ဓမ္မကထိက အရှင်ဝိမလဝံသ (ရွှေသိဒ္ဓိအောင်) အပ်ချုပ်မျှင် ဆရာတော်သည် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၅-၂၀၁၄(တနင်္လာနေ့) နံနက်၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျွဲကူးအုပ်စု၊ သာယာရေကျော်ကျေးရွာ၊ သာယာရေကျော်ကျောင်းတိုက်၊ ရွှေသိဒ္ဓိအောင် သာသနာ့အောင်မြေ၌ အန္တိမဈာပန ပူဇော်ပွဲ ပြုလုပ်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ပူဇော်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူတပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ယုံ (၈၃)နှစ်
ပုဇွန်တောင်(တပ်မြေ)ဒေးဒရဲမြို့၊ အင်းဒူးကျေးရွာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဈေးတန်းလမ်း၊ အမှတ်(၁၃)နေ(ဦးကောက်)၏ဇနီး၊ (ဦးလှဇော်)-ဒေါ်ခင်မြင့်ရီ၊ (Dr ခင်မောင်သိန်း)-(Drအေးအေးညွန့် (ဟင်္သာတဆေးရုံကြီး၊ AIDS/STD team)၊ ဦးတင်အောင်-ဒေါ်ခင်မာညို၊ ဦးခင်မောင်ငွေး-ဒေါ်မြင့်မြင့်မော်၊ ဦးခင်ဇော်(ဇော်ပျံမောင်ခင်ဇော် မုန့်ဟင်းခါးဖို၊ တောင်ဒဂုံ)-ဒေါ်ခင်ခင်ရီ၊ Dr.စိန်မြင့်-Dr.စိုးစိုးမော်(U.S.A ကယ်လီဖိုးနီးယား)၊ ဦးဇော်လင်း(ဦးကောင်ခေါက်ဆွဲစက်)-ဒေါ်သင်းသင်းမြတ်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ချိုတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး၂၀ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးဒေါ်ကျင်ယုံသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားပါသည်။ (နေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်ဖေ (၈၁)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန

အင်းစိန်မြို့နယ်နေ (ဦးဘကြင်-ဒေါ် ညိမ်းမြ)တို့၏သားငယ်၊ (ဦးတင်ရွှေ-ဒေါ်ခင်ကြည်)တို့၏ညီ၊ ရန်ကုန်မြို့၊ အမှတ် (၁၉)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြင်ကြင်(အထက်တန်းပြ ဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇင် (M.D. Treasure Villa Gems Co.,Ltd.)-ဒေါ်မိုးသူဇာ(35 Mart)၊ ဦးဇော်အောင် (Director, Htut Aung Co.,Ltd.)-ဒေါ်မိုမိုတင်(35 Mart)၊ ဒေါက်တာဝေမာတင် (ကလေးအထူးကု ရန်ကုန်ကလေးဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုအောင်ဖြိုးသန့်-မနှင်းဟေမာ၊ ကိုအောင်မိုးသန့်-မရည်မွန်ဦး၊ မယဉ်မိုးသန့်တို့၏အဘိုး၊ မပိုးနှင်းသန့်၊ မောင်ကောင်းပြည့်သန့်တို့၏အဘိုး ဦးတင်ဖေသည် ၂၈-၄-၂၀၁၄(တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄(သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အေး အသက်(၇၀)
(ပင်ပျိုရွက်နုလက်ဖက်နှင့် အကြော်စုံလုပ်ငန်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၄-B)၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်းနေ(ဦးသိန်းဟန်)၏ဇနီး၊ ဒေါ်ခင်ခင်ဝိုင်း၊ ဦးသန့်ဇင်-ဒေါ်ခင်သီသီအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်မြင့်မိုရ်၏အဘွားသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်မောင်သန်း
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မင်္ဂလာသုခလမ်း၊ အမှတ်(၆၈)၊ ငါးလွှာနေ ဦးဗျာန်းနား-ဒေါ်အေးကြည်တို့၏ ပဉ္စမမြောက်သား၊ ဒေါ်သီတာဝင်း၏ ခင်ပွန်း၊ မောင်နေဖြိုးကျော်၊ မောင်ပြည့်ဖြိုးကျော်၊ မဆုရတနာသန်း တို့၏ဖခင်သည် ၂၈-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သီဂီထွန်း အသက်(၃၉)

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ (၆၇)လမ်း၊ အမှတ်(ဟ-၈/၅)နေ ဦးဇော်ထွန်း(ဒု-အင်ဂျင်နီယာမှူးကြီး)၏ဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒတို့၏မိခင်၊ ဦးတင်ရွှေ-ဒေါ်ခင်ငွေးတို့၏သမီးသည် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ထားကြည်(ခ)မိုးကဲ
အသက်(၇၁)နှစ်
(မှူးအုပ်-ငြိမ်း၊ အမက-၁၈၊ လှိုင်)
(မယ်စီကုန်း)

(ဦးစောလှ-ဒေါ်ဆင့်)၊ (ဦးအေးမောင်-ဒေါ်မြိုင်)တို့၏ မြေး၊ (အရာခံဗိုလ်ဦးဖေအောင်-ဒေါ်တင်တင်)တို့၏ သမီး၊ ဦးချစ်ထွေး-(ဒေါ်မိုးမိုး)တို့၏ ညီမ၊ ဦးသောင်းထွန်း-ဒေါ်စန်းစန်းဝင်းတို့၏ အစ်မ၊ ဦးခင်မောင်ချို-ဒေါ်ခင်သန်းဆွေ၊ (ဦးတင်မြင့်အောင်)-ဒေါ်သီတာ၊ တပ်ကြပ်ကြီးအောင်ကျော်မြင့်-ဒေါ်ဝါဝါလင်း၊ ဒေါက်တာဒေါ်ခင်သူဇာ(ကထိက၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်စွာလင်း[အုပ်ချုပ်ရေးမှူး၊ (၇)ရပ်ကွက်၊ လှိုင်]-ဒေါ်ရဲနီမာ၊ ဦးဝဏ္ဏလင်း(Ariam Marine Co.,Ltd.) - ဒေါ်ခင်ခင်ချို (FAMAT Co., Ltd.)၊ ဦးနေလင်း (အမက-၁၈၊ လှိုင်)-ဒေါ်မျိုးမမစိုး (လ/ထ မန်နေဂျာ၊ သာပေါင်းစက္ကူစက်) တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား၊ ဦးစိုးလင်း(ကကဌ-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ထားကြည်သည် ၂၈-၄-၂၀၁၄(တနင်္လာနေ့) ညနေ ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသောင်း(ခ)ဦးမင်းသူ
အသက်(၇၇)နှစ်
(ခရမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၂)ရပ်ကွက်၊ ဘုရားလမ်းနေ (ဦးစိန်မောင်-ဒေါ်သက်ဉ)တို့၏သား၊ (ဦးထွန်းသိန်း-ဒေါ်သန်း)တို့၏ သားသမက်၊ ဦးဇော်ဝင်း၊ ဦးစန်းငွေး-ဒေါ်ဝေဝေခိုင်၊ ဦးမြင့်ဇော်-ဒေါ်မိုးမိုးခိုင်၊ ဦးဇော်မင်းခိုင်-ဒေါ်တင်နွယ်ရီ၊ ဦးမိုးကျော်ခိုင်-ဒေါ်သန္တာမြ၊ ဦးတင်ကိုကို-ဒေါ်စောထွေးခိုင်၊ ဒေါ်မျိုးမျိုးသူ(မင်းသူစတိုး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အေးအေးကြွယ်(ခ) ဒေါ်အမာလေး၏ ခင်ပွန်း၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၉-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းမြို့၊ (၁၀)ရပ်ကွက် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၄(တနင်္လာနေ့)တွင် ခရမ်းမြို့၊ (၂)ရပ်ကွက်၊ ဘုရားလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်ကိုက်ညီမည့် ဖွဲ့စည်းမှုပုံစံသစ်ဖြင့် ဖွဲ့စည်းစီမံခန့်ခွဲပါမှ ကျန်းမာရေးကဏ္ဍ ရှေ့ကိုတက်လှမ်းနိုင်မည်

နေပြည်တော်　ဧပြီ　၂၉

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားကျန်းမာရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**(ယာပုံ)**

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ယခင်အစိုးရ လက်ထက်ရော၊ ယခုအစိုးရ လက်ထက်ပါ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနိမ့်ကျနေသည်ကို ဘက်ပေါင်းစုံမှ ဝေဖန်ထောက်ပြနေသည်များကို ဆန်းစစ်ဆွေးနွေးနိုင်ရန်နှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်၊ လိုအပ်သည့်နည်းလမ်းနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်နိုင်ရန်နှင့် လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုမျိုးရရှိနိုင်ရန်အတွက် ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ယနေ့ **မာတိကာ**

လူငယ်ဖွံ့ဖြိုး အနာဂတ်အကျိုး — စာမျက်နှာ - ၇

(၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ရွှေတံဆိပ်ရရှိသူများ၏ ရင်ဖွင့်စကား — စာမျက်နှာ - ၉

လီဆက်စတာစီးတီး တိုက်စစ်မှူး ကီပင်ဖီးလစ် ကစားသမားဘဝမှ အနားယူမည် — စာမျက်နှာ - ၁၃

အလုပ်သမားခြောက်ထောင်ခန့်ပါဝင်မည့် အလုပ်သမားနေ့အခမ်းအနားပြုလုပ်မည်

ရန်ကုန်　ဧပြီ　၂၉

မေလ ၁ ရက်နေ့တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့(မေဒေး)အခမ်းအနားကို မြန်မာတစ်နိုင်ငံလုံးရှိ အလုပ်သမားခြောက်ထောင်ခန့်ပါဝင်၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ အောင်မြေသာယာဘောလုံးကွင်း၌ မေလ ၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် အမျိုးသမီးကော်မတီအတွင်းရေးမှူး မခိုင်ဇာအောင်ကပြောကြားသည်။

"ဒီအခမ်းအနားက ဒုတိယအကြိမ်လုပ်တာပါ။ မနှစ်က ပထမအကြိမ်မှာ တစ်နိုင်ငံလုံးက အလုပ်သမားသုံးထောင်ကျော်တက်ရောက်တယ်။ ဒီနှစ်တော့ အနည်းဆုံးအလုပ်သမားခြောက်ထောင်လောက်တက်မယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO(ရန်ကုန်)ဆက်သွယ်ရေးအရာရှိနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(ITUC)မြန်မာရုံး ဒါရိုက်တာတို့လည်း တက်ရောက်မှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံရှိ အလုပ်သမားများအနေဖြင့် မေဒေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို သိရှိလာစေရန်၊ အထွေထွေအသိပညာ ဗဟုသုတများတိုးပွားလာစေရန်၊ တစ်နှစ်ပတ်လုံးပုံမှန်အလုပ်ပိတ်ရက်မရှိဘဲ အလုပ်လုပ်ကိုင်ခဲ့ရသော အလုပ်သမားများ စိတ်အပန်းပြေနိုင်စေရန်နှင့် စိတ်ဖိစီးမှုများလျော့ပါးသွားစေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❋**

မတူကွဲပြားမှုများကို တန်ဖိုးထားမြှင့်တင်မည့် မျိုးဆက်သစ်အာဆီယံလူငယ်များ

ရန်ကြီးအောင်

မလေးရှားနိုင်ငံသို့ရောက်ရှိခဲ့သော အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာဘားရက်အိုဘားမားသည် ဧပြီ ၂၇ ရက်တွင် ကွာလာလမ်ပူမြို့ရှိ မလေးရှားတက္ကသိုလ်၌ အရှေ့တောင်အာရှနိုင်ငံများမှ လူငယ်ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် သမ္မတ အိုဘားမားက ပထမဦးစွာ အမေရိကန်-အာဆီယံပေါင်းစည်းမှုမြှင့်တင်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍအရေးပါမှုကိုအလေးပေး၍ ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက်တက်ရောက်လာကြသည့် အာဆီယံလူငယ်များက သိလိုသည်များကိုမေးမြန်းပြီး သမ္မတအိုဘားမားက ပြန်လည်ဖြေကြားသည့်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ပထမဦးစွာ ကမ္ဘောဒီးယားနိုင်ငံမှ လူငယ်တစ်ဦးက အသက်(၂၀)အရွယ်တွင် အိုဘားမား၏အိပ်မက်၊ ယင်းအိပ်မက်ပြည့်ဝအောင်မြင်ခဲ့ခြင်းရှိ၊ မရှိမေးမြန်းခဲ့ရာ သမ္မတအိုဘားမားက လူမှုရေးနှင့်ပရဟိတလုပ်ငန်းများအပေါ် စတင်စိတ်ဝင်စားလာခဲ့ပုံမှ အစပြု၍ အစိုးရလုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် မြန်မာနိုင်ငံမှလူငယ်တစ်ဦးက မေးမြန်းခဲ့ရာ သမ္မတအိုဘားမားက ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ သမ္မတအိုဘားမား၏ ရှင်းလင်းပြောကြားသည့်အချက်အပေါ် မီဒီယာအချို့မှလိုရာဆွဲ၍ဖော်ပြနေသည်များရှိနေရာ အိမ်ဖြူတော်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အမေးအဖြေ အပြည့်အစုံအား ပြည်သူအများ သိရှိနိုင်စေရန် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

အစီအစဉ်တင်ဆက်သူ။ ကျေးဇူးတင်ပါတယ် သမ္မတကြီးရှင့်။ အခု လူမှုကွန်ရက်ကမေးထားတဲ့ မေးခွန်း တစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်အတွင်းမှာ ကျွန်မတို့လက်ခံရရှိခဲ့တဲ့ မေးခွန်းဖြစ်ပါတယ်။

သမ္မတအိုဘားမား။ ကောင်းပါပြီ။

မေးခွန်း။ ဒီမေးခွန်းက မြန်မာနိုင်ငံက ကျွန်မတို့ သူငယ်ချင်းတစ်ဦးက မေးမြန်းထားတာဖြစ်ပါတယ်။ သူမေးထားတာက "သမ္မတကြီးခင်ဗျား။ မတူကွဲပြားတဲ့ မျိုးနွယ်စုတွေ၊ မတူကွဲပြားတဲ့ ဘာသာစကားတွေ၊ ကွဲပြားခြားနားတဲ့ ဘာသာစကားတွေ၊ ကွဲပြားခြားနားတဲ့ ကိုးကွယ်ယုံကြည်မှုတွေနဲ့ ယဉ်ကျေးမှုတွေအစရှိတဲ့ မတူကွဲပြားမှုအမျိုးမျိုး အကြားမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ ဒါဟာ မြန်မာနိုင်ငံတင်မကဘဲ အာဆီယံဒေသကြီးတစ်ခုလုံးမှာဖြစ်ပါတယ်။ ဒီလိုပေါင်းစည်းနေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့နောင်လာနောက်သားမျိုးဆက်သစ်ခေါင်းဆောင်တွေအားလုံးကို သမ္မတကြီးကိုယ်တိုင်ဘယ်လိုစကား၊ ဘယ်လိုတိုက်တွန်းအားပေးမှု ပေးလိုပါသလဲခင်ဗျာ။

သမ္မတအိုဘားမား။ သိပ်ကောင်းတဲ့မေးခွန်းပါပဲ။ ကမ္ဘာကြီးတစ်ခုလုံးက ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ တင်းမာမှုတွေရဲ့ အဓိကဇာစ်မြစ်ကိုကြည့်လိုက်မယ်ဆိုရင် အရေးအကြီးဆုံးမဟုတ်တောင်မှ ဖြစ်တတ်တဲ့အကြောင်းအရင်းက သူတို့နဲ့မတူတဲ့သူတွေကို တစ်မျိုးတစ်ဖုံ ဆက်ဆံနေတာကြောင့်ဖြစ်တယ်ဆိုတာတွေ့ရပါလိမ့်မယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဆယ်စုနှစ်နဲ့ချီပြီး ဖိနှိပ်ခဲ့တဲ့အစိုးရကနေ အသွင်ကူးပြောင်းနေပြီ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့် အဆင့်မြင့် ဘော်ဒါ
(မူလတန်း-အလယ်တန်း-အထက်တန်း)

သဉ္ဇာသန်းနိုင် တည်ထောင်သည့်
"ပညာသင်ကြားစီမံမှု အစဉ်အလာကောင်းများ နောက်ကွယ်မှာ မကျန်ရစ်ပါစေနှင့်"
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်း နှင့် ဘော်ဒါ
၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် အတွက် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ကျောင်းအပ်လက်ခံပြီ
ကိုယ်ပိုင်အထက်တန်းကျောင်း PRIVATE SCHOOL
Hot Line: 01 249 649, 01 385 087, 09-250 31 2020, 06-519 7726

KMD
Computer & Mobile

"အချိန်နဲ့အမျှ ပြောင်းလဲနေသော ဈေးနှုန်းများအတိုင်း ရောင်းချပေးသွားပါမည်"

1st week SPECIAL SALES မေ(၁)ရက်နေ့မှ (၄)ရက်၊ ၂၀၁၄

i3 Notebook 3XX,XXX/-

Mobile, Notebook, Desktop, Tablet မျိုးစုံအတွက်
အထူးဈေးနှုန်း + CASH BACK + ဗလာမပါ ကံစမ်းမဲ + လက်ဆောင်များစွာ

56000 Tablet
Free Case + Earphone

ဆရာဦးမင်းသိန်း ၏
၁၃၇၆ ခုနှစ်အတွက် အိတ်ဆောင် မြန်မာ-ဗိုလ်ဟူးရာ့မဟာသင်္ကြန်စာ
နေ့ဖြူးပေဒင်

IELTS
Special Class

IELTS Intensive Program
General English
Academic English
Art & Design Portfolio Preparation Course

CROWN EDUCATION Learning Center
01 527 638 - 09 732 56 965

လွန်းထားထား
ရစ်ဖြစ်ဆက်သွယ်ချင်း

ရာဇဝင်ကို



ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များ အထူး
09 - 73005053
09 - 5122010

လုံမ
မိန်းကလေး
နှစ်ပင်လိမ်ပရောဖိုင်
အလှမ်းမျက်ခြေ

A.K Mobile
Ko Myo San
Daily Open 9:30 AM to 7:00 PM

A.K

Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei
Used All in one PC / Notebook / Netbook / UltarBook / Laptop
Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)

A.K

★ iPhone 5S, 5C, 5, 4S, 4, iPod 5, 4, iPad Air, 4, 3, 2, Mini,Mini 2 Wifi & Wifi+3G
★ Samsung S5, S4, S3, S2, Note 3 / 2 / 1, Grand, Mega & Neo Series
★ Samsung Tab 2/3 7.0,Tab 3 / Note 8.0, Tab 2/3 10.1, All Note 10.1 Series & Pro Series
★ Sony Xperia Z 2,Z 1, Z, Z Ultra, T2 Ultra, SP, V, C, L & Sony Tablet
★ HTC One Max, One, One M8, One X Plus , Butterfly , Desire 600 / 700
★ HUAWEI Ascend P6 ,P1 , Mate , G 730, G 700, 610, G6, C 8816, C 8815, C8813
★ Macbook Pro , Macbook Air , iMac , Mac Mini , Sony Vaio , Dell , HP, Asus
★ Lenovo, MSI, Acer, Toshiba, Samsung, Intel Core i3,i5,i7,B970,B960,B940 နှင့်
★ အခြားသော Model သစ်ပြီ Phone နှင့် Laptop များ

A.K **Software Service**

iPhone , Samsung , Sony , HTC , Huawei Phone များ Firmware Upgrade , Downgrade Jailbreak , Rooting , Hacking , Installation Application , Games, Ringtones, Wallpaper, Myanmar Font & Keyboard ,Create Apple ID iDevice နှင့် Android Device များအား User Lock & Network Lock များဖြည်ပေးခြင်းနှင့် အခြားသော Software ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။

☎ : 09-4500 39844, 09-25400 4420, 09 312 88077, 09-3100 8866
အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
အမှတ်စဉ် (၆) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ ဖောက်လှစ်မည့် Certificate သင်တန်းအမှတ်စဉ် (၆)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း စြေဆို၊ အောင်မြင် ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် အက်များ ကျမ္ဘာများမှ ...
၂။ သင်တန်းကာလ (၆)လ ကြာမြင့်ပြီး ၂၀၁၄ ခုနှစ် မေလ (၃)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် BBA ဘွဲ့အထိ ပညာသင်ဆု လျှောက်ထားနိုင်သည်။
အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (STI Education)

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

(၁၅၇)ဘဏ်ခွဲ ရန်ကုန်မြို့-ဇော်ဂျီကြီးကုန်းဘဏ်ခွဲ(၂)နှင့်

(၁၅၈)ဘဏ်ခွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) - သီပေါဘဏ်ခွဲ

တို့ကို ၃၀.၄.၂၀၁၄ (ဗုဒ္ဓဟူးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဇော်ဂျီကြီးကုန်းဘဏ်ခွဲ(၂)

အမှတ်(၁၄၀/C)၊ ရွှေဝါလမ်းနှင့် နီလာလမ်းကြား၊

အင်းစိန်မြို့နယ်၊ ဇော်ဂျီကြီးကုန်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - (၀၁) ၉၆၄၀၁၄၅/၄၆/၄၇/၅၂

ဖက်စ် - (၀၁) ၉၆၄၀၁၄၈/၄၉/၅၀

www.kbzbank.com

သီပေါဘဏ်ခွဲ

အမှတ်(၁၃၉)၊ သရဖီလမ်း၊ ပန်းတိမ်ရပ်ကွက်၊

သီပေါမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

ဖုန်း - (၀၈၂) ၈၀၇၁၅/၁၆/၁၇

ဖက်စ် - (၀၈၂) ၈၀၇၁၈/၁၉

www.kbzbank.com

ကံ့ကော်မြေ ပညာ့ရိပ်သာ ၇-၈-၉-၁၀ တန်း

၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ခေါ်ယူပါပြီ ကြိုဆိုပါသည်။ တက္ကသိုလ်ဝင်တန်း၊ ဂုဏ်ထူးတန်း သီးသန့်ရှိပါသည်။

မြန်မာစာ	- Dr. MMO	ဓာတုဗေဒ	- ကထိက ဦးခင်မောင်လတ်
အင်္ဂလိပ်စာ	- ဦးခင်မောင်သိန်း	ရူပဗေဒ	- Dr MMT၊ Dr HTD၊ ဦးဇော်မျိုးနိုင်
သင်္ချာ	- ဦးထက်အောင်	ဇီဝဗေဒ	- Dr USA ၊ ဘဘ Bio

မြေအမှတ်(၃၄)၊ အမှတ်(၃၈)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Ph : 09 73209322, 09 5195645, 01 537997

Get US Degree, Any Major, University of Your Choice

➤ (၁၀) တန်းအောင်ပြီးတာနဲ့ အမေရိကန်မှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်/ကောလိပ်တွေမှာ တိုက်ရိုက်တက်ခွင့် ရမယ်ဆိုရင် ဘာကြောင့်သင်တန်းတွေ၊ **Diploma Courses** တွေ၊ **Foundation Courses** တွေကို အချိန်ကုန်၊ ငွေကုန်ခံပြီး တက်နေမလဲ ?

➤ ကုန်ကျစရိတ် သက်သာစွာဖြင့် မိမိကြိုက်နှစ်သက်ရာ **Major** ကို ရွေးချယ်ကာ (၄) နှစ်အတွင်း **USA** ဘွဲ့ကို ရယူနိုင်မည်ဖြစ်သောကြောင့် ကောလိပ်ဝင်ခွင့်အတွက် **Counselor** နှင့် (အခမဲ့) လာရောက်ဆွေးနွေးလိုက်ပါ။

www.academictelesis.com

Call Us: 01- 527168 , 09- 255 901 718

No.73 (2nd Fl) Corner of Ma Po & Myaynigone Zay St, Sanchaung Ts.

Academic Telesis

CHAMPION SCHOOL

[illegible]

[illegible]

MIC

Myanmar Imperial College

နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ Diploma၊ Bachelor နှင့် MBA ရယူလိုသူများအတွက်

- Diploma in Business (HND)
- Diploma in Media & Marketing (HND)
- Bachelor of Business

STUDY UK-MBA in Myanmar

MBA

edexcel
Approved Centre No. 93629

အမှတ်(၆၂)(C) အင်းလျားလမ်း၊ ကမာရွတ်၊ ရန်ကုန်။ 0973210001 /537562

AUTRON နားကြားကိရိယာ

[illegible] (၅% မှ ၁၀%) [illegible]

အမှတ် [illegible]

ကုန်သည်စက်မှုအသင်းချုပ်နှင့်ထိုင်းနိုင်ငံ
University of Thai Chamber of Commerce(UTCC) တို့
ပူးပေါင်း၍ Global MBA off-shore Program (Batch-4)
ဖွင့်လှစ်မည်

[illegible] UMFCCI Training Insitute တွင် UMFCCI နှင့်ထိုင်းနိုင်ငံ၊ University of Thai Chamber of Commerce(UTCC) တို့ပူးပေါင်း၍ [illegible] "Global MBA Offshore Program (Batch-4)" ကို [illegible]

"Global MBA Offshore Program Batch-(1),(2),(3)" [illegible] Managing Directors, Directors များ [illegible] Global MBA Program [illegible] University of Thai Chamber of Commerce (UTCC) [illegible] UTCC [illegible] UMFCCI Training Institute [illegible]

ပိုင်ရှင်ကိုယ်တိုင်ရောင်း/ငှားမည်

ပေ(၃၀×၆၀) ၂ထပ်တိုက်လုံးချင်း၊ AC-3လုံး၊ Ph (အသင့်နေရုံ) ဘိုးဘွားအမည်ပေါက်၊ မြနန္ဒာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း။

ဖုန်း-၀၉-၄၂၁၀၁၆၈၆၀၊ ၀၉-၄၄၈၀၀၄၅၅၉

ရောင်းမည် (ပွဲစားမလို)

ဒဂုံဆိပ်ကမ်း(၁၅၁)၊ပေ(၄၀×၆၀)
ပါမစ်မြေ၊ ၇၅ သိန်း
ဒဂုံအရှေ့(၈)၊ ဂန္ဓမာလမ်း၊
ပေ (၂၀×၆၀)1BN ရေ၊ မီး သိန်း ၄၀၀
ရေကျော်၊ မဟာသုခလမ်း ပေ(၁၃×၅၅)၊
၅-လွှာ၊ H.T ၃၈၅ သိန်း
Ph-09-5134630,
09-31559755

မိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-250388594, 09-428016552,**
- **E-mail:kyonedoe@gmail.com**

100% အောင်ချက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်သော

Better Tomorrow

When You need to be Sure EPS-TOPIK

(ကိုရီးယားလုပ်ငန်းခွင်)သင်တန်းကျောင်း

- ♦ ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း
- ♦ ပညာအရည်အချင်း မလိုဘဲ လစာ(10)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားပေးသော EPS-TOPIKနှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- ♦ ဝါရင့်ဆရာများမှ စေတနာအပြည့်ဖြင့် စိတ်ရှည်စွာ အသေးစိတ်သင်ကြားပေးပါသည်။
- ♦ **နှစ်စဉ် လတိုင်း ပထမပတ်တွင် တန်းခွဲသစ်များ လက်ခံပါသည်။**
- ♦ **လူဦးရေကန့်သတ်ထားပါသည်။**

(License No:260120361)

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Ph:01-512804, 09-43029256

GOURMET (ယခင် AD လမ်း) ၏ မန္တလေးမုံ့တီစစ်စစ်ကို (1-5-2014) ရက်နေ့မှစ၍ Moon Bakery (မဟာမြိုင်ဆိုင်ခွဲ) ပြည်လမ်း၌ နံနက် (၆း၀၀) မှ နံနက် (၁၁း၀၀) အတွင်း သုံးဆောင်နိုင်ပါသည်။

Moon Bakery အမှတ် (၃၀၆)၊ ပြည်လမ်းနှင့်မြေနုလမ်းထောင့်၊ စမ်းချောင်းမြို့နယ်။ ☎ ၀၉-၄၂၀၈၃၉၆၄၊ ၀၁-၅၃၆၀၂၈

GOURMET မန္တလေးမုံ့တီ၊ အမှတ် (၁၉၀/က)၊ ပါရမီလမ်းမ၊ သုမင်္ဂလာလမ်းနှင့်သံသုမာလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉-၆၈၀၄၇၇၇၊ ၀၉-၂၀၀၆၇၇၇၊ ၀၉-၄၃၁၂၅၀၈၀၊ ၀၉-၃၃၃၁၄၀၇၈

ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကဓ-၁၃/၀၉/၀၂၈

ပညာမြင်းမိုရ် ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆင့်မြင့်ဘော်ဒါ

အလယ်တန်းများ မေလ (၅)ရက်မှစမည်။
ဥတန်း၊ ၁၀တန်း၊ တန်းခွဲသစ်များ မေလ (၅)ရက် စမည်။
၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။
❖ လက်ထောက်ကျောင်းအုပ် အလိုရှိသည်။ ❖

❖ ကျောင်းကြို/ပို့ရှိသည်။
❖ ကျောင်းကြီးတက်ရန်မလို၊ ကျူရှင်တက်ရန်မလို တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း။
❖ နေ့ဟာကီသင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းသားများ ဘစ်ကားဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။

Ph : 09-31233275, 01-562830, 09-73004720, 09-5001158

"ထွန်း" ကိုယ်ပိုင်အထက်တန်းကျောင်း

အမှတ် 29(B-1)၊ ခိုင်ရွှေဝါလမ်းတို (ရန်ကုန်အင်းစိန်လမ်းမ)၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Ph-01 503607, 01 504012, 095141139, 095202597

(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းထိ) ကျောင်းအပ်လက်ခံပြီ။

- **မူလတန်း** ကလေးငယ်များကို အခြေခံကောင်းအောင် စံချိန်စံညွှန်းမီအောင် သင်ကြားပေးသောကျောင်းဖြစ်သည်။ သင်ခန်းစာများအကုန် တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးသည်။
- ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ ခေတ်မီပညာရေးတို့ကို ပြည့်စုံစွာပြုစုပျိုးထောင်ပေးသောကျောင်းဖြစ်သည်။ English Four Skill သင်ကြားသည်။
- ကလေးငယ်များကို ကိုယ်၊စိတ်နှစ်ပါးလုံး ကျန်းမာချမ်းသာစေသော စာသင်ခန်းများဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းမွန်သောကျောင်းဖြစ်သည်။
